| ၁၂။ | သုစိမုခီသုတ် ... ... ... | ၆၇ |


www.thitsarparamisociety.com/

www.thitsarparami.org/



# ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (က) ခန္ဓဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | ၁-ခန္ဓ သံယုတ် | | | |
| ၁ | ၁-နကုလ ပိတုဝဂ် | ၁-နကုလပိတု သုတ် | ၁ | ဘဝပေါင်းများစွာ မြတ်စွာဘုရား၏ ဖခင်တော်စပ်ခဲ့ဖူးသူ နကုလပိတာအား ဟောတော်မူသည်။<br>" ကိုယ်ကာယသည် နာကျင်သည်၊ အရေပါးတို့ဖြင့် ဖုံးအုပ်ထား၏၊ အထိအခိုက် မခံသော ကြက်ဥ ငှက်ဥ ကဲ့သို့သာ ဖြစ်၏။"<br>တခဏမျှသော်လည်း အနာကင်းသည်ဟု ဝန်ခံသူသည် မိုက်သည့်အပြစ်မှတပါး အခြားမရှိပါ။<br>နာကျင်သောကိုယ်ရှိသူဖြစ်သော်လည်း ငါ၏စိတ်သည် နာကျင်မှု ကင်းသူဖြစ်ရမည်။ |
| ၂ | ။ | ၂-ဒေဝဒဟသုတ် | ၅ | မြတ်စွာဘုရားသည် "လိုချင်တပ်မက်မှု (ဆန္ဒရာဂ)ကို ပယ်ဖျောက်ခြင်းကို ဟောကြားတော်မူသည်"မှ အစပြု၍ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းအကျိုး၊ မပယ်ဖျောက်နိုင်သော အပြစ် စသည်တို့ကို ပြည့်စုံစွာ ပါရှိပါသည်။ |
| ၃ | ၄-နတုမှာ ကဝဂ် | ၁-နတုမှာကသုတ် | ၂၃ | "ခန္ဓာငါးပါးသည် မိမိ၏ဥစ္စာမဟုတ်သဖြင့် ချမ်းသာခြင်း အကျိုးငှာ ပယ်ကြကုန်လော့"ဟု မြက်ထင်းသစ်ခက်သစ်ရွက်ကို မီးရှို့သောဥပမာဖြင့် ဟောတော်မူသည်။ |
| ၄ | ၅-အတ္တ ဒီပဝဂ် | ၁-အတ္တဒီပ သုတ် | ၃၄ | မိမိကိုယ်ကိုသာ မှီခိုကြလျက် တရားကိုသာမှီခိုကြလျက်၊ တရားကိုသာ အားထားကြရန် ဟောတော်မူသည်။ |
| ၅ | ၆-၁-ဥပ ယဝဂ် | ၇-အနတ္တ လက္ခဏသုတ် | ၅၃ | တရားဦးဓမ္မစကြာတရားတော်ကို ဟောတော်မူသဖြင့် သောတာပန်တည်သော ပဥ္စဝဂ္ဂီ(၅)ပါးတို့ကို ဝါဆိုလပြည့်ကျော်(၅)ရက်နေ့တွင် ဟောတော်မူသည်။<br>" အကြားအမြင်ရှိသော အရိယာတပည့်သည် ခန္ဓာငါးပါးကို ငြီးငွေ့၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (က) ခန္ဓဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | - ငြီးငွေ့သော် စွဲမက်မှုကင်း၏။<br>- စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။<br>- လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏"စသည်ဖြင့် ဟောကြားတော်မူသောတရားတော်ကြောင့် ပဉ္စဝဂ္ဂီရဟန်းတို့၏စိတ်တို့သည်မစွဲလမ်းတော့သည်ဖြစ်၍ အာသဝေါတို့မှ လွတ်မြောက်ကုန်၏။ |
| ၆ | ၈-၃-<br>ခဇ္ဇနီယဝဂ် | ၄-အရဟန္တသုတ် | ၆၅ | " ရဟန္တာတို့သည် လောက၌အမြတ်ဆုံး၊ အချီးမွမ်းထိုက်ဆုံးဖြစ်၏ဟု မြတ်စွာဘုရားမိန့်တော်မူပြီး၊<br>မြတ်စွာဘုရားသည် လောက၌ အတုမရှိဟု ရဟန္တာတို့သည် ရဲရင့်သောစကားကို ကြုံးဝါးကုန်၏" ဟု ရဟန္တာတို့၏အကြောင်းကို မြတ်စွာဘုရား ပြည့်စုံစွာဟောကြားတော်မူသည်။ |
| ၇ | ၉-၄-<br>ထေရဝဂ် | ၁-အာနန္ဒသုတ် | ၈၁ | အရှင်အာနန္ဒာ သောတာပန်တည်သောတရား ဖြစ်ပါသည်။ အရှင်သာရိပုတ္တရာ မေး၍ ဝိသုဒ္ဓိတရား (၇)ပါး၊ ရထား (၇)စင်း ဉပမာဖြင့် ဖြေဆိုသောတရားဟောအရာ၌ တေဒဂ်ရရှိသူအရှင်ပုဏ္ဏက ဤသုတ်တွင်ဖော်ပြသောတရားကိုဟောသဖြင့် အရှင်အာနန္ဒာသောတာပန်တည်ပါသည်။ |
| ၈ | ။ | ၇-ခေမကသုတ် | ၉၈ | တရားဟောသူ အနာဂါမ်ပုဂ္ဂိုလ် အရှင်ခေမက နှင့် တရားနာသူမထေရ် (၆၀)တို့အားလုံး ရဟန္တာဖြစ်ကြသော တရားအမေးအဖြေ တရားတော်ဖြစ်ပါသည်။ |
| ၉ | ၁၀-၅-<br>ပုပ္ဖဝဂ် | ၂-ပုပ္ဖသုတ် | ၁၀၅ | မြတ်စွာဘုရားသည် လောကနှင့်မငြင်းခုံ၊ လောကကသာ မြတ်စွာဘုရားအား ငြင်းခုံကြောင်း ပြည့်စုံစွာ ရှင်းလင်းထားသော တရားတော်ဖြစ်သည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (က) ခန္ဓဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၀ | ॥ | ၉-ဝါသိဇဋသုတ် | ၁၁၅ | အာသဝေါတို့မှလွတ်မြောက်ရန် ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို ပွားများရန် တိုက်တွန်းတော်မူသောတရား ဖြစ်ပါသည်။<br>ကြက်ဥမှ အကောင်ပေါက်ရန် ကြက်မသည် အကယ်၍ မဝပ်၊အငွေ့မပေး၊ကြက်နံ့ကိုမထုံစေသော် အကောင်မပေါက် လာနိုင်သည့် ဥပမာဖြင့် ဟောတော်မူသည်။ |
| ၁၁ | ၁၂-၂-ဓမ္မကထိကဝဂ် | ၁၀-သီလဝန္တသုတ် | ၁၂၇ | အရှင်မဟာကောဋ္ဌိက မေး၍ အရှင်သာရိပုတ္တရာ ဖြေတော် မူသောတရားတော်ဖြစ်ပါသည်။<br>"သီလရှိသောရဟန်းသည် ခန္ဓာငါးပါးတို့ကို (၁၁)မျိုး သော အခြင်းအရာဖြင့် နှလုံးသွင်းအပ်ကုန်၏"<br>ထိုသို့နှလုံးသွင်းသော် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုနိုင်၏။<br>သောတာပန်ပုဂ္ဂိုလ်မှသည် သကဒါဂါမ်၊ သကဒါဂါမ်မှ သည် အနာဂါမ်၊ အနာဂါမ်မှသည်ရဟန္တာဖြစ်သည့်တိုင်အောင် အထက်ပါအတိုင်းပင် ဆက်လက်နှလုံးသွင်းအပ်ကြောင်း ပြည့်စုံစွာ ပါရှိပါသည်။ |
| ၁၂ | ၇-သာရိပုတ္တသံယုတ် | ၁၀-သုစိမုခီသုတ် | ၁၉၀ | အရှင်သာရိပုတ္တရာအား သုစိမုခီပရိဗိုဇ်မ မေးသဖြင့် မြတ်စွာဘုရား၏ သာသနာ၌ရဟန်းတော်များ တရားနှင့် လျော်စွာ အစာကို စားသောက်ကြပုံကို ဟောတော်မူသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/

# သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်
# (မြန်မာပြန်)



www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | | | | စာမျက်နှာ |
|---|---|---|---|---|---|
| ၁။ | အာဒိတ္တသုတ် | ... | ... | ... | ၃၃ |
| ၂။ | ပုဏ္ဏသုတ် | ... | ... | ... | ၃၃ |
| ၃။ | မာလုကျပုတ္တသုတ် | ... | ... | ... | ၃၃ |
| ၄။ | ကောဋ္ဌိကအနိစ္စသုတ် | ... | ... | ... | ၃၄ |
| ၅။ | အာသီဝိသောပမသုတ် | ... | ... | ... | ၃၄ |
| ၆။ | ပဌမဒါရုက္ခန္ဓောပမသုတ် | ... | ... | ... | ၃၅ |
| ၇။ | ကိံသုကောပမသုတ် | ... | ... | ... | ၃၅ |
| ၈။ | သလ္လသုတ် | ... | ... | ... | ၃၅ |
| ၉။ | ကိမတ္တိလသုတ် | ... | ... | ... | ၃၅ |
| ၁၀။ | ဒုက္ကရသုတ် | ... | ... | ... | ၃၅ |
| ၁၁။ | သံယောဇနသုတ် | ... | ... | ... | ၃၆ |
| ၁၂။ | ပဌမကာမဘူသုတ် | ... | ... | ... | ၃၆ |
| ၁၃။ | ဂေါဒတ္တသုတ် | ... | ... | ... | ၃၆ |
| ၁၄။ | စက္ခုသုတ် | ... | ... | ... | ၃၇ |
| ၁၅။ | ဘဒြကသုတ် | ... | ... | ... | ၃၇ |
| ၁၆။ | အသန်တသုတ် | ... | ... | ... | ၃၇ |
| ၁၇။ | ခေမာသုတ် | ... | ... | ... | ၃၇ |


www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (ခ) သဠာယတနဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁ | ၁-သဠာယတနသံယုတ်<br>၃-သဗ္ဗဝဂ် | ၆-အာဒိတ္တသုတ် | ၂၄၂ | မြတ်ဗုဒ္ဓ၏ပထမဝါဆိုပြီးနောက် တန်ဆောင်မုန်းလခန့်တွင် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ရသေ့ညီနောင်နှင့် တပည့်(၁၀၀၀)တို့ ရဟန်းအဖြစ်ခံယူပြီး ရာဇဂြိုလ်ပြည်သို့ ကြွတော်မူသောလမ်းခရီးရှိ ဂယာသီလအရပ်၌ ဟောကြားတော်မူသည်။<br>ရာဂ၊ ဒေါသ၊ မောဟ အစရှိသော (၁၁)မျိုးနှင့် စက္ခုအစရှိသော အာယတန(၆)ပါးတို့နှင့် စပ်လျဉ်းသည့်လောင်စာ(၃၀)တရားတော်ကိုဟောတော်မူရာ ရဟန်း(၁၀၀၀)တို့သည် စကားပြေသက်သက်ဒေသနာတော်ကို ဟောဆဲကာလမှာပင် အာသဝေါတရားကုန်ခမ်း၍ ရဟန္တာဖြစ်တော်မူကြသည်။ |
| ၂ | ၉-၄-ဆန္နဝဂ် | ၅-ပုဏ္ဏသုတ် | ၂၇၇ | မြတ်စွာဘုရားအား အကျဉ်းအားဖြင့် တရားကိုဟောတော်မူရန်တောင်းပန်သော အရှင်ပုဏ္ဏအား ဟောတော်မူသည်။<br>"နှစ်သက်မှုတဏှာဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်၏"<br>"နှစ်သက်မှုတဏှာချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲချုပ်ငြိမ်း၏"<br>ဤသုတ်တော်တွင် အရှင်ပုဏ္ဏသည် သုနာပရန္တတိုင်းသို့ ရောက်လျှင် မည်သို့ မည်ပုံ သည်းခံပြီး တရားကျင့်ကြံမည်ဖြစ်ကြောင်း အသေးစိတ်ပါရှိပြီး အရှင်ပုဏ္ဏသည် ထိုတိုင်းသို့ ရောက်သော ဝါတွင်း၌ပင်လျှင် ရဟန္တာဖြစ်တော်မူသည်။ |
| ၃ | ၁၀-၅-သဠဝဂ် | ၂-မာလုကျပုတ္တသုတ် | ၂၈၆ | အိုမင်းရင့်ရော်သည့်အရွယ်လွန်သည့် နောက်ဆုံးအရွယ်သို့ ရောက်နေပြီးဖြစ်သော အရှင်မာလုကျပုတ္တအား မြတ်ဗုဒ္ဓဟောတော်မူသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (ခ) သဠာယတနဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | "မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ တွေ့ထိလျှင် တွေ့ထိကာမျှ၊ သိလျှင် သိကာမျှ ဖြစ်ခဲ့သော် စွဲမက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်း မဖြစ်ပါ။ "<br>"အကြင်အခါ သင်သည်အာရုံခြောက်ပါးတို့၌ မတည်သဖြင့် ဤဘဝလည်း မဖြစ်၊ တမလွန်ဘဝလည်း မဖြစ်၊ မဖြစ်မှုသည်ပင် ဆင်းရဲ၏အဆုံး (နိဗ္ဗာန်)"မည်၏ဟု မိန့်တော်မူသည်။<br>မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း ကျင့်ကြံသဖြင့် အရှင်မာလုကျပုတ္တသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်လေ၏။ |
| ၄ | ၁၆-၁-နန္ဒိက္ခယဝဂ် | ၇-ကောဋ္ဌိကအနိစ္စသုတ် | ၃၅၁ | မြတ်ဗုဒ္ဓအား တရားတောင်းသော အရှင်မဟာကောဋ္ဌိကအား ဟောတော်မူသည်။<br>" အကြင်တရားသည် မမြဲ၊ ထိုတရား၌ သင်သည် လိုချင်မှု 'ဆန္ဒ'ကို ပယ်ရမည်။<br>ဒုက္ခသုတ်၊ အနတ္တသုတ်တို့ကိုလည်း မြတ်ဗုဒ္ဓဆက်လက်ဟောကြားသည်" ဟောတော်မူသည့်အတိုင်း ကျင့်ကြံသော အရှင်မဟာကောဋ္ဌိကသည် ပဋိသမ္ဘိဒါအရာတွင် ဧတဒဂ်ရရှိသောရဟန္တာဖြစ်တော်မူသည်။ |
| ၅ | ၁၉-၄-အာသီဝိသဝဂ် | ၁-အာသီဝိသောပမသုတ် | ၃၃၃ | ခါတ်ကြီးလေပါးကို မြွေဆိုးကြီးလေးကောင်၊ ခန္ဓာငါးပါးကို လူသတ်သမားငါးဦး စသည် ဖြင့် ဥပမာပြု၍ရှိရာအရပ်မှ တဖက်ကမ်းသို့ အန္တရာယ်တို့မှ လွတ်ကင်းရန် ပြေးရသည့် အဖြစ်အပျက်ကို မြတ်ဗုဒ္ဓ ပြည့်စုံစွာ ဟောတော်မူသည်။<br>" ကူးမြောက်ပြီးသည်ဖြစ်၍ တဖက်ကမ်းသို့ ရောက်သော ကြည်းကုန်းထက်၌ တည်သောသူမြတ်"သည်ကား ရဟန္တာ၏ အမည်ပေတည်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (ခ) သဠာယတနဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆ | ၁၉-၄-အာသီဝိသဝဂ် | ၄-ပဌမဒါရုက္ခန္ဓောပမသုတ် | ၃၈၂ | နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ် (၈)မျိုးကို သမုဒ္ဒရာသို့ တိုင်ရောက်ရှိနိုင်သောသစ်တုံး ဥပမာဖြင့် မြတ်ဗုဒ္ဓ ဟောတော်မူသည်။<br>ဤမှာဖက်ကမ်း၊ ထိုမှာဖက်ကမ်း၊ အလယ်၌ မမြုပ်၊ ကြည်းကုန်း၌ မတင်၊ လူမဆယ်၊ နတ်မဆယ်၊ ဝဲမစုပ်၊ မဆွေးမပုပ်စသည့် ဥပမာများနှင့်ယှဉ်၍ ကျင့်ကြံရမည့် ကျင့်စဉ်များပြည့်စုံစွာပါရှိပါသည်။ |
| ၇ | ၁၉-၄-အာသီဝိသဝဂ် | ၈-ကိံသုကောပမသုတ် | ၃၉၀ | တရားအားထုတ်သောရဟန်း (၄)ပါးတို့ ရရှိသောအမြင်သန့်ရှင်းမှု (၄)မျိုးအနက်တစ်မျိုးမျိုးဖြင့် အမြင်သန့်ရှင်းမှု ရရှိနိုင်ကြောင်း မြတ်ဗုဒ္ဓသည် မေးလျှောက်လာသော အခြားရဟန်းတစ်ပါးအား ပေါက်ပင်ဥပမာဖြင့် ဟောတော်မူသည်။ |
| ၈ | ၂-ဝေဒနာသံယုတ် ၁-သဂါထာဝဂ် | ၆-သလ္လသုတ် | ၄၀၄ | ပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် စိုးရိမ်ပင်ပန်း ငိုကြွေးရ၏။ ရင်ထုလျက် မြည်တမ်းရ၏။ ကိုယ်၌လည်းကောင်း၊ စိတ်၌လည်းကောင်း (၂)မျိုးသော ဝေဒနာတို့ကို ခံစားရ၏။<br>အရိယာသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော်လည်း မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ထုလျက် မမြည်တမ်း၊ ထိုသူသည် ကိုယ်၌ဖြစ်သောဝေဒနာကိုသာ ခံစားရ၏။ စိတ်၌ဖြစ်သောဝေဒနာကို မခံစားရ။ |
| ၉ | ၄-ဇမ္ဗုခါဒကသံယုတ် | ၃-ကိမတ္ထိယသုတ် | ၄၄၄ | မြတ်စွာဘုရားထံ၌ ဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်း အကျိုးငှာ အကျင့်မြတ်ကို ကျင့်သုံးကြောင်း အရှင်သာရိပုတ္တရာ ပြောကြားသောတရားတော်ဖြစ်ပါသည်။ |
| ၁၀ | ၅-သာမဏ္ဍကသံယုတ် | ၁၆-ဒုက္ကရသုတ် | ၄၅၀ | ရှင်ရဟန်းအဖြစ် ပြုနိုင်ခဲ၏။ ရဟန်းအဖြစ်၌ မွေ့လျော်ခြင်းကို ပြုနိုင်ခဲ၏။ တရားအားလျော်စွာကျင့်ခြင်းကို ပြုနိုင်ခဲ၏။ သို့သော် တရားအားလျော်စွာ ကျင့်သောရဟန်းသည် မကြာမီပင် ရဟန္တာဖြစ်နိုင်ရာ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

### (ခ) သဠာယတနဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၁ | ၇-စိတ္တသံယုတ် | ၁-သံယောဇနသုတ် | ၄၆၉ | ရဟန်းများအကြား ဆွေးနွေး၍ အဖြေမပေါ်သော "သံယောဇဉ်ဟူ၍၄င်း၊ သံယောဇနီယဟူ၍၄င်း" တရားတို့၏ ဥပမာကို ဥပါသကာတွင် ပညာအရာ၌ထူးချွန်သည့် ဧတဒဂ်ရရှိသူစိတ္တသူကြွယ် ဖြေရှင်းသော တရားတော်ဖြစ်ပါသည်။ "မျက်စိသည် ရူပါရုံ၏အနှောင်အဖွဲ့မဟုတ်၊ ရူပါရုံသည် မျက်စိ၏အနှောင်အဖွဲ့ မဟုတ်၊ မျက်စိနှင့် ရူပါရုံ(၂)ပါးတို့ကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု'ဆန္ဒရာဂ'သည်သာ ထို(၂)ပါးတို့၏အနှောင်အဖွဲ့တည်။" စသည်ဖြင့် အာယတန(၆)ပါးတို့ကို စုံလင်စွာဖြင့် ဖြေရှင်းထားသောတရားတော်ဖြစ်ပါသည်။ |
| ၁၂ | ၇-စိတ္တသံယုတ် | ၅-ပဌမကာမဘူသုတ် | ၄၇၅ | တခါက မြတ်စွာဘုရားသည် ရဟန္တာအရှင်သူမြတ် လကုဏ္ဍကဘဒ္ဒိယကို အောက်ပါအတိုင်း ချီးမွမ်းပါသည်- "အပြစ်ကင်းသောအစိတ်အပိုင်းရှိသော ဖြူသော အမိုးရှိသော တစ်ခုသော အကန့်ရှိသောရထားသည် လည်၏။ ဆင်းရဲခြင်းကင်းလျက် အယဉ်ကို ဖြတ်ပြီးလျှင် အနှောင်အဖွဲ့မရှိမူ၍ လာနေသူကို ရှုလော့ " ထိုဂါထာ၏အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ရှင်းပြရန် အရှင်ကာမဘူသည် စိတ္တသူကြွယ်အား ပြောကြားပါသည်။ မြတ်စွာဘုရား ချီးမွမ်းစဉ်က စိတ္တသူကြွယ်မရှိခဲ့ပါ။ သို့သော် စိတ္တသူကြွယ်သည် အကျယ်အားဖြင့် ရှင်းပြနိုင်ခဲ့ပါသည်။ |
| ၁၃ | ၇-စိတ္တသံယုတ် | ၇-ဂေါဒတ္တသုတ် | ၄၇၉ | အပ္ပမာဏ၊ အာကိဉ္စညာ၊ သုညတနှင့် အနိမိတ္တမည်သော စိတ်၏လွတ်မြောက်မှု (၄)မျိုးအကြောင်းကို အရှင်ဂေါဒတ္တ မေး၍ စိတ္တသူကြွယ် ပြည့်စုံစွာဖြေကြားထားသောတရားတော် ဖြစ်ပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (ခ) သဠာယတနဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၄ | ၈-ဂါမဏိ သံယုတ် | ၁-စဏ္ဍသုတ် | ၄၈၇ | ရာဂ၊ ဒေါသ၊ မောဟ မပယ်သူကို ကြမ်းတမ်းသူ၊ပယ်သူကို သိမ်မွေ့သူဟု မြတ်ဗုဒ္ဓ ဟောတော်မူသည်။ |
| ၁၅ | ။ | ၁၁-ဘဒြကသုတ် | ၅၀၃ | ဆင်းရဲဟူသမျှအားလုံးသည် လိုချင်မှု'ဆန္ဒ'အရင်းခံ ရှိ၏။ လိုချင်မှု 'ဆန္ဒ'သည် ဆင်းရဲ၏ အရင်းခံတည်း။ |
| ၁၆ | ၉-အသင်္ခတ သံယုတ် ၂-ဒုတိယ ဝဂ် | ၁-အသင်္ခတသုတ် | ၅၃၀ | မပြုပြင်အပ်သော 'အသင်္ခတ'တရားဆိုသည်မှာ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ နိဗ္ဗာန်ပင်ဖြစ်သည်။ နိဗ္ဗာန်သို့ရောက်ကြောင်း 'အသင်္ခတ'တရားသို့ ရောက်ကြောင်း (၄၅)မျိုးဖြင့် မြတ်ဗုဒ္ဓဆုံးမဟောကြားတော်မူသော တရားတော်ဖြစ်သည်။ |
| ၁၇ | ၁၀-အဗျာ ကတသံယုတ် | ၁-ခေမာသုတ် | ၅၃၇ | တောရဏအရပ်၌ ကောသလမင်းအား ဘိက္ခုနီတို့တွင် ပညာအရာ၌ ဧတဒဂ်ရရှိသော ခေမာထေရီ ဟောကြားတော်မူသည်။<br>သတ္တဝါတို့နှင့် စပ်လျဉ်း၍ ကောသလမင်း မေးမြန်းလျှောက်ထားချက်အပေါ် အောက်ပါအတိုင်း ခေမာထေရီ ရှင်းလင်းထားပါသည် -<br>" သတ္တဝါဟု ပညတ်နိုင်သောရုပ်ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ ရုပ်ဟူသော ခေါ်ဝေါ်ခြင်းမှ လွတ်တော်မူသောမြတ်စွာဘုရား(၏ဉာဏ်တော်)သည် မဟာသမုဒ္ဒရာကဲ့သို့နက်၏၊ မနှိုင်းယှဉ်အပ်။ "<br>စသဖြင့် ခန္ဓာငါးပါးစလုံးအပေါ် ရှင်းလင်းဟောကြားထားသော တရားတော်ဖြစ်သည်။<br>အခါတပါး၌ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ကောသလမင်းသည် ခေမာထေရီအား မေးမြန်းသည့်အတိုင်း မေးမြန်းလျှောက်ထားသဖြင့် မြတ်စွာဘုရား ပြန်လည်ဖြေ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၈။ ခန္ဓဝဂ္ဂ နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်

## (ခ) သဠာယတနဝဂ္ဂသံယုတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ကြားဟောတော်မူသည်။<br>မြန်လည်ဖြေကြားတော်မူသောတရားများတူညီနေသဖြင့် ကောသလမင်းက မြတ်စွာဘုရားအား ဤသို့လျှောက်ထားပါသည်-<br>"အခါတပါး၌ ခေမာထေရီအား ဤအကြောင်းကိုမေးဘူးပါသည်။ ထိုအရှင်မသည် မြတ်စွာဘုရားဖြေကြားသကဲ့သို့ပင် ဖြေကြားပါ၏။ အံ့သြဖွယ်၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏။<br>မြတ်စွာဘုရားနှင့် တပည့်မ၏တရားဟောရာ၌ အနက်ချင်း သဒ္ဒါချင်းတို့သည် တထပ်တည်းကျ ညီညွတ်လှပါ ၏။ မဆန့်ကျင်ပါ။ |



www.thitsarparamisociety.com/

www.thitsarparami.org/

# မဟာဝဂ္ဂသံယုတ် ပါဠိတော်
# (မြန်မာပြန်)



www.thitsarparamisociety.com/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိဘင်္ဂသုတ် | ၈၃ |
| ၂။ | ကာယသုတ် | ၈၃ |
| ၃။ | သီလသုတ် | ၈၃ |
| ၄။ | စုန္ဒသုတ် | ၈၃ |
| ၅။ | ဥက္ကစေလသုတ် | ၈၃ |
| ၆။ | ပါတိမောက္ခသံဝရသုတ် | ၈၃ |
| ၇။ | ပဌမ/ဒုတိယဝိဘင်္ဂသုတ် | ၈၃ |
| ၈။ | ပဌမသံခိတ္တသုတ် | ၈၄ |
| ၉။ | သမ္ပန္နသုတ် | ၈၄ |
| ၁၀။ | သာကေတသုတ် | ၈၄ |
| ၁၁။ | အပဏသုတ် | ၈၄ |
| ၁၂။ | စေတိယသုတ် | ၈၄ |
| ၁၃။ | ဆန္ဒသမာဓိသုတ် | ၈၄ |
| ၁၄။ | ဧကဓမ္မသုတ် | ၈၄ |
| ၁၅။ | ပဒီပေါပမသုတ် | ၈၄ |
| ၁၆။ | ပဌမအာနန္ဒသုတ် | ၈၄ |
| ၁၇။ | ဖြဟ္မစရိယယောဂဓသုတ် | ၈၅ |
| ၁၈။ | ဒီဃာဝုဥပါသကသုတ် | ၈၅ |
| ၁၉။ | ပဌမဂိဉ္ဇကာဝသထသုတ် | ၈၅ |
| ၂၀။ | ပဌမအနာထပိဏ္ဍိကသုတ် | ၈၅ |
| ၂၁။ | အင်္ဂသုတ် | ၈၅ |
| ၂၂။ | တိရစ္ဆာနကထာသုတ် | ၈၅ |
| ၂၃။ | ဓမ္မစက္ကပဝတ္တနသုတ် | ၈၅ |
| ၂၄။ | အဝိဇ္ဇာသုတ် | ၈၅ |
| ၂၅။ | ဝိဇ္ဇာသုတ် | ၈၆ |
| ၂၆။ | မဟာပရိဠာဟသုတ် | ၈၆ |
| ၂၇။ | ပဌမသိနေရုပဗ္ဗတရာဇသုတ် | ၈၆ |

www.thitsarparami.org/



## ၉။ သံယုတ္တနိကာယ်ဝင် မဟာဝဂ္ဂသံယုတ် ပါဠိတော်

| စဉ် | ဝင် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁ | မဂ္ဂသံယုတ် အဝိဇ္ဇာဝဂ် | ၈-ဝိဘင်္ဂသုတ် | ၈ | အင်္ဂါရှစ်ပါးရှိသောအရိယမဂ် (မဂ္ဂင်ရှစ်ပါး)ကို ဝေဖန်ခွဲခြားဟောကြားတော်မူခြင်း။ |
| ၂ | ဗောဇ္ဈင်္ဂသံယုတ် ၁-ပဗ္ဗတဝဂ် | ၂-ကာယသုတ် | ၆၂ | နီဝရဏတရားတို့ဖြစ်ကြောင်း တည်ရာနှင့် ဗောဇ္ဈင်(၇)ပါးတို့ ဖြစ်ကြောင်း တည်ရာတို့ကိုဟောတော်မူခြင်း။ |
| ၃ | ။ | ၃-သီလသုတ် | ၆၅ | ဗောဇ္ဈင်(၇)ပါးတို့ ပြည့်စုံခြင်းကြောင့် ရရှိသောအကျိုး(၇)ပါး |
| ၄ | သတိပဋ္ဌာနသံယုတ် ၂-နာလန္ဒဝဂ် | ၃-စုန္ဒသုတ် | ၁၄၅ | အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံသဖြင့် သောတာပန် အရှင်အာနန္ဒာသည် တပည့်တော်အားတရားတို့ မထင်ကြကုန်ဟု လျှောက်ထားချက်အရ မြတ်ဗုဒ္ဓက တရားတော်ကိုသာ မှီခိုအားကိုးကာနေကြကုန်လော့ဟု မိန့်တော်မူသည်။ |
| ၅ | ။ | ၄-ဥက္ကစေလသုတ် | ၁၄၆ | အဂ္ဂသာဝက (၂)ပါး ပရိနိဗ္ဗာန်စံပြီးနောက် မြတ်ဗုဒ္ဓက တရားတော်ကိုမှီခိုအားကိုးရန် ဟောတော်မူသည်။ |
| ၆ | ၅-အမတဝဂ် | ၆-ပါတိမောက္ခသံဝရသုတ် | ၁၆၉ | မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောတော်မူသောတရား။ (ကုသိုလ်တရားတို့၏အစဖြစ်သော ပါတိမောက္ခသံဝရသီလကို စောင့်စည်းရန်။) |
| ၇ | ဣန္ဒြိယသံယုတ် ၁-သုဒ္ဓိကဝဂ် | ၉/၁၀-ပဌမ/ဒုတိယဝိဘင်္ဂသုတ် | ၁၇၇ | ဣန္ဒြေငါးပါးကို အသေးစိတ်ဝေဖန် ခွဲခြားဟောကြားတော်မူခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၉။ သံယုတ္တနိကာယ်ဝင် မဟာဝဂ္ဂသံယုတ် ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၈ | ၂-မုဒုတရဝဂ် | ၂-ပဌမသံခိတ္တသုတ် | ၁၈၁ | ဣန္ဒြေငါးပါး ပြီးစီးပြည့်စုံခြင်းကြောင့် ရရှိအပ်သောအကျိုးများ။ |
| ၉ | မုဒုတရဝဂ် | ၉-သမ္ပန္နသုတ် | ၁၈၄ | ဣန္ဒြေတို့နှင့်ပြည့်စုံသူဖြစ်ရန် ပွားများရမည့်တရားများ။ |
| ၁၀ | ၅ ဇရာဝဂ် | ၃-သာကေတ သုတ် | ၁၉၈ | ဣန္ဒြေငါးပါးနှင့် ဗိုလ်ငါးပါးတို့ ပြည့်စုံရန် အကြောင်းပရိယာယ်များ။ |
| ၁၁ | ။ | ၁၀-အပဏသုတ် | ၂၀၃ | သဒ္ဓါရှိသောအရိယာတပည့်သည် ပညာဖြင့်လည်း ထိုးထွင်း၍မြင်ရ၏။ |
| ၁၂ | ဣဒ္ဓိပါဒသံယုတ် ၁-စာပါလဝဂ် | ၁၀-စေတိယ သုတ် | ၂၂၉ | ဣဒ္ဓိပါဒ်တရား (၄)ပါးတို့ကို ပွားများထားပြီးဖြစ်သော မြတ်ဗုဒ္ဓသည် အလိုရှိခဲ့သော် အာယုကာလပတ်လုံးဖြစ်စေ လွန်၍ဖြစ်စေ တည်နိုင်ရာ၏။ |
| ၁၃ | ၂-ပါသာဒကမ္ပနဝဂ် | ၃-ဆန္ဒသမာဓိသုတ် | ၂၃၃ | သမာဓိအားထုတ်မှုတို့နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်များအကြောင်း။ |
| ၁၄ | အာနာပါနသံယုတ် ၁-ဧကဓမ္မဝဂ် | ၁-ဧကဓမ္မသုတ် | ၂၃၃ | အာနာပါနရှုမှတ်ပုံအသေးစိတ် |
| ၁၅ | ။ | ၈-ပဒီပေါပမ သုတ် | ၂၃၈ | မြတ်ဗုဒ္ဓကိုယ်တော်တိုင် အာနပါနသတိနှင့်ယှဉ်သော သမာဓိကို ပွားများခဲ့ပုံကို ဖော်ပြထားပါသည်။ |
| ၁၆ | ၂-ဒုတိယဝဂ် | ၃-ပဌမအာနန္ဒသုတ် | ၂၈၈ | အာနာပါနပွားများခြင်းကြောင့် သတိပဋ္ဌာန် (၄)ပါး၊ ဗောဇ္ဈင် (၇)ပါးနှင့် ဝိဇ္ဇာနှင့် ဝိမုတ္တိတို့ပြည့်စုံကြကုန်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၉။ သံယုတ္တနိကာယ်ဝင် မဟာဝဂ္ဂသံယုတ် ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၇ | သောတာပတ္တိသံယုတ်<br>၁-ဝေဠုဒွါရဝဂ် | ၂-ဗြဟ္မစရိယောဂဓသုတ် | ၃၀၀ | သောတာပန်ဖြစ်ကြောင်း တရား လေးမျိုး |
| ၁၈ | ။ | ၃-ဒီဃာဝုဥပါသကသုတ် | ၃၀၁ | အနာဂါမ်ဖြစ်ကြောင်း တရား ခြောက်ပါး |
| ၁၉ | ။ | ၈-ပဌမဂိဉ္ဇကာဝသထသုတ် | ၃၀၂ | သောတာပန်ဖြစ်ကြောင်း တရားကြေးမုံ |
| ၂၀ | ၃-သရဏာနိဝဂ် | ၆-ပဌမအနာထပိဏ္ဍိကသုတ် | ၃၃၅ | သောတာပန်အင်္ဂါလေးပါးတို့ကို အခြင်းအရာ (၁၀)ပါးဖြင့် ဝေဖန်ခြင်း။ |
| ၂၁ | ၅-သဂါထကပုညာဘိသန္ဒဝဂ် | ၁၀-အင်္ဂသုတ် | ၃၅၉ | သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး |
| ၂၂ | သစ္စသံယုတ်<br>၁-သမာဓိဝဂ် | ၁၀-တိရစ္ဆာနကထာသုတ် | ၃၇၃ | မပြောကြားထိုက်သော များပြားသော ဗိလာစကားများ |
| ၂၃ | ၂-ဓမ္မစက္ကပ္ပဝတ္တနဝဂ် | ၁-ဓမ္မစက္ကပဝတ္တနသုတ် | ၃၇၃ | ဓမ္မစကြာတရားတော် |
| ၂၄ | ။ | ၇-အဝိဇ္ဇာသုတ် | ၃၈၂ | အမှန်မသိမှု အဝိဇ္ဇာကို ရှင်းပြထားပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၉။ သံယုတ္တနိကာယ်ဝင် မဟာဝဂ္ဂသံယုတ် ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၅ | ။ | ၈-ဝိဇ္ဇာသုတ် | ၃၈၃ | ထိုးထွင်း၍ သိမှု ဝိဇ္ဇာကို ရှင်းပြထားပါသည်။ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကိုသိခြင်းသည်ပင်လျှင် ထိုးထွင်း၍သိမှု (ဝိဇ္ဇာ)သို့ ရောက်သူဖြစ်၏။ |
| ၂၆ | ၅-ပပါတဝဂ် | ၃-မဟာပရိဠာဟသုတ် | ၃၉၉ | ကြီးသော၊ ပြင်းထန်သောပူပန်ခြင်း၊ ကြီးကျယ်ပြင်းထန်သော၊ ပူပန်ခြင်းရှိသော ငရဲ၏ ပူလောင်ခြင်းထက် ပို၍လည်းကြီး၊ ပို၍လည်း ကြောက်မက်ဖွယ်ကောင်းသော အခြားသော ပူလောင်ခြင်းမှာ သစ္စာလေးပါးကို မသိကြခြင်း ဖြစ်သည်။ |
| ၂၇ | ။ | ၉-ပဉ္စမသိနေရုပဗ္ဗတရာဇသုတ် | ၄၀၄ | သစ္စာကိုသိပြီးပုဂ္ဂိုလ်၏ ကျန်ရှိသောဆင်းရဲသည် အနည်းငယ်မျှသာတည်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/

# အင်္ဂုတ္တိုလ် ပါဠိတော်
# (မြန်မာပြန်) ပထမတွဲ
# ကေက–ဒုက–တိက–စတုက္ကနိပါတ်



www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ပဌမသုတ်မှ ဒသမသုတ် (နီဝရဏ) ... ... ... | ၉၃ |
| ၂။ | ပဌမသုတ်မှ ဒသမသုတ် (ပဏိဟိတ) ... ... ... | ၉၃ |
| ၃။ | ပဌမသုတ်မှ ဒသမသုတ် (အစ္ဆရာ) ... ... ... | ၉၃ |
| ၄။ | ဧကပုဂ္ဂလဝဂ် ... ... ... | ၉၃ |
| ၅။ | ပဌမဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၃ |
| ၆။ | ဒုတိယဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၄ |
| ၇။ | တတိယဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၄ |
| ၈။ | စတုတ္ထဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၄ |
| ၉။ | ပဉ္စမဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၄ |
| ၁၀။ | ဆဋ္ဌမဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၄ |
| ၁၁။ | သတ္တမဝဂ် (ဧတဒဂ္ဂ) ... ... ... | ၉၄ |
| ၁၂။ | ဧကဓမ္မပါဠိ ပထမဝဂ် ... ... ... | ၉၅ |
| ၁၃။ | ကာယဂတာသတိဝဂ် ... ... ... | ၉၅ |
| ၁၄။ | သမစိတ္တဝဂ် ... ... ... | ၉၆ |
| ၁၅။ | အာယစနဝဂ် ... ... ... | ၉၇ |
| ၁၆။ | အပဏ္ဏကသုတ် ... ... ... | ၉၈ |
| ၁၇။ | သာရိပုတ္တသုတ် ... ... ... | ၉၈ |
| ၁၈။ | ဟတ္ထကသုတ် ... ... ... | ၉၈ |
| ၁၉။ | အာဓိပတေယျသုတ် ... ... ... | ၉၉ |
| ၂၀။ | တိတ္ထာယတနသုတ် ... ... ... | ၉၉ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | | | | စာမျက်နှာ |
|---|---|---|---|---|---|
| ၂၁။ | ကေသမုတ္တိသုတ် | ... | ... | ... | ၉၉ |
| ၂၂။ | အာဇီဝကသုတ် | ... | ... | ... | ၁၀၀ |
| ၂၃။ | သေက္ခသုတ် | ... | ... | ... | ၁၀၀ |
| ၂၄။ | ဒုတိယသိက္ခာသုတ် | ... | ... | ... | ၁၀၀ |
| ၂၅။ | ပဌမအာဇာနီယသုတ် | ... | ... | ... | ၁၀၀ |
| ၂၆။ | ဂုဏ္ဍသုတ် | ... | ... | ... | ၁၀၁ |
| ၂၇။ | အရက္ခိတသုတ် | ... | ... | ... | ၁၀၁ |
| ၂၈။ | ဟတ္ထကသုတ် | ... | ... | ... | ၁၀၁ |
| ၂၉။ | ကမ္မုဝိယသုတ် | ... | ... | ... | ၁၀၁ |
| ၃၀။ | ဒုတိယအနုရုဒ္ဓသုတ် | ... | ... | ... | ၁၀၂ |
| ၃၁။ | အနုဗုဒ္ဓသုတ် | ... | ... | ... | ၁၀၂ |
| ၃၂။ | အနုသောတသုတ် | ... | ... | ... | ၁၀၂ |
| ၃၃။ | အပ္ပဿုတသုတ် | ... | ... | ... | ၁၀၂ |
| ၃၄။ | ပဌမဥရုဝေလသုတ် | ... | ... | ... | ၁၀၂ |
| ၃၅။ | ဒေါဏသုတ် | ... | ... | ... | ၁၀၃ |
| ၃၆။ | အပရိဟာနိယသုတ် | ... | ... | ... | ၁၀၃ |
| ၃၇။ | ရောဟိတဿသုတ် | ... | ... | ... | ၁၀၃ |
| ၃၈။ | သုဝိဒူရသုတ် | ... | ... | ... | ၁၀၃ |
| ၃၉။ | ဝိပလ္လာသသုတ် | ... | ... | ... | ၁၀၄ |
| ၄၀။ | ပဌမသံဝါသသုတ် | ... | ... | ... | ၁၀၄ |
| ၄၁။ | ဒုတိယသမဇီဝိသုတ် | ... | ... | ... | ၁၀၄ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၄၂။ | ဖြဟ္မသုတ် ... ... ... | ၁၀၄ |
| ၄၃။ | ပဓာနသုတ် ... ... ... | ၁၀၅ |
| ၄၄။ | ဝဏ္ဏိဋ္ဌသုတ် ... ... ... | ၁၀၅ |
| ၄၅။ | ပုတ္တသုတ် ... ... ... | ၁၀၅ |
| ၄၆။ | သံယောဇနသုတ် ... ... ... | ၁၀၅ |
| ၄၇။ | ဒုတိယသမာဓိသုတ် ... ... ... | ၁၀၆ |
| ၄၈။ | ဆဝါလာတသုတ် ... ... ... | ၁၀၆ |
| ၄၉။ | ဒုတိယအမ္ဗူပမသုတ် ... ... ... | ၁၀၆ |
| ၅၀။ | ကေသိသုတ် ... ... ... | ၁၀၆ |
| ၅၁။ | ပတောဒသုတ် ... ... ... | ၁၀၇ |
| ၅၂။ | နာဂသုတ် ... ... ... | ၁၀၇ |
| ၅၃။ | အာနန္ဒအစ္ဆရိယသုတ် ... ... ... | ၁၀၇ |
| ၅၄။ | နိကဋ္ဌသုတ် ... ... ... | ၁၀၈ |
| ၅၅။ | ဒုတိယကာလသုတ် ... ... ... | ၁၀၈ |
| ၅၆။ | ဝိတ္ထာရသုတ် ... ... ... | ၁၀၈ |
| ၅၇။ | အာယစနသုတ် ... ... ... | ၁၀၉ |
| ၅၈။ | ရာဟုလသုတ် ... ... ... | ၁၀၉ |
| ၅၉။ | ဌာနသုတ် ... ... ... | ၁၀၉ |
| ၆၀။ | သေယျာသုတ် ... ... ... | ၁၁၀ |
| ၆၁။ | ပရိယေသနသုတ် ... ... ... | ၁၁၀ |


www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁ | ဧကက နိပါတ် ၂-နီဝရဏပ္ပဟာနဝဂ် | ပဌမသုတ်မှ ဒသမသုတ် | ၃ | နီဝရဏငါးပါးဖြစ်ပေါ်ခြင်း၊ ကင်းပျောက်ခြင်း အကြောင်းအရာများကို အသေးစိတ် ဖော်ပြထားပါသည်။ |
| ၂ | ၅-ပဏိဟိတအစ္ဆဝဂ် | ပဌမသုတ်မှ ဒသမသုတ် | ၇ | ကောင်းစွာထားအပ်သောစိတ်ဖြင့် အဝိဇ္ဇာကိုဖျက်ဆီး၍ ဝိဇ္ဇာကို ဖြစ်စေနိုင်၏ စသဖြင့် စိတ်၏ကြည်လင်ခြင်း၊ စိတ်၏ နူးညံ့ခြင်း၊ ပြီးပြီးပျက်တောက်ပသောဘဝင်စိတ်သည်ကိလေသာတို့မှ ကင်းလွတ်၏ စသည့်အကြောင်းအရာများ အသေးစိတ်ပါဝင်ပါသည်။ |
| ၃ | ၆-အစ္ဆရာသင်္ဃာတဝဂ် | ပဌမသုတ်မှ ဒသမသုတ် | ၁၂ | မေတ္တာနှင့်ယှဉ်သော စိတ်၏အကျိုးများပုံနှင့် ကုသိုလ်ဟူသမျှတွင် စိတ်လျင်ရှေ့သွားရှိပုံ အပ္ပမာဒတရားကြောင့် ကုသိုလ်တရား တိုးပွားပုံတို့ကို ဖော်ပြထားပါသည်။ |
| ၄ | ၁၃-ဧကပုဂ္ဂလဝဂ် | - | ၂၉ | မြတ်စွာဘုရားလောက၌ ပွင့်ထွန်းလာခြင်းသည် လူအများ အစီးအပွားဖြစ်ခြင်း၊ချမ်းသာခြင်းငှာဖြစ်ကြောင်း (၁၇)မျိုးသောအခြင်းအရာဖြင့် ဟောတော်မူပြီး အရှင်သာရိပုတ္တရာသည်လည်း မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစကြာကို ကောင်းစွာလည်စေနိုင်၏ ဟု ချီးမွမ်းတော်မူပါသည်။ |
| ၅ | ၁၄-ဧတဒဂ္ဂဝဂ် | ၁-ပဌမဝဂ် | ၃၀ | ရဟန်းဝါရင့်သော၊ ပညာနှင့်ပြည့်စုံသော၊ တန်ခိုးနှင့်ပြည့်စုံသော၊ ဓုတင်ဂုဏ်နှင့်ပြည့်စုံသော၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော မြတ်သောအမျိုး၌ဖြစ်သော၊ သာယာသော အသံရှိသော၊ ခြင်္သေ့ကဲ့သို့ ရဲရင့်စွာမြွက်ဆိုနိုင်သော၊ တရားဟောတတ်သော၊ အကျဉ်းဟောအပ်သောတရားတော်၏အနက်ကို အကျယ်အားဖြင့် ဟောတတ်သော အမြတ်ဆုံးသော အဂ္ဂသာဝက၊ မဟာသာဝက (၁၀)ပါးတို့ကို ဖော်ပြထားပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်

## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆ | ၁၄-ဧတဒဂ္ဂဝဂ် | ၂-ဒုတိယဝဂ် | ၃၁ | " စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းတတ်သောရဟန်းတို့တွင် စူဠပန္ထကရဟန္တာအရှင်သူမြတ်သည် အမြတ်ဆုံး " အပါအဝင် အမြတ်ဆုံးရဟန်း(၁၁)ပါးတို့ကို ဖော်ပြထားပါသည်။ |
| ၇ | ၁၄-ဧတဒဂ္ဂဝဂ် | ၃-တတိယဝဂ် | ၃၂ | " အကျင့်သိက္ခာကိုလိုလားသောရဟန်းတို့တွင် အရှင်ရာဟုလာရဟန္တာအရှင်သူမြတ်သည် အမြတ်ဆုံး"အပါအဝင် အမြတ်ဆုံး ရဟန်း (၁၀)ပါးတို့ကို လေ့လာဖတ်ရှုနိုင်ပါသည်။ |
| ၈ | ၁၄-ဧတဒဂ္ဂဝဂ် | ၄-စတုတ္ထဝဂ် | ၃၃ | " အကြားအမြင်များခြင်း၊ မြတ်ဗုဒ္ဓ၏ စကားတော်ကို ကြာမြင့်စွာ ဆောင်နိုင်ခြင်း၊ မြတ်ဗုဒ္ဓဟောအပ်သည့်အလုံးစုံသောပုဒ်တို့ကို သိခြင်း၊ မြတ်ဗုဒ္ဓ၏တရားတော်ကို သင်ခြင်းဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်း၊ မြတ်ဗုဒ္ဓအားဆည်းကပ်ခြင်း၊ မြတ်ဗုဒ္ဓအားလုပ်ကျွေးခြင်းစသည့် အခြင်းအရာ (၅)ပါးတို့တွင် အရှင်အာနန္ဒာသည် အမြတ်ဆုံး " အပါအဝင် အမြတ်ဆုံးရဟန်း (၁၆)ပါးတို့ကို လေ့လာဖတ်ရှုနိုင်ပါသည်။ |
| ၉ | ၁၄-ဧတဒဂ္ဂဝဂ် | ၅-ပဥ္စမဝဂ် | ၃၄ | " ရဟန်းဝါရင့်သော ရဟန်း မိန်းမတို့တွင် မဟာပဇာပတိဂေါတမီသည် အမြတ်ဆုံး " အပါအဝင် အမြတ်ဆုံးဘိက္ခုနီ (၁၃)ပါးတို့ကို သိရှိနိုင်ပါသည်။ |
| ၁၀ | ၁၄-ဧတဒဂ္ဂဝဂ် | ၆-ဆဋ္ဌမဝဂ် | ၃၅ | " ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော တဖုဿနှင့် ဘလ္လိကကုန်သည်တို့သည် အမြတ်ဆုံး" အပါအဝင် အမြတ်ဆုံးဥပါသကာ(၁၀)ဦးတို့ကို ဖတ်ရှုနိုင်ပါသည်။ |
| ၁၁ | ၁၄-ဧတဒဂ္ဂဝဂ် | ၇-သတ္တမဝဂ် | ၃၆ | " ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်သော သုဇာတာသည်အမြတ်ဆုံး"အပါအဝင် အမြတ်ဆုံးဥပါသိကာမ (၁၀)ဦးတို့ကို လေ့လာနိုင်ပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၂ | ၁၆-ဧက ဓမ္မပါဠိ ၁-ပဌမဝဂ် | - | ၄၀ | "ဗုဒ္ဓါနုဿတိတရားသည် စင်စစ်ဝင့်ဆင်းရဲ၍ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ရာဂစသည်ချုပ်ခြင်း၊ ကိလေသာတို့ ငြိမ်းအေးခြင်း၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာဖြစ်၏"အပါအဝင် (၁၀)မျိုးသော တရားတို့ကို မြတ်ဗုဒ္ဓ ဟောတော်မူသည်။ |
| | ဧကကနိပါတ် | | | |
| ၁၃ | ၁၉-ကာယ ဂတာသတိ ဝဂ် | | ၅၄ | ဆံပင်အစရှိသောရုပ်၌ဖြစ်သော"ကာယဂတာသတိ" ကို ပွားများသူအား<br>(၁) (က) ဝိပဿနာဉာဏ် (ခ) မနောမယိဒ္ဓိဉာဏ်နှင့်<br>(ဂ) အဘိညာဉ်ခြောက်ပါး ဝိဇ္ဇာရှစ်ပါး၊ အစဉ်၌ဖြစ်သော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ထို့ပြင် (၃၆)မျိုးသောအကျိုးအပါအဝင် စုစုပေါင်း(၃၇)မျိုးသောအကျိုးကို ရရှိနိုင်သည်။<br>(၂) ထိတ်လန့်ခြင်းသံဝေဂဉာဏ် (ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်)<br>(၃) ကြီးစွာသောအကျိုး (ဖိုလ်ဉာဏ်လေးပါး)<br>(၄) ယောဂလေးပါးကုန်ရာနိဗ္ဗာန်<br>(၅) သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်း။<br>(၆) ဒိဗ္ဗစက္ခုအဘိညာဉ်<br>(၇) မျက်မှောက်ဘဝ၌ချမ်းသာစွာနေရခြင်း။<br>(၈) ဝိဇ္ဇာ(မဂ်ဉာဏ်) ဝိမုတ္တိ (မဂ်နှင့်ယှဉ်သောတရား) ဖိုလ်(အရဟတ္တဖိုလ်)ကို မျက်မှောက်ပြုရခြင်း။<br>(၉) ရူပကာယ၊ စိတ်၊ ဝိတက်၊ ဝိစာရတို့ ငြိမ်းအေးပြီး ဝိဇ္ဇာ အစဉ်၌ဖြစ်သောတရားတို့ ပွားများ ပြည့်စုံခြင်း။<br>(၁၀) အကုသိုလ်တရားတို့မဖြစ်ပေါ်ဆုတ်ယုတ်ခြင်း။<br>(၁၁) ကုသိုလ်တရားတို့ ဖြစ်ပေါ်၍အဖန်ဖန်ပြန့်ပြောစွာ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ဖြစ်ခြင်း။<br>(၁၂) ဝိဇ္ဇာဖြစ်ပေါ်ခြင်း၊ မာနကင်းပျောက်ခြင်း၊ အနုသယတို့ အကြွင်းမဲ့ကင်းကွာခြင်း၊ သံယောဇဉ် (၁၀) ပါး တို့ ကင်းပျောက်ခြင်း။<br>(၁၃) ပညာဖြင့် ခွဲဖောက်သိမြင်ခြင်း။<br>(၁၄) ပရိနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။<br>(၁၅) (၁၈)ပါးသောဓါတ်လက္ခဏာကို သိခြင်း။<br>(၁၆) (၁၈)ပါးသောဓါတ်တို့၏အမျိုးမျိုးသောလက္ခဏာကို သိခြင်း။<br>(၁၇) များစွာသောဓါတ်တို့ကို ခွဲခြမ်း၍ သိနိုင်ခြင်း။<br>(၁၈) မှ (၂၁) သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်း။<br>(၂၂) မှ (၃၇) မဂ်ဉာဏ်ဖိုလ်ဉာဏ် ပဋိသမ္ဘိဒါဉာဏ်စသည့် အမျိုးမျိုးသောပညာများနှင့် ပြည့်စုံခြင်း။ |
| ၁၄ | ဒုကနိပါတ် ၄-သမစိတ္တဝဂ် | | ၇၅<br><br><br>၇၇ | ဇေတဝန်ကျောင်းတိုက်၌ မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော သူတော်ကောင်းတို့၏ အခြေခံသဘောနှင့် သူယုတ်မာတို့၏ အခြေခံသဘောတို့ကို အသေးစိတ်ဖော်ပြထားပါသည်။<br>ပုဗ္ဗာရုံကျောင်းတိုက်၌ မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာရဟန်းတို့ကို ဟောကြားတော်မူအပ်သော အဇ္ဈတ္တသံယောဇဉ်ရှိသောပုဂ္ဂိုလ်နှင့် ဗဟိဒ္ဓသံယောဇဉ်ရှိသောပုဂ္ဂိုလ်တို့အကြောင်း စုံလင်စွာပါရှိပါသည်။<br>ထိုတရားကို နာကြားရကုန်သော တူမျှသောစိတ်ရှိကြသော များစွာသောနတ်တို့ မြတ်စွာဘုရားထံ ချဉ်းကပ်ကြပြီး ရှိခိုး |



www.thitsarparamisociety.com/

## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်

## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | ၇၉ | ကြ၍ "အစဉ်သနားခြင်းကို အကြောင်းပြု၍ပရိသတ်တို့ ရွှင်လန်းနှစ်သက်စေသော အရှင်သာရိပုတ္တရာထံ ကြွရောက်တော်မူပါရန်" လျှောက်ထားတောင်းပန်ကြပါသည်။<br>မြတ်ဗုဒ္ဓသည် အရှင်သာရိပုတ္တရာအား သာသနာတော်၌ "ငြိမ်သက်သောကုန္ဒြေရှိကုန်အံ့၊ ငြိမ်သက်သောစိတ်ရှိကုန်အံ့" ဟု ကျင့်ကြံရန်နှင့် ထိုသို့ကျင့်ကြံသဖြင့် "ကာယကံ၊ ဝစီကံနှင့် မနောကံတို့သည် ငြိမ်သက်သည်သာလျှင် ဖြစ်လတ္တံ့"<br>သီတင်းသုံးဖော်တို့အား ငြိမ်သက်သော ကိုယ်၊ နှုတ်၊စိတ် ဟူသော ပူဇော်ခြင်းဖြင့်ပူဇော်ကုန်အံ့ဟု ကျင့်ရမည်ဟု ဩဝါဒ ပေးတော်မူပါသည်။ |
| ၁၅ | (၁၂) ၂-<br>အာယစန<br>ဝဂ် | | ၁၀၂ | ၁။ သဒ္ဓါတရားရှိသောရဟန်းတော်၏တောင့်တချက်၊<br>"အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ ဖြစ်ရပါလို၏။"<br>၂။ သဒ္ဓါတရားရှိသောရဟန်းမ၏ တောင့်တချက်၊<br>"ဘိက္ခုနီ ခေမာထေရီနှင့်ဥပလ္လဝဏ်ကဲ့သို့ ဖြစ်ရပါလို၏။"<br>၃။ သဒ္ဓါတရားရှိသော ဥပါသကာ၏ တောင့်တချက်၊<br>"စိတ္တသူကြွယ်နှင့်ဟတ္ထကဓါ် အာဠဝက(မင်းသား) ကဲ့သို့ ဖြစ်ရပါလို၏"<br>၄။ သဒ္ဓါတရားရှိသော ဥပါသိကာမ၏တောင့်တချက်၊<br>"ခုဇ္ဇုတ္တရာဥါသိကာမနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒမာတာ ဥပါသိကာမကဲ့သို့ ဖြစ်ရပါလို၏"ဟူ၍ မြတ်စွာဘုရားသည် သဒ္ဓါတရားရှိသော ပရိသတ်(၄)ပါးတို့ တောင့်တသင့်သည် တို့ကို မိန့်တော်မူပါသည်။ |
| | | | ၁၀၅ | " မိမိ၏ စိတ်ဖြူစင်ခြင်းကိုလည်းကောင်း၊ လောက၌ |

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | တစ်စုံတစ်ရာကို မစွဲလမ်းခြင်းကိုလည်းကောင်း" ကျင့်ကြံရမည့်တရား (၂)မျိုးကို မြတ်ဗုဒ္ဓဟောကြားတော်မူသည်။ |
| ၁၆ | တိကနိပါတ် ၂-ရထကာရဝဂ် | ၆-အပဏ္ဏကသုတ် | ၁၂၉ | မချွတ်မယွင်းသောအကျင့်ကို ကျင့်သူသည် (၃)မျိုးသောတရားတို့နှင့်ပြည့်စုံသူဖြစ်ရမည်။<br>၁။ ဣန္ဒြေ (၆)ပါးကို စောင့်စည်းခြင်း။ (ဣန္ဒြိယသံဝရသီလ)<br>၂။ အစားအစာတို့၌ အတိုင်းအရှည်သိခြင်း။<br>၃။ အမြဲတစေနိုးကြားနေခြင်း။ |
| ၁၇ | ၄-ဒေဝဒူတဝဂ် | ၃-သာရိပုတ္တသုတ် | ၁၅၀ | မြတ်ဗုဒ္ဓက အရှင်သာရိပုတ္တရာအား ဟောကြားတော်မူသည်။<br>ဝိညာဉ်ရှိသောဤကိုယ်၌လည်းကောင်း၊ အပသန္တာန်၌ဖြစ်သော အလုံးစုံသောအာရုံ၌လည်းကောင်း၊ ငါ၊ ငါ့ဥစ္စာနှင့် မာနနုသယတို့ကို ပယ်နိုင်ခဲ့မူ ကိလေသာမှ လွတ်မြောက်သည့် အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုမည်။<br>(ဤတရားတော်ကို ၂၃-၇-၂၀၁၅ရက်နေ့တွင် ပါမောက္ခချုပ်ဆရာတော်က "အကျဉ်းဆုံးဝိပဿနာနှင့် အမြင့်ဆုံးအကျိုးတရား"အမည်ဖြင့် ဟောတော်မူသည်။) |
| ၁၈ | ၄-ဒေဝဒူတဝဂ် | ၅-ဟတ္ထကသုတ် | ၁၅၃ | မြတ်ဗုဒ္ဓက ဥပါသကာတို့တွင် သမာဓိအရာတွင် ဧတဒဂ်ရရှိသူ အနာဂါမ်ဟတ္ထကအာဠဝကမင်းသားအား ဟောတော်မူသည်။<br>"ရာဂကြောင့်ဖြစ်သော ပူလောင်ခြင်းတို့ဖြင့် ပူလောင်သူတို့သည် ဆင်းရဲစွာအိပ်ရသည်"<br>"ရဟန္တာပုဂ္ဂိုလ်သည် အခါခပ်သိမ်းချမ်းသာစွာ အိပ်ရ၏၊ အလုံးစုံသောတဏှာတို့ကို ပယ်ဖြတ်၍ စိတ်နှလုံးပူပန်ခြင်းကို |



www.thitsarparamisociety.com/

# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ငြိမ်းအေးစေ၍ ငြိမ်းအေးသောရဟန္တာသည် နိဗ္ဗာန်သို့<br>စိတ်ဖြင့် ရောက်၍ ချမ်းသာစွာ ကျိန်းစက်ရ၏” |
| ၁၉ | ၄-ဒေဝဒူတဝဂ် | ၁၀-အာဓိပတေယျသုတ် | ၁၆၄ | အကြီးအမှူးပြုရမည့် တရား (၃) မျိုး၊<br>၁။ မိမိကိုယ်ကို အကြီးအမှူးပြုခြင်း၊<br>၂။ သတ္တလောကကို အကြီးအမှူးပြုခြင်း။<br>၃။ လောကုတ္တရာတရားကို အကြီးအမှူးပြုခြင်း။ |
| ၂၀ | (၇) ၂-မဟာဝဂ် | ၁-တိတ္ထာယတနသုတ် | ၁၉၂ | ပညာရှိသမဏဗြာဟ္မဏတို့ မနှိမ်နင်းနိုင်မကဲ့ရဲ့နိုင်သောတရား-<br>၁။ ဓါတ်ခြောက်ပါး၊ ၂။ ဖဿာယတန ခြောက်ပါး၊<br>၃။ မနောပဝိစာရတရား (၁၈)ပါး၊<br>၄။ အရိယာတို့၏ အမှန်တရား (၄)ပါး |
| ၂၁ | (၇) ၂-မဟာဝဂ် | ၅-ကေသမုတ္တိသုတ် | ၂၀၆ | မြတ်ဗုဒ္ဓက ကာလာမမင်းတို့အား ဟောတော်မူသည်-<br>၁။ ပြောသံကြားကာမျှဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၂။ အစဉ်အဆက်စကားဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၃။ ဤသို့ဖြစ်ဘူးသောစကားဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၄။ ပိဋကတ်စာပေနှင့်ညီညွတ်သည်ဟုဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၅။ ကြံဆတွေးတော၍ ယူခြင်းဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၆။ နည်းမှီယူခြင်းဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၇။ အခြင်းအရာကို ကြံစည်ခြင်းဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၈။ ကြံစည်နှစ်သက်၍ယူသောအယူတူဖြင့်ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၉။ မှတ်ယူထိုက်သောသဘောဖြင့်ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>၁၀။ လေးစားသောရဟန်း၏စကားဟုဖြင့် ဟုတ်မှန်ပြီဟု မယူကုန်လင့်၊<br>ကာလာမမင်းတို့ ဤတရားတို့သည် အကုသိုလ်တရားတည်း၊ |

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | အပြစ်ရှိသောတရားတည်း။ ပညာရှိတို့ကဲ့သို့အပ်သောတရားတည်း။ ဤတရားတို့ကြောင့် အစီးအပွားမရှိခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏"ဟု မိမိတို့ကိုယ်တိုင်သိသောအခါ ထိုအကုသိုလ်စသည် တရားတို့ကို ပယ်စွန့်ကုန်ရာ၏။<br>"ကုသိုလ်တရားစသည်တို့ကို ချမ်းသာခြင်းငှာ ဖြစ်ကြောင်း မိမိတို့ကိုယ်တိုင်သိသောအခါ ပြည့်စုံစေ၍နေကုန်ရာ၏"။ |
| ၂၂ | (၈) ၃-<br>အာနန္ဒဝဂ် | ၂-အာဇီဝက<br>သုတ် | ၂၃၅ | အရှင်အာနန္ဒာ ဟောကြားတော်မူသည်။<br>ရာဂ၊ ဒေါသနှင့် မောဟကို ပယ်ရန်ကျင့်သူတို့သည် လောက၌ ကောင်းစွာကျင့်သူတို့ ဖြစ်သည်။<br>ရာဂ၊ဒေါသနှင့် မောဟကို အမြစ်ရင်းနှင့်တကွ အကြွင်းမဲ့ ပယ်ပြီး ဖြစ်သူတို့သည် လောက၌ ကောင်းစွာပြုပြီး သူတို့ ဖြစ်သည်။ |
| ၂၃ | (၉) ၄ -<br>သမဏဝဂ် | ၅-သေက္ခသုတ် | ၂၄၉ | မဂ်ဟူသောလမ်းဖြောင့်သို့ အစဉ်လျောက်လျက်ကျင့်သော သေက္ခပုဂ္ဂိုလ်အား ကိလေသာတို့ကို ကုန်ခမ်းစေတတ်သော တရား(မဂ်)၌ ရှေးဦးစွာ ဉာဏ်ဖြစ်ပေါ်၏၊ ထိုတရား(မဂ်)၏ အခြားမဲ့၌ အရဟတ္တဖိုလ်ဖြစ်ပေါ်၏။ |
| ၂၄ | (၉) ၄-<br>သမဏဝဂ် | ၈-ဒုတိယ<br>သိက္ခာသုတ် | ၂၅၀ | သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်တို့၌ ပြည့်ပြည့်စုံစုံပြုသောရဟန်းသည် အာသဝေါတို့၏ကုန်ခြင်းကြောင့်အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။ |
| ၂၅ | (၁၀) ၅-<br>လောဏကပလ္လဝဂ် | ၅-ပဥ္စမ<br>အာဇာနီယသုတ် | ၂၆၄ | အဆင်းနှင့်ပြည့်စုံသောရဟန်းသည် ပါတိမောက္ခသံဝရသီလကို စောင့်စည်း၏။ ခွန်အားနှင့်ပြည့်စုံသောရဟန်းသည် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သောလုံ့လရှိ၏။ လျင်မြန်ခြင်းနှင့်ပြည့်စုံသောရဟန်းသည် သစ္စာ(၄)ပါးတို့ကို ဟုတ်မှန်သောအတိုင်းသိ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၆ | (၁၁) ၁-သမ္ဗောဓဝဂ် | ၅-ရုဏ္ဏသုတ် | ၂၈၁ | သီချင်းဆိုခြင်းသည် အရိယာ၏ အဆုံးအမ၌ ငိုသည်မည်၏။ ကခြင်းသည် ရူးသွပ်သည်မည်၏။ အပိုင်းအခြားကိုလွန်၍ သွားပေါ်အောင် ရယ်ခြင်းသည် ကလေးသူငယ်တို့ပြုသောအလုပ်မည်၏။ ဤသာသနာတော်၌ ရဟန်းသည် သီချင်းဆိုခြင်း၊ကခြင်းကိုပယ်ရမည်၊ တရားနှင့်စပ်သောအကြောင်းဖြင့် ဝမ်းမြောက်သော သူတော်ကောင်းဖြစ်သောရဟန်းသည် ပြုံးရုံမျှပြုံးခြင်းသည်သာသင့်လျော်၏။ |
| ၂၇ | (၁၁) ၁-သမ္ဗောဓဝဂ် | ၇-အရက္ခိတသုတ် | ၂၈၁ | မြတ်ဗုဒ္ဓက အနာထပိဏ်အား ဟောတော်မူသည်။ " စိတ်ကို စောင့်ရှောက်လျှင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို စောင့်ရှောက်သည်မည်၏" |
| ၂၈ | (၁၃)၃-ကုသိနာရဝဂ် | ၅-ဟတ္ထကသုတ် | ၃၀၀ | အာဠဝကဘီလူး သောတာပန်တည်သဖြင့် အသက်ချမ်းသာရရသော ဟတ္ထကမင်းသားသည် ငယ်ရွယ်သည့်အရွယ်တွင်ပင် အနာဂါမ်တည်ပြီး ကွယ်လွန်ပါသည်။ ဟတ္ထကဗြဟ္မာသည် မြတ်စွာဘုရားထံ ချဉ်းကပ်လျက်ဤသို့လျှောက်ထားပါသည်။ "တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်း၌၄င်း၊ သံဃာတော်ကိုလုပ်ကျွေးခြင်း၌၄င်း၊ သူတော်ကောင်းတရားကိုနာကြားခြင်း၌၄င်း မည်သည့်အခါမျှ ရောင့်ရဲတင်းတိမ်မှုမရခဲ့ပါ။ |
| ၂၉ | (၁၃) ၃-ကုသိနာရဝဂ် | ၆-ကမ္ဗုဝိယသုတ် | ၃၀၁ | မြတ်စွာဘုရားဆွမ်းခံလှည့်လည်တော်မူစဉ် သာယာဖွယ်ဈာန် ချမ်းသာဆိတ်သုဉ်းပြီး ပြင်ပကာမဂုဏ်ကိုသာယာနေသော သတိလွတ်ကင်းဆင်ခြင်ခြင်းမရှိသည့် မတည်ကြည်သောစိတ်ရှိသောရဟန်းအား ဤသို့ ဆုံးမတော်မူ၏ - |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်

## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၀ | ။ | ၈-ဒုတိယ အနုရုဒ္ဓသုတ် | ၃၀၃ | "ရဟန်း သင်သည် မိမိကိုယ်ကို ထွေးအံဖတ်မပြုလင့်၊ သားစိမ်းနှံဖြင့် စိုစွတ်သောသင့်ကို ယင်ကောင်တို့သည် မနှိပ်စက်သောအကြောင်း မရှိပေ။" အရှင်သာရိပုတ္တရာအား အရှင်အာနုရုဒ္ဓါလျှောက်ထားသဖြင့် အရှင်သာရိပုတ္တရာ ဟောကြားတော်မူသည်။ ဤတရားတို့ကိုသိရှိသဖြင့် နိဗ္ဗာန်ဓါတ်သို့ စိတ်ကိုပို့ဆောင်၍ မမေ့မလျော့ပြင်းစွာ အားထုတ်တော်မူသည်။ အရှင်အနုရုဒ္ဓါသည် ထိုသို့အားထုတ်တော်မူရာ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍နေသည်ရှိသော် အရဟတ္တဖိုလ်ကို မကြာမီပင် မျက်မှောက်ပြုတော်မူ၏။ |
| ၃၁ | စတုက္ကနိပါတ် ၁-ဘဏ္ဍဂါမဝဂ် | ၁-အနုဗုဒ္ဓသုတ် | ၃၂၃ | " ဘဝ၌တက်မက်ခြင်း၊ 'တဏှာ'ကို ဖြတ်ပြီးဖြစ်သဖြင့် ဘဝတပါးသို့ဆောင်ကြောင်းဖြစ်သော'တဏှာ' ကုန်သောကြောင့် မြတ်ဗုဒ္ဓသည် ဘဝသစ်၌ တဖန်ဖြစ်ပေါ်ခြင်းမရှိပြီ"ဟုမိန့်တော်မူသည်။ |
| ၃၂ | ။ | ၅-အနုသောတ သုတ် | ၃၂၃ | 'နိဗ္ဗာန်'ကမ်းတဖက်ရောက် ကူးမြောက်ပြီး သူအပါအဝင် ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ထင်ရှားရှိကြောင်း မိန့်တော်မူသောတရားဒေသနာဖြစ်ပါသည်။ |
| ၃၃ | ။ | ၆-အပ္ပဿုတ သုတ် | ၃၂၈ | အကြားအမြင်များ၍ ကြားနာအပ်သောတရားနှင့် ပြည့်စုံသူဆိုသည်မှာ သုတ္တန်များကိုငှင်း၊ ဥဒါန်းကိုငှင်း၊ဣတိဝုတ်ကိုငှင်းစသည်ဖြင့် ကြားနာသဖြင့်"ထိုတရားတို့၏အနက်သဘောသိ၍ တရားအားလျော်သောအကျင့်ကို ကျင့်သူ" ဖြစ်သည်။ |
| ၃၄ | ၃-ဥရုဝေလဝဂ် | ၁-ပဌမ ဥရုဝေလသုတ် | ၃၄၃ | မြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို သိပြီး၊ ဆိတ်ကျောင်းညောင်ပင်ရင်း၌"ရိုသေရာ မှီခိုရာမရှိပဲနေရခြင်းသည် ဆင်းရဲလှ၏" ဟူသော စိတ်အကြံဖြစ်ပေါ်ပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်

## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၅ | ၄-စက္ကဝဂ် | ၆-ဒေါဏသုတ် | ၃၆၀ | မြတ်ဗုဒ္ဓ၏ရှိသေရာ မှီခိုရာသည် "မြတ်ဗုဒ္ဓကိုယ်တော်တိုင်၏ ထိုးထွင်း၍ သိအပ်သောတရား"သာလျှင် ဖြစ်သဖြင့် ဤသို့သော အကြံဖြစ်တော်မူသည် - "ငါသည် ထိုးထွင်း၍ သိအပ်သောတရားကိုပင်လျှင် အရိုအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရမူကား ကောင်းပေရာ၏"။ မြတ်ဗုဒ္ဓ၏ခါတ်တော်များကို (၇)ပြည်ထောင်မင်းတို့အား ဝေငှပေးခဲ့သူ ဒေါဏပုဏ္ဏား မြတ်စွာဘုရားထံ ပထမအကြိမ် ချဉ်းကပ်ခဲ့စဉ် မြတ်ဗုဒ္ဓဟောကြားတော်မူသည့်တရားဒေသနာ ဖြစ်ပါသည် - 'ကောင်းသောကြာပုဏ္ဏရိတ်သည် ရေဖြင့်မလိမ်းကျံ သကဲ့သို့ ထိုအတူသင်္ခါရလောကနှင့် ငါသည် မလိမ်းကျံပေ၊ ထိုကြောင့် ငါသည် 'ဗုဒ္ဓ'ဖြစ်၏။' |
| ၃၆ | ၄-စက္ကဝဂ် | ၇-အပရိဟာနိယသုတ် | ၃၆၃ | သာသနာတော်၌ ရဟန်းတို့ ပြည့်စုံရမည့်တရား (၄)မျိုး ၁။ သီလနှင့်ပြည့်စုံရမည်။ ၂။ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါး ရှိရမည်။ ၃။ အစားအစာ၌ အတိုင်းအတာရှည်ကို သိရမည်။ ၄။ နိုးကြားခြင်း ရှိရမည်။ |
| ၃၇ | ၅-ရောဟိတဿဝဂ် | ၅-ရောဟိတဿသုတ် | ၃၇၀ | မြတ်ဗုဒ္ဓက "လောက၏အဆုံးကို ခြေဖြင့် သွားခြင်းဖြင့် ရောက်ရန် ဖြစ်နိုင်ပါသလော"ဟုမေးသူ ရောဟိတဿအား ဤသို့မိန့်တော်မူသောတရားဒေသနာ ဖြစ်ပါသည်။ ဒါယကာနတ်သား "ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မရွေ့လျောရာ တဖန်မဖြစ်ရာသော လောက၏အဆုံးကို ခြေဖြင့်သွားခြင်းဖြင့် မရောက်နိုင်" |
| ၃၈ | ၅-ရောဟိတဿဝဂ် | ၇-သုဝိဒူရသုတ် | ၃၇၄ | သူတော်ကောင်းတို့နှင့် သူယုတ်တို့၏တရားသည် အလွန့်အလွန် ဝေးသည်။ |



www.thitsarparamisociety.com/

## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၉ | ။ | ၉-ဝိပလ္လာသသုတ် | ၃၇၅ | ၁။ မမြဲသည်ကို မြဲသည်၊<br>၂။ ဆင်းရဲကို ချမ်းသာသည်၊<br>၃။ အတ္တမဟုတ်သည်ကို အတ္တ၊<br>၄။ မတင့်တယ်သည်ကို တင့်တယ်သည်<br>ဟူသော (၄) မျိုးတို့အပေါ်<br>- သညာ၏ ဖောက်ပြန်ခြင်း၊<br>- စိတ်၏ ဖောက်ပြန်ခြင်း၊<br>- အယူ၏ ဖောက်ပြန်ခြင်း တို့ဖြင့်<br>ထင်မှတ်မှားပုံကို ရှင်းလင်းဖော်ပြတော်မူသော တရားဒေသနာ ဖြစ်ပါသည်။ |
| ၄၀ | ၁-ပုညာဘိသန္ဒဝဂ် | ၃-ပဌမ သံဝါသသုတ် | ၃၈၂ | <u>အတူနေခြင်း (၄) မျိုး</u><br>၁။ သူသေလင်နှင့် သူသေမယား၊<br>၂။ သူသေလင်နှင့် နတ်သမီးမယား၊<br>၃။ နတ်သားလင်နှင့် သူသေမယား၊<br>၄။ နတ်သားလင် နှင့် နတ်သမီးမယား၊<br><u>နတ်သားလင်နှင့် နတ်သမီးမယား</u><br>နှစ်ဦးလုံးတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ အလှူခံတို့၏စကားအဓိပ္ပါယ်ကိုသိ၏၊ ကိုယ်နှုတ်နှလုံးတို့ကို စောင့်စည်း၏၊ အချင်းချင်းချစ်ဖွယ်သောစကားကိုပြောဆိုကြ၍တရားသဖြင့် အသက်မွေးကြကုန်၏။ |
| ၄၁ | ၁-ပုညာဘိသန္ဒဝဂ် | ၆-ဒုတိယ သမဇီဝိသုတ် | ၃၈၇ | လင်မယားနှစ်ဦးလုံးတို့သည် နောင်တမလွန်ဘဝ၌ ပြန်လည်ဆုံစည်းလိုပါက တူမျှသောသဒ္ဓါ၊ သီလ၊ စွန့်ကြဲခြင်းစာဂနှင့် ပညာရှိကြရာ၏။ |
| ၄၂ | ၂-ပတ္တကမ္မဝဂ် | ၃-ဗြဟ္မသုတ် | ၃၉၆ | ဗြဟ္မာ၊ လက်ဦးဆရာ၊ အိမ်ဦးနတ်၊ အဝေးမှ ဆောင်၍ လှူအပ်သောအလှူခံဟူသည်မှာအမိအဖတို့ပင် ဖြစ်သည်၊ |

# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်

## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၄၃ | ။ | ၉-ပဓာနသုတ် | ၄၀၀ | အားထုတ်ခြင်း (၄)မျိုး<br>၁။ စောင့်စည်းရန် ၂။ ပယ်ရန် ၃။ ပွားများရန်<br>၄။ အစဉ်စောင့်ရှောက်ရန် စသည်တို့ ဖြစ်သည်။ |
| ၄၄ | ၃-အပဏ္ဏကဝဂ် | ၉-ဝဏ္ဏိဇ္ဇသုတ် | ၄၀၇ | ၁။ ဖိတ်ကြားသောပစ္စည်းကို မလှူသဖြင့် စီးပွားပျက်၏။<br>၂။ ဖိတ်ကြားသောပစ္စည်းကို ရည်မှန်းသည့်အတိုင်း မလှူသဖြင့် စီးပွားရေးသည် ရည်မှန်းသည့်အတိုင်းမဖြစ်။<br>၃။ ဖိတ်ကြားသောပစ္စည်းကို ရည်မှန်းသည့်အတိုင်း လှူရသဖြင့် စီးပွားရေးသည် ရည်မှန်းသည့်အတိုင်းဖြစ်၏။<br>၄။ ဖိတ်ကြားသောပစ္စည်းကို ရည်မှန်းသည်ထက်ပိုလှူသဖြင့် စီးပွားရေးသည် ရည်မှန်းသည်ထက်တိုးတက်ဖြစ်ထွန်း၏။ |
| ၄၅ | ၄-မစလဝဂ် | ၇-ပုတ္တသုတ် | ၄၁၃ | ၁။ မတုန်လှုပ်သောရဟန်း၊<br>၂။ ပုဏ္ဍရိတ်ကြာနှင့်တူသောရဟန်း၊<br>၃။ ပဒုမာကြာနှင့်တူသောရဟန်း၊<br>၄။ သိမ်မွေ့သောရဟန်း<br>မတုန်လှုပ်သောရဟန်း<br>ကျင့်ဆဲဖြစ်သောရဟန်းသည် အရဟတ္တဖိုလ်ကိုတောင့်တလျက်နေ၏။ ဤရဟန်းသည် မတုန်လှုပ်သောရဟန်း ဖြစ်၏။ |
| ၄၆ | ၄-မစလဝဂ် | ၈-သံယောဇနသုတ် | ၄၁၅ | မတုန်လှုပ်သောရဟန်းအပါအဝင် ရဟန်း (၄) မျိုး<br>မတုန်လှုပ်သောရဟန်း<br>သုံးပါးသောသံယောဇဉ် အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်တံခါးပိတ်ပြီးဖြစ်သော သောတာပန်ဖြစ်၏။ |

## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၄၇ | ၅-အသုရဝဂ် | ၃-ဒုတိယသမာဓိသုတ် | ၄၁၈ | ပုဂ္ဂိုလ် (၄) မျိုး -<br>၁။ စိတ်တည်ကြည်သော်လည်း သင်္ခါရတရားကို ရှုမြင်တတ်သောပညာမရှိသူ၊<br>၂။ သင်္ခါရတရားကို ရှုမြင်တတ်သောပညာရှိသော်လည်း စိတ်မတည်ကြည်သူ၊<br>၃။ စိတ်တည်ကြည်မှုလည်းမရှိ၊ သင်္ခါရတရားကို ရှုမြင်တတ်သောပညာလည်း မရှိသူ၊<br>၄။ စိတ်တည်ကြည်ပြီး သင်္ခါရတရားကို ရှုမြင်တတ်သောပညာလည်းရှိသူ။ |
| ၄၈ | ၅-အသုရဝဂ် | ၅-ဆဝါလာတသုတ် | ၄၂၀ | ပုဂ္ဂိုလ် (၄) မျိုး -<br>၁။ ကိုယ့်အကျိုးစီးပွားအတွက် မကျင့်၊ သူတပါးအကျိုးစီးပွားအတွက်လည်း မကျင့်သူ၊<br>၂။ သူတပါးအကျိုးအတွက်ကျင့်ပြီး မိမိအကျိုးအတွက် မကျင့်သူ၊<br>၃။ မိမိအကျိုးအတွက်ကျင့်ပြီး သူတပါးအကျိုးအတွက် မကျင့်သူ၊<br>၄။ မိမိအကျိုးအတွက်လည်းကျင့်ပြီး သူတပါးအကျိုးအတွက်လည်း ကျင့်သူ၊<br>အမှတ်(၁)ပုဂ္ဂိုလ်သည် သူကောင်ဖုတ်ထင်းမီးစနှင့် တူ၏။ |
| ၄၉ | ၁-ဝလာဟကဝဂ် | ၆-ဒုတိယအမ္ဗူပမသုတ် | ၄၃၅ | ကြွက် (၄) မျိုး ဥပမာ - နံပါတ် (၄) ကြွက်၊ တွင်းလည်းဖောက်၊ အောင်းလည်း အောင်းသူ။ |
| ၅၀ | ၂-ကေသိဝဂ် | ၁-ကေသိသုတ် | ၄၃၉ | ဆုံးမခြင်း(၄)မျိုး-နံပါတ်(၄)"အနု/အကြမ်း/အနုအကြမ်းတို့ဖြင့် အဆုံးအမမခံသူအား သတ်ပစ်၏ " ဆိုရာတွင် ထိုအဆုံးအမ မခံသူအား " ပြောဆိုဆုံးမထိုက်သူဟူ၍ အသိအမှတ်မပြုတော့ပါ။ |

www.thitsarparami.org/



# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ထိုသို့ အသိအမှတ်မပြုခြင်းသည် မြတ်စွာဘုရား၏ အဆုံးအမတော်၌ "သတ်ပစ်လိုက်သည်"မည်၏။ |
| ၅၁ | ။ | ၃-ပတောဒသုတ် | ၄၄၂ | အာဇာနည်ယောကျ်ားကောင်း (၄) မျိုး<br>အမှတ် (၄) အာဇာနည်<br>ကိုယ်၌ဖြစ်သော ပြင်းထန်၊ ကြမ်းကြုတ်၊ မနှစ်သက်ဖွယ်၊ သေလောက်သေ ဒုဝေဒနာကို ခံစားရသဖြင့် ထိတ်လန့် တုန်လှုပ်၏။ ထိတ်လန့်၍ နိဗ္ဗာန်သို့ စေလွှတ်သောစိတ် ရှိသည်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ |
| ၅၂ | ။ | ၄-နာဂသုတ် | ၄၄၄ | ရဟန်း(၄)မျိုး - ၁။ နာယူတတ်၏၊ ၂။ သတ်ဖြတ်တတ်၏၊ ၃။ သည်းခံတတ်၏၊ ၄။ သွားတတ်၏။<br>၄- သွားတတ်၏<br>ရှည်စွာသော သံသရာခရီးတွင် မရောက်ဘူးသေးသည့် တဏှာကုန်ရာ၊ ကင်းပြတ်ရာ၊ ချုပ်ရာငြိမ်းရာနိဗ္ဗာန်သို့ လျင်စွာ သွားတတ်၏။ |
| ၅၃ | ၃-ဘယဝဂ် | ၉-အာနန္ဒ အစ္ဆရိယသုတ် | ၄၆၀ | အရှင်အာနန္ဒာ၌ရှိတော်မူသော အံ့ဖွယ်သရဲ (၄) မျိုး - ရဟန်း / ဘိက္ခုနီ / ဥပါသကာ / ဥပါသိကာမ တို့သည် အရှင်အာနန္ဒာအား ဖူးမြော်ရသဖြင့် နှစ်ခြိုက်ကြ၏။<br>အရှင်အာနန္ဒာ ဟောတော်မူသောတရားကိုလည်း နှစ်ခြိုက်ကြ၏။<br>အရှင်အာနန္ဒာတရားဟောတော်မူပြီး၍ ဆိတ်ဆိတ်နေသည့်အခါတွင် (၄) ပါး သော အထက်ပါပရိသတ်တို့သည် မရောင့်ရဲနိုင်ကြကုန်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်

## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၅၄ | ၄-ပုဂ္ဂလဝဂ် | ၈-နိကဋ္ဌသုတ် | ၄၆၆ | ၁။ ကိုယ်သာကင်း၍ စိတ်မကင်းသော ပုဂ္ဂိုလ်<br>၂။ ကိုယ်မကင်းသော်လည်း စိတ်ကင်းသောပုဂ္ဂိုလ်<br>၃။ ကိုယ်လည်းမကင်း၊ စိတ်လည်းမကင်းသော ပုဂ္ဂိုလ်<br>၄။ ကိုယ်လည်းကင်း၊ စိတ်လည်းကင်းသော ပုဂ္ဂိုလ်<br>ကိုယ်သာကင်း၍ စိတ်မကင်းသောပုဂ္ဂိုလ်<br>အစွန်အဖျားတောကျောင်းတို့တွင် သီတင်းသုံးသော်လည်း ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့ကို ကြံစည်နေသူ။ |
| ၅၅ | ၅-အာဘာ ဝဂ် | ၇-ဒုတိယ ကာလသုတ် | ၄၇၀ | ၁။ အခါအားလျော်စွာ တရားနာကြားခြင်း၊<br>၂။ အခါအားလျော်စွာ တရားဆွေးနွေးခြင်း၊<br>၃။ အခါအားလျော်စွာ တရားသုံးသပ်ခြင်း၊<br>၄။ အခါအားလျော်စွာဝိပဿနာရှုခြင်းတို့သည် အာသဝေါတရားတို့ကို ကုန်စေပါသည်။ |
| ၅၆ | ၂-ပဋိပဒါ ဝဂ် | ၂-ဝိတ္ထာရသုတ် | ၄၇၉ | အကျင့် (၄) မျိုး -<br>၁။ ဆင်းရဲစွာ ကျင့်၍ နှေးသောအသိဉာဏ်ရှိသောအကျင့်၊<br>၂။ ဆင်းရဲစွာကျင့်၍ လျင်မြန်သောအသိဉာဏ်ရှိသောအကျင့်၊<br>၃။ ချမ်းသာလွယ်ကူစွာကျင့်၍ နှေးသောအသိဉာဏ်ရှိသော အကျင့်၊<br>၄။ ချမ်းသာလွယ်ကူစွာကျင့်၍ လျင်မြန်သောအသိဉာဏ် ရှိသောအကျင့်၊<br>၄-ချမ်းသာလွယ်ကူစွာကျင့်၍ လျင်မြန်သောအသိဉာဏ် ရှိသောအကျင့်<br>ပင်ကိုယ်အားဖြင့် ပြင်းထန်သောရာဂ/ဒေါသ/ မောဟ မရှိသူအား သဒ္ဓါ/ဝီရိယ/သတိ/သမာဓိ/ပညာ ဣန္ဒြေငါးပါးတို့သည် လွန်ကဲစွာဖြစ်ကုန်၏။ ဣန္ဒြေငါးပါးတို့ လွန်ကဲ |



www.thitsarparamisociety.com/

## ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ခြင်းကြောင့် ထိုပုဂ္ဂိုလ်အား မဂ် သမာဓိသို့ လျင်မြန်စွာ ရောက်၏။ |
| ၅၇ | ၃-သစ္စေတနိယဝဂ် | ၆-အာယာစနသုတ် | ၄၉၇ | ၁။ သဒ္ဓါတရားနှင့်ပြည့်စုံသောရဟန်းသည် ကောင်းစွာ တောင့်တလိုပါက "အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့နှင့် တူမျှသောသူ ဖြစ်ရပါလို၏" ၂။ ဘိက္ခုနီသည် "ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီတို့နှင့် တူမျှသောသူ ဖြစ်ရပါလို၏" ၃။ ဥပါသကာသည် "စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝက မင်းသားတို့နှင့် တူမျှသောသူဖြစ်ရပါလို၏" ၄။ ဥပါသိကာမသည် "ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ တို့နှင့်တူမျှ သောသူ ဖြစ်ရပါလို၏"ဟူ၍တောင့်တကြရာ၏။ |
| ၅၈ | ၃-သစ္စေတနိယဝဂ် | ၇-ရာဟုလသုတ် | ၄၉၈ | သားတော်ရာဟုလာအား ကိုရင်ဘဝတွင် မြတ်စွာဘုရား ဟောတော်မူသောတရားဖြစ်သည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်ကြီး (၄)ပါး တို့သည် မိမိ၏ အတွင်းသန္တာန်၌၄င်း၊ ပြင်ပ၌၄င်းရှိသည် သာတည်း။ ဓါတ်ကြီးလေးပါးတို့ကို " မိမိကိုယ်/မိမိဥစ္စာဟူ၍မရှုသော ရဟန်းသည် တဏှာကိုဖြတ်ပြီး သံယောဇဉ်တို့ကို လွန်မြောက် ၏၊ ထောင်လွှားခြင်း 'မာန'ကို ပယ်ခြင်းကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏"။ |
| ၅၉ | (၂၀)၅-မဟာဝဂ် | ၂ - ဌာနသုတ် | ၅၂၂ | ၁။ အတူနေခြင်းဖြင့် သီလကို သိနိုင်၏၊ ၂။ အတူပြောဆိုခြင်းဖြင့် စင်ကြယ်ခြင်းကို သိနိုင်၏၊ ၃။ ဘေးရန်၌ အစွမ်းကို သိနိုင်၏၊ ၄။ ဆွေးနွေးခြင်းဖြင့် ပညာကို သိနိုင်၏။ |

www.thitsarparami.org/



# ၁၀။ အင်္ဂုတ္တိုလ် ပါဠိတော်
## ( ဧကက - ဒုက - တိက - စတုက္ကနိပါတ် )

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆၀ | (၂၅) ၅-အာပတ္တိဘယဝဂ် | ၄-သေယျာသုတ် | ၅၈၁ | ၁။ မြတ်စွာဘုရားတို့၏ အိပ်ခြင်း၊<br>၂။ ခြင်္သေ့တို့၏ အိပ်ခြင်း၊<br>၃။ ကာမဂုဏ်ခံစားသူတို့၏ အိပ်ခြင်း၊<br>၄။ ပြိတ္တာတို့၏ အိပ်ခြင်း။ |
| ၆၁ | ၆-အဘိညာဝဂ် | ၂-ပရိယေသနသုတ် | ၅၈၄ | အရိယာမဟုတ်သူတို့ ရှာမှီးခြင်းနှင့် အရိယာပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်း (၄) မျိုး၊<br>အရိယာမဟုတ်သူတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့အပြင် ပူပန်ညှိုးငယ်စက်တတ်သောအရာတို့ကိုသာ ရှာမှီးကြ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/

# အင်္ဂုတ္တိုရ် ပါဠိတော်
# (မြန်မာပြန်) ဒုတိယတွဲ
# ပဉ္စက-ဆက္က-သတ္တကနိပါတ်



www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိတ္တကသုတ် ... ... ... | ၁၁၅ |
| ၂။ | စတုတ္ထဟိတသုတ် ... ... ... | ၁၁၅ |
| ၃။ | ဥပက္ကိလေသသုတ် ... ... ... | ၁၁၅ |
| ၄။ | ဝိမုတ္တာယတနသုတ် ... ... ... | ၁၁၅ |
| ၅။ | ဥပစ္ဆာယသုတ် ... ... ... | ၁၁၆ |
| ၆။ | ပဌမ ဝုမ္မပဗ္ဗဇိတသုတ် ... ... ... | ၁၁၆ |
| ၇။ | ဒုတိယ ဝုမ္မပဗ္ဗဇိတသုတ် ... ... ... | ၁၁၆ |
| ၈။ | နိဗ္ဗိဒါသုတ် ... ... ... | ၁၁၆ |
| ၉။ | ပဌမ ဓမ္မဝိဟာရီသုတ် ... ... ... | ၁၁၇ |
| ၁၀။ | ပဌမ ယောဓာဇီဝသုတ် ... ... ... | ၁၁၇ |
| ၁၁။ | ပဌမ အနာဂတဘယသုတ် ... ... ... | ၁၁၇ |
| ၁၂။ | တတိယ အနာဂတဘယသုတ် ... ... ... | ၁၁၈ |
| ၁၃။ | ရဇနီယသုတ်မှ အကုသမသုတ် ... ... ... | ၁၁၉ |
| ၁၄။ | သီလဝန္တသုတ် ... ... ... | ၁၂၀ |
| ၁၅။ | ပဌမ သမ္ပဒါသုတ် ... ... ... | ၁၂၀ |
| ၁၆။ | သုတဓရသုတ် ... ... ... | ၁၂၀ |
| ၁၇။ | ဖာသုဝိဟာရသုတ် ... ... ... | ၁၂၁ |
| ၁၈။ | ဂိလာနသုတ် ... ... ... | ၁၂၁ |
| ၁၉။ | ဘတ္တာဒကသုတ် ... ... ... | ၁၂၁ |
| ၂၀။ | အာရဘတိသုတ် ... ... ... | ၁၂၂ |
| ၂၁။ | သာရန္ဓဒသုတ် ... ... ... | ၁၂၂ |
| ၂၂။ | ဂဝေသီသုတ် ... ... ... | ၁၂၃ |
| ၂၃။ | သင်္ဂါရဝသုတ် ... ... ... | ၁၂၃ |
| ၂၄။ | ကုလသုတ် ... ... ... | ၁၂၃ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| | ဆက္ကနိပါတ် | |
| ၂၅။ | မဟာနာမသုတ် ... ... ... | ၁၂၄ |
| ၂၆။ | ပဌမ သာရဏီယသုတ် ... ... ... | ၁၂၄ |
| ၂၇။ | ဘဒ္ဒကသုတ် ... ... ... | ၁၂၅ |
| ၂၈။ | နကုလပိတုသုတ် ... ... ... | ၁၂၅ |
| ၂၉။ | ပဌမ မရဏဿတိသုတ် ... ... ... | ၁၂၆ |
| ၃၀။ | ဘယသုတ် ... ... ... | ၁၂၆ |
| ၃၁။ | အနုတ္တရိယသုတ် ... ... ... | ၁၂၆ |
| ၃၂။ | ဒါနသုတ် ... ... ... | ၁၂၇ |
| ၃၃။ | နာဂိတသုတ် ... ... ... | ၁၂၈ |
| ၃၄။ | ဣန္ဒြိယသံဝရသုတ် ... ... ... | ၁၂၈ |
| ၃၅။ | ဖဂ္ဂုနသုတ် ... ... ... | ၁၂၈ |
| | သတ္တကနိပါတ် | |
| ၃၆။ | ပဌမ ပရိဟာနိသုတ် ... ... ... | ၁၂၉ |
| ၃၇။ | ဒုတိယ ပရိဟာနိသုတ် ... ... ... | ၁၃၀ |
| ၃၈။ | နန္ဒမာတာသုတ် ... ... ... | ၁၃၀ |
| ၃၉။ | ပစလာယမာနသုတ် ... ... ... | ၁၃၁ |
| ၄၀။ | နဂရောပမသုတ် ... ... ... | ၁၃၂ |
| ၄၁။ | အဂ္ဂိက္ခန္ဓောပမသုတ် ... ... ... | ၁၃၃ |


www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | ပဉ္စကနိပါတ် | | | |
| ၁ | ၂ - ဗလဝဂ် | ၄-ဝိတ္ထကသုတ် | ၁၂ | ငါးမျိုးသောအားတို့ကို အသေးစိတ်ရှင်းလင်းထားပါသည်-<br>၁။ သဒ္ဓါအား ၂။ ဝီရိယအား ၃။ သတိအား<br>၄။ သမာဓိအား ၅။ ပညာအား ။ |
| ၂ | ၂ - ဗလဝဂ် | ၁၀-စတုတ္ထဟိတသုတ် | ၁၆ | သီလ၊ သမာဓိ၊ ပညာ၊ လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် ပြည့်စုံသောရဟန်းသည် သူတပါးတို့ ပြည့်စုံကြစေရန်လည်း ဆောက်တည်စေ၏။<br>ထိုရဟန်းသည် မိမိ / သူတပါး အကျိုးစီးပွား အလို့ငှာ ကျင့်သည်မည်၏။ |
| ၃ | ၃-ပဉ္စင်္ဂိကဝဂ် | ၃-ဥပက္ကိလေသသုတ် | ၁၉ | စိတ်၏အညစ်အကြေး (၅) မျိုး -<br>၁။ ကာမစ္ဆန္ဒ ၂။ ဗျာပါဒ ၃။ ထိနမိဒ္ဓ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ<br>၅။ ဝိစိကိစ္ဆာ |
| ၄။ | ၃-ပဉ္စင်္ဂိကဝဂ် | ၆-ဝိမုတ္တာယတနသုတ် | ၂၃ | လွတ်မြောက်ကြောင်း (၅) မျိုး -<br>ပဌမ လွတ်မြောက်ကြောင်း -<br>ဆရာဖြစ်စေ၊သီတင်းသုံးဖော်ကဖြစ်စေ ဟောကြားအပ်သော တရားကို ထိုးထွင်း၍ သိခြင်း ------<br>ဒုတိယ လွတ်မြောက်ကြောင်း -<br>သင်ကြား၊ ကြားနာဘူးသည့်အတိုင်း သစ္စာလေးပါးတရားကို သူတပါးတို့အား ဟောကြားခြင်း -----<br>တတိယ လွတ်မြောက်ကြောင်း -<br>သင်ကြား၊ ကြားနာဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် ရွတ်အံ့သရဇ္ဈာယ်ခြင်း ----- |



www.thitsarparamisociety.com/

# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | စတုတ္ထ လွတ်မြောက်ကြောင်း -<br>သင်ကြား၊ ကြားနာဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန်စဉ်းစားသုံးသပ်ရှုမြင်ဆင်ခြင်ခြင်း -----<br>ပဉ္စမ လွတ်မြောက်ကြောင်း -<br>ကောင်းစွာသင်ယူထားသောကမ္မဋ္ဌာန်း သမာဓိ အာရုံ တစ်မျိုးမျိုးကို ကောင်းစွာနှလုံးသွင်း၊ မှတ်သားထားခြင်း၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိခြင်း ------- |
| ၅ | ၁-နီဝရဏဝဂ် | ၆-ဥပဇ္ဈာယသုတ် | ၇၅ | လေးလံထိုင်းမှိုင်း၍ မမွေ့လျော်သောရဟန်းအား ဤသို့ မြတ်စွာဘုရား ဆုံးမတော်မူသည်-<br>ရဟန်း - သင်သည် ဣန္ဒြေတို့ကို စောင့်ရှောက်ရမည်၊ ဘောဇဉ်၌ အတိုင်းအရှည် သိရမည်၊ နိုးကြား၍ အားထုတ်သူ ကုသိုလ်တရား ရှုသူ၊ ဗောဓိပက္ခိယတရားပွားများအားထုတ်ရမည်။ |
| ၆ | ၁-နီဝရဏဝဂ် | ၉-ပဌမဝုဍ္ဎပဗ္ဗဇိတသုတ် | ၈၄ | သိမ်မွေ့သော/ရဟန်းအသွင်အပြင်နှင့် ပြည့်စုံသော/အကြားအမြင်ဗဟုသုတနှင့်ပြည့်စုံသော/တရားဟောတတ်သော/ဝိနည်းမိုရ်တောထွက်ရဟန်းကို ရခဲ၏။ |
| ၇ | ။ | ၁၀-ဒုတိယဝုဍ္ဎပဗ္ဗဇိတသုတ် | ၈၄ | ဆိုဆုံးမလွယ်သော/ကောင်းသောအယူကို ယူတတ်သော/ဆုံးမစကားကို အမြတ်တနိုးခံယူတတ်သော/ တရားဟောတတ်သော/ဝိနည်းမိုရ်တောထွက်ရဟန်းကို ရခဲ၏။ |
| ၈။ | ၂- သညာဝဂ် | ၉-နိဗ္ဗိဒါသုတ် | ၈၉ | နိဗ္ဗာန်အကျိုးငှာ ပွားများရမည့် တရား (၅) မျိုး -<br>၁။ ခန္ဓာကိုယ်ကို မတင့်တယ်ဟု ရှုရန်၊<br>၂။ မျိုးအပ်သောအစာ၌ စက်ဆုပ်ရွံရှာဖွယ်ဟု မှတ်ရန်၊<br>၃။ လောကအားလုံး၌ မွေ့လျော်ဖွယ် မရှိဟု မှတ်ရန်၊<br>၄။ အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု ရှုရန်၊ |

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဥ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၅။ သေခြင်း ' မရဏသညာ ' သည် အတွင်းသန္တာန်၌ ကောင်းစွာ တည်ရန်။<br>မှတ်ချက်။ စာမျက်နှာ (၉၀) ၁-ပဌမစေတောဝိမုတ္တိဖလသုတ်ကို ဆက်လက်ဖတ်ရှုရန်။<br>၁။ တံခါးကျည်ကို ပယ်ချပြီးသူ ၂။ ကျုံးကို ဖျက်ဆီးသူ၊<br>၃။ တံခါးတိုင်ကို နုတ်ပြီးသူ၊ ၄။ တံခါးရွက်ကို ဖွင့်ပြီးသူ<br>၅။ အလံကို ချပြီးသော၊ ဝန်ကို ချပြီးသော ဝဋ်ဆင်းရဲနှင့် မစပ်ယှဉ်အပ်သော မြတ်သောသူ။ |
| ၉။ | ၃-ယောဓာဇီဝဝဂ် | ၁-ပဌမဓမ္မဝိဟာရီသုတ် | ၉၃ | မြတ်ဗုဒ္ဓဟောတော်မူသောတရား(၉)မျိုးကို သင်ယူသော ရဟန်းသည် တစ်ယောက်တည်း ကိန်းအောင်းပြီး အတွင်းသန္တာန်၌ ကိလေသာမှ ငြိမ်းရန် ကြိုးစား၏။<br>ထိုရဟန်းကိုသာလျှင် "တရားနှင့်နေလေ့ရှိသူ"ဟု ခေါ်ဆိုအပ်၏။ |
| ၁၀ | ၃-ယောဓာဇီဝဝဂ် | ၅-ပဌမယောဓာဇီဝသုတ် | ၉၆ | ရဟန်း၏အောင်အပ်ပြီးသော စစ်မြေပြင် -<br>၁။ မြူမှုန်ထု ၂။ အလံဖျား ၃။ ကျယ်လောင်သောအသံ<br>၄။ ထိုးပစ်ပုတ်ခတ်ခြင်းစသည့်ဖြင့် ဥပမာပေးထားသော မာတုဂါမ၏အန္တရာယ်တို့ကို ကြံ့ကြံ့ခံနိုင်သော ရဟန်းသည် " စစ်မြေဦး၌ပင်လျှင် စိုးမိုး၍နေသကဲ့သို့ သူရဲကောင်းနှင့်တူသောရဟန်း " ဖြစ်သည်။ |
| ၁၁ | ၃-ယောဓာဇီဝဝဂ် | ၇-ပဌမအနာဂတဘယသုတ် | ၁၀၈ | နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တောနေရဟန်း ဆင်ခြင်သင့်သည့် အနာဂတ်ဘေး (၅)မျိုး-<br>၁။ တစ်ယောက်တည်း တော၌နေသော ငါ့အား မြွေ၊ ကင်းမြီးကောက်၊ကင်းခြေများ ကိုက်ခြင်းကြောင့်သေနိုင်၏၊ ထိုအန္တရာယ်မကျရောက်မီ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ကြိုးပမ်းအားထုတ်ပါအံ့။<br>၂။ ကျန်းမာရေးအန္တရာယ်မရောက်မီ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ကြိုးပမ်းအားထုတ်ပါအံ့။<br>၃။ သားရဲတိရစ္ဆာန်အန္တရာယ်မရောက်မီ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ကြိုးပမ်းအားထုတ်ပါအံ့။<br>၄။ လူဆိုးဘေးမရောက်မီ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ကြိုးပမ်းအားထုတ်ပါအံ့။<br>၅။ ကြမ်းကြုတ်သောဘီလူးဘေးမရောက်မီ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ကြိုးပမ်းအားထုတ်ပါအံ့။ |
| ၁၂ | ၃-ယောဓာဇီဝဝဂ် | ၉-တတိယအနာဂတဘယသုတ် | ၁၁၃ | အနာဂါတ်ဘေးငါးမျိုးတို့ကိုသိရှိပြီးပယ်ရန် အားထုတ်ကြရမည်ဟု မြတ်ဗုဒ္ဓ ကြိုတင်မိန့်တော်မူသော အလွန်တရာအရေးကြီးလှစွာသော ဒေသနာဖြစ်ပါသည်။<br>၁။ ကိုယ်ကို မပွားများ၊<br>သီလကို မပွားများ၊<br>စိတ်(သမာဓိ)ကို မပွားများကြသူများက ဥပဇ္ဈာယ်ဆရာဖြစ်ပြီး ရဟန်းတို့ကို၊<br>လွန်မြတ်သောသီလ၊<br>လွန်မြတ်သောစိတ်၊<br>လွန်မြတ်သောပညာ အလို့ငှာ မဆုံးမနိုင်၊<br>ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏။ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။<br>၂။ အထက်ပါအတိုင်း/နိဿရည်း ဆရာများက . . . . . . .<br>၃။ အထက်ပါအတိုင်း/အဘိဓမ္မာနှင့်ဝေဒလ္လတို့ကို ပြောဟောလျက်မည်းညစ်သော အကုသိုလ်တရားသို့သာ သက်ရောက်သည်ဖြစ်၍ . . . . . . |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)
## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၃ | ၄-ထေရဝဂ် | ၁-ရဇနိယသုတ်မှ ၅-အက္ခမသုတ် | ၁၁၇ မှ ၁၂၀ | ၄။ အထက်ပါအတိုင်း/မြတ်စွာဘုရားဟောတော်မူသော နက်နဲသောလောကမှ ထွက်မြောက်ကြောင်းတရားကိုကောင်းစွာ နာယူကြလိမ့်မည် မဟုတ်ကုန်. . . . .<br>၅။ အထက်ပါအတိုင်း/မထေရ်ကြီး ရဟန်းတို့သည် ပစ္စည်း များရန်သာကျင့်ကြံကြပြီး သိက္ခာသုံးရပ်ကို လျှော့လျော့ပေါ့ ပေါ့သာ ကျင့်ကြမည်၊ အောက်သို့ရောက်စေသောတရား၌ ရှေ့သွားဖြစ်ပြီး နိဗ္ဗာန်၌ တာဝန်မဲ့ကြမည် . . . . . .<br>" သီတင်းသုံးဖော်တို့၏ မချစ်၊ မမြတ်နိုး၊ အလေးအမြတ် မပြုအပ်သော တရား (၅) မျိုးနှင့် ပြည့်စုံသောရဟန်းနှင့် သီတင်းသုံးဖော်တို့ ချစ်၊ မြတ်နိုး၊ အလေးအမြတ်ပြုအပ်သော တရား(၅)မျိုးနှင့် ပြည့်စုံသောရဟန်း"<br>"ချစ်၊ မြတ်နိုး၊ အလေးအမြတ်ပြုအပ်သောတရား(၅)မျိုး"<br>၁။ ရဇနိယသုတ် - အာရုံ၌ မစွဲမက်/မပြစ်မှား/မတွေဝေ/ အမျက်မထွက်/မယစ်မူး။<br>၂။ ဝီတရာဂသုတ် - ရာဂ/ဒေါသ/မောဟ/သူတပါး ဂုဏ်ချေဖျက်ခြင်း/ဂုဏ်ပြိုင်ခြင်းမရှိ။<br>၃။ ကုဟကသုတ် - အံ့ဖွယ်မပြု/မဖြားယောင်း/အရိပ် နိမိတ်မပြု/ဖိနှိပ်၍မဆို/လာဘ်ကို မရှာမှီး၊<br>၄။ အဿဒ္ဓသုတ် - သဒ္ဓါရှိ၏/ရှက်တတ်၏/ကြောက်တတ် ၏/လုံ့လရှိ၏/ပညာရှိ၏။<br>၅။ အက္ခမသုတ် - ရူပါရုံ/သဒ္ဒါရုံ/ဂန္ဓာရုံ/ရသာရုံ/ ဖောဋ္ဌဗ္ဗာရုံ တို့ကို သည်းခံနိုင်၏ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၄ | ၄-ထေရဝဂ် | ၇-သီလဝန္တသုတ် | ၁၂၀ | ၁။ သီလ/ပါတိမောက္ခသံဝရ သီလ/အကျင့်တို့နှင့် ပြည့်စုံပြီး အနည်းငယ်သောအပြစ်တို့ကို ဘေးအန္တရာယ်ဟု ရှု၏။<br>၂။ အကြားအမြင်များ၏၊ ဆောင်၏၊ ဆည်းပူး၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။<br>၃၊ ကောင်းသောစကား၊ သန့်ရှင်းအပြစ်ကင်း ယဉ်ကျေးသောစကားနှင့် ပြည့်စုံ၏။<br>၄။ ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏။<br>၅။ လွတ်မြောက်သောစိတ်နှင့် ပညာကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။<br>အထက်ပါ တရား (၅)မျိုးနှင့် ပြည့်စုံသောရဟန်းသည် သီတင်းသုံးဖော်တို့၏ချစ်မြတ်နိုး အလေးအမြတ်ပြုအပ်သူ ဖြစ်သည်။ |
| ၁၅ | ၅-ကကုဓ ဝဂ် | ၁-ပဌမသမ္ပဒါ သုတ် | ၁၂၇ | ပြည့်စုံခြင်း (၅) မျိုး<br>သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ပြည့်စုံခြင်း။ |
| ၁၆ | ၅-ကကုဓ ဝဂ် | ၆-သုတဓရ သုတ် | ၁၂၉ | အောက်ပါတရား (၅)မျိုးနှင့် ပြည့်စုံသောရဟန်းသည် အာနာပါနဿတိကို မှီဝဲသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ -<br>၁။ အမှုသစ်/ကိစ္စနည်းပါး၏၊ မွေးမြူလွယ်၏၊ ရောင့်ရဲလွယ်၏၊<br>၂။ အစားအသောက်နည်းပါး၏၊<br>၃။ အအိပ်နည်းပါး၏၊ နိုးကြား၏၊<br>၄။ အကြားအမြင်များ၏၊ ဆောင်၏၊ ဆည်းပူး၏၊<br>၅။ အလုံးစုံပြည့်စုံသော အစ အလယ် အဆုံး ကောင်းသောတရားတို့ကို များစွာနာကြား/ဆောင်ထား/နှုတ်ဖြင့် လေ့ကျင့်/ |



www.thitsarparamisociety.com/

## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | စိတ်ဖြင့် မှတ်သား/ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။ |
| ၁၇ | ၁-ဖာသုဝိဟာရဝဂ် | ၅-ဖာသုဝိဟာရသုတ် | ၁၄၃ | ချမ်းသာစွာနေရခြင်း(၅)မျိုး-သီတင်းသုံးဖော်တို့အပေါ်<br>၁။ မျက်မှောက်/မျက်ကွယ် ကာယကံ မေတ္တာထားရှိခြင်း၊<br>၂။ မျက်မှောက်/မျက်ကွယ် ဝစီကံ မေတ္တာထားရှိခြင်း၊<br>၃။ မျက်မှောက်/မျက်ကွယ် မနောကံ မေတ္တာထားရှိခြင်း၊<br>၄။ မျက်မှောက်/မျက်ကွယ် သီလအတူ စောင့်ထိန်းခြင်း၊<br>၅။ မျက်မှောက်/မျက်ကွယ် သမ္မာဒိဋ္ဌိအယူ တူကြခြင်း။ |
| ၁၈ | ၃-ဂိလာနဝဂ် | ၁ - ဂိလာနသုတ် | ၁၅၅ | အောက်ပါတရား (၅)မျိုးနှင့် ပြည့်စုံသောသူနာရဟန်းသည် လွတ်မြောက်သောစိတ်နှင့်ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုမည် -<br>၁။ ခန္ဓာကိုယ်ကို မတင့်တယ်ဟု အဖန်တလဲလဲ ရှုခြင်း၊<br>၂။ အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိခြင်း၊<br>၃။ အလုံးစုံသောလောက၌ မမွေ့လျော်ဟု အမှတ်ရှိခြင်း၊<br>၄။ အလုံးစုံသောသင်္ခါရတရားတို့သည် မမြဲဟု ရှုခြင်း၊<br>၅။ သေခြင်းကိုအာရုံပြုသောအမှတ်သညာသည် အတွင်းသန္တာန်၌ ကောင်းစွာတည်ခြင်း။ |
| ၁၉ | ၄-ရာဇဝဂ် | ၈-ဘတ္တာဒကသုတ် | ၁၇၃ | အောက်ပါ (၅) မျိုးကို သည်းမခံနိုင်သောရဟန်းသည် "ဆွမ်းစားတတ်ရုံမျှ၊ နေရာဖြန့်းတီးရုံမျှ၊ အင်းပျဉ်ကိုဖျက်ဆီးရုံမျှ၊ စာရင်းဝင်ရုံမျှရဟန်း" ဟူ၍ ခေါ်ဆိုရမည် -<br>၁။ အဆင်းကို သည်းမခံနိုင်၊<br>၂။ အသံကို သည်းမခံနိုင်၊<br>၃။ အနံ့ကို သည်းမခံနိုင်၊<br>၄။ အရသာကို သည်းမခံနိုင်၊<br>၅။ အတွေ့ကို သည်းမခံနိုင်။ |

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၀ | ၅-တိကဏ္ဍကီဝဂ် | ၂-အာရဘတိ သုတ် | ၁၈၄ | ရဟန်း (၅) မျိုး -<br>၁။ အာပတ်ကို လွန်ကျူးပြီး နှလုံး မသာယာခြင်းဖြစ်၏၊ ယုတ်ညံ့သောအကုသိုလ်တရားတို့ချုပ်ရာ "လွတ်မြောက်သော စိတ်နှင့် ပညာ"ကို ဟုတ်တိုင်းမှန်စွာ မသိ၊<br>၂။ အာပတ်ကိုလွန်ကျူးသော်လည်း နှလုံးမသာယာခြင်းမဖြစ်၊ ယုတ်ညံ့သောအကုသိုလ်တရားတို့ချုပ်ရာ "လွတ်မြောက်သောစိတ်နှင့် ပညာ"ကို ဟုတ်တိုင်းမှန်စွာ မသိ၊<br>၃။ အာပတ်ကိုမလွန်ကျူးသော်လည်း နှလုံးမသာယာခြင်း ဖြစ်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့ ချုပ်ရာ "လွတ်မြောက်သောစိတ်နှင့်ပညာ"ကို ဟုတ်တိုင်းမှန်စွာမသိ၊<br>၄။ အာပတ်ကို မလွန်ကျူး၊ နှလုံးမသာယာခြင်းလည်း မဖြစ်၊ သို့သော် ယုတ်ညံ့သော အကုသိုလ်တရားတို့ချုပ်ရာ "လွတ်မြောက်သောစိတ်နှင့် ပညာ"ကို ဟုတ်တိုင်းမှန်စွာ မသိ၊<br>၅။ အာပတ်ကို မလွန်ကျူး၊ နှလုံးမသာယာခြင်းလည်းမဖြစ်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် လွတ်မြောက်သောအရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာသိ၏။ |
| ၂၁ | ၅-တိကဏ္ဍကီဝဂ် | ၃ - သာရန္ဒဒ သုတ် | ၁၈၆ | လောက၌ ရခဲလှစွာသော ရတနာ (၅) မျိုး -<br>၁။ မြတ်စွာဘုရား ထင်ရှားဖြစ်ပေါ် ပွင့်ထွန်းမှု၊<br>၂။ မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယကိုဟောပြောတတ်သူ၊<br>၃။ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယကို သိနားလည်တတ်သူ၊<br>၄။ ဟောတော်မူသော ဓမ္မဝိနယကို သိသည့်အတိုင်း တရားနှင့်အညီ ကျင့်သူ၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၅။ သူပြုဘူးသောကျေးဇူးကို သိ၍ ထိုကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသူ။ |
| ၂၂ | ၃-ဥပါသက ဝဂ် | ၁၀-ဂဝေသီ သုတ် | ၂၄၀ | ကဿပဘုရားရှင်လက်ထက် "ဂဝေသီ"အမည်ရှိသော ဥပါသကာသည် ကိုယ်တိုင်လည်း လွတ်မြောက်မှုချမ်းသာ 'ဝိမုတ္တိသုခ'ကို မငြိုငြင် မပင်ပန်းပဲ ရရှိသကဲ့သို့ တပည့်ဥပါသကာငါးရာတို့ကလည်း ဝိမုတ္တိသုခကို ရရှိကြစေရန် ဆောင်ရွက်ခဲ့သော ကျင့်စဉ်အဆင့်ဆင့်တို့ပါဝင်ပါသည်။ |
| ၂၃ | ၅-မြဟ္မဏ ဝဂ် | ၃-သင်္ဂါရဝ သုတ် | ၂၅၆ | (၁) ကာမဂုဏ်တို့၌စွဲမက်ခြင်းကို ဆေးရောင်ဖြင့်ရောသောရေ၊ (၂) ပျက်စီးစေလိုမှုကို ကျိုက်ကျိုက်ဆူလျက်ရှိသောရေ၊ (၃) လေးလံထိုင်းမှိုင်းမှုကို ရေညှိဖြင့် ဖြည့်သောရေ၊ (၄) ပျံ့လွင့်မှု၊ နောင်တပူပန်မှုကို လှိုင်းထသောရေ၊ (၅) မဆုံးဖြတ်နိုင်မှုကို မှောင်ထဲ၌ထားသောရေ စသည့်ရေဥပမာ(၅)မျိုးဖြင့်နီဝရဏ (၅)ပါးတို့၏အပြစ်ကို ဖော်ပြထားပါသည်။ |
| ၂၄ | ၅-မြဟ္မဏ ဝဂ် | ၉-ကုလသုတ် | ၂၆၈ | သီလရှိသောရဟန်း မိမိတို့အိမ်သို့ ကြွလာသဖြင့် အိမ်သူအိမ်သား မိသားစုများရရှိသောအကျိုး (၅)ပါး - ၁။ သီလရှိသောရဟန်းကို မြင်ရ၍ စိတ်ကြည်လင်သဖြင့် နတ်ပြည်ရောက်စေတတ်၏။ ၂။ ခရီးဦးကြိုခြင်း၊ ရှိခိုးခြင်း၊ နေရာထိုင်ခင်းပေးခြင်းကြောင့် မြင့်မြတ်သောအမျိုး၌ဖြစ်စေတတ်၏။ ၃။ ရဟန်းကြွလာခြင်းကြောင့် ဝန်တိုမှုပယ်ဖျောက်သဖြင့် အိမ်သူအိမ်သားများ တန်ခိုးကြီးခြင်းကိုဖြစ်စေတတ်၏။ ၄။ တတ်စွမ်းသလောက်လှူဒါန်းခြင်းကြောင့် ဥစ္စာပေါများခြင်းကို ဖြစ်စေတတ်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဥ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၅။ သီလရှိသောရဟန်းကို လူတို့သည် သိလိုသည်များ မေးကြ တရားနာကြားကြသဖြင့် မိသားစုများ ပညာကြီးခြင်းကို ဖြစ်စေတတ်၏။ |
| ၂၅ | ဆက္ကနိပါတ် ၁-အာဟုနေယျဝဂ် | ၁၀-မဟာနာမသုတ် | ၃၂၇ | သိက္ခာသုံးပါးကို သိပြီးဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏ နေခြင်း (၆)မျိုး<br>၁။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန်ပွားများနေခြင်း။<br>၂။ တရားတော်၏ ဂုဏ်တော်ကို အဖန်ဖန်ပွားများနေခြင်း။<br>၃။ သံဃာတော်၏ ဂုဏ်တော်ကို အဖန်ဖန်ပွားများနေခြင်း။<br>၄။ မိမိ၏သီလဂုဏ်ကို အဖန်ဖန်ပွားများနေခြင်း။<br>၅။ မိမိ၏စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန်ပွားများနေခြင်း။<br>၆။ နတ်တို့ကိုသက်သေထား၍ မိမိ၏သဒ္ဓါစသောဂုဏ်များကို အဖန်ဖန်ပွားများနေခြင်း။ |
| ၂၆ | ၂-သာရဏီယဝဂ် | ၁-ပဌမသာရဏီယသုတ် | ၃၃၁ | ရဟန်းတို့ မပြတ်အောက်မေ့ထိုက်သော 'သာရဏီယ' တရား (၆) ပါး -<br>၁။ သီတင်းသုံးဖော်တို့အပေါ် မျက်မှောက်/မျက်ကွယ်၌ ကာယကံမေတ္တာထား၏။<br>၂။ သီတင်းသုံးဖော်တို့အပေါ် မျက်မှောက်/မျက်ကွယ်၌ ဝစီကံမေတ္တာထား၏။<br>၃။ သီတင်းသုံးဖော်တို့အပေါ် မျက်မှောက်/မျက်ကွယ်၌ မနောကံမေတ္တာထား၏။<br>၄။ ယုတ်စွအဆုံး သပိတ်ရှိဆွမ်းကိုလည်း သီတင်းသုံးဖော်နှင့်အတူ သုံးဆောင်၏။<br>၅။ မျက်မှောက်/မျက်ကွယ် သီတင်းသုံးဖော်တို့နှင့် သီလတူမျှ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဥ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၆။ မျက်မှောက်/မျက်ကွယ် သီတင်းသုံးဖော်တို့နှင့် အယူတူမှုခြင်း ရှိ၏။ |
| ၂၇ | ၂-သာရဏီယဝဂ် | ၄-ဘဒ္ဒကသုတ် | ၃၃၆ | အရှင်သာရိပုတ္တရာ၊ ရဟန်းများအား ဟောကြားသော "ကောင်းသောသေခြင်း၊ ကောင်းသော ကွယ်လွန်ခြင်း" တရား<br>- နိဗ္ဗာန်၌ မွေ့လျော်သောရဟန်း၊ ဝဋ်ဆင်းရဲ၏အဆုံးကို ကောင်းစွာပြုရန် သက္ကာယဒိဋ္ဌိကိုစွန့်ပယ်နိုင်သောရဟန်း<br>- ချဲ့ထွင်မှု 'ပပဉ္စတရား (၃)ပါး၊ တဏှာမာနဒိဋ္ဌိ'ကို စွန့်၍ ချဲ့ထွင်မှုမရှိရာ နိဗ္ဗာန်၌မွေ့လျော်သူသည် အတုမရှိသော နိဗ္ဗာန်ကို ပြည့်စုံစေ၏။ |
| ၂၈ | ၂-သာရဏီယဝဂ် | ၆-နကုလပိတုသုတ် | ၃၃၈ | နကုလပိတာသူကြွယ် မကျန်းမမာဖြစ်စဉ် နကုလမာတာသူကြွယ်မက အကြောင်းအရာ (၆) မျိုးကို သူကြွယ်အား ပြောကြားသည်ရှိသော် သူကြွယ်သည်ကျန်းမာခြင်းသို့ ရောက်ရှိ၏<br>၁။ မိမိသည် သင်မရှိသော်လည်း မိသားစုကို ကောင်းစွာ ထိန်းသိမ်းနိုင်သည်။<br>၂။ သင်မရှိသော်လည်း နောက်အိမ်ထောင်မပြုပါ။<br>၃။ သင်မရှိသော်လည်း ဘုရားနှင့် သံဃာတော်တို့ကို ဆက်လက်ဆည်းကပ်မည်။<br>၄။ သင်မရှိသော်လည်း သီလစောင့်ထိန်းပါမည်။<br>၅။ သင်မရှိသော်လည်း စိတ်၏ငြိမ်းအေးမှုရရှိနိုင်သူ ဖြစ်ပါသည်။<br>၆။ သင်မရှိသော်လည်း သာသနာတော်ကို ဆက်လက်ချီးမြှင့်ထောက်ပံ့ပေးပါမည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၉ | ၂-သာရဏီယဝဂ် | ၉-ပဌမမရဏသတိသုတ် | ၃၄၆ | မြတ်စွာဘုရား ချီးမွမ်းတော်မူသော အာသဝေါတရား ကုန်ခမ်းရန် ထက်သန်စွာ မရဏဿတိပွားများသောရဟန်း (၂)ပါး -<br>၁။ ဆွမ်းတလုတ်ကို ဝါးမျိုနေချိန်အတွင်းတွင်ပင် သေခြင်း တရားကို ပွားများနေသောရဟန်း။<br>၂။ ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန်၊ ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်းတွင်ပင် သေခြင်းတရားကို ပွားများနေသောရဟန်း။ |
| ၃၀ | ၃-အနုတ္တရိယဝဂ် | ၃ - ဘယသုတ် | ၃၅၃ | ကာမဂုဏ်တို့၏ အမည် (၆) မျိုး<br>ဘေး/ဒုက္ခ/ရောဂါ/အိုင်းအမာ/ကပ်ငြိခြင်း/ ညွှန်ပျောင်း |
| ၃၁ | ၃-အနုတ္တရိယဝဂ် | ၁၀-အနုတ္တရိယသုတ် | ၃၆၈ | အမြတ်ဆုံးတရား (၆) မျိုး -<br>၁။ အမြတ်ဆုံးအမြင် -မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကတို့ကို ဖူးမျှော်ရခြင်း။<br>၂။ အမြတ်ဆုံးအကြား - မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏တပည့်သာဝကတို့ ဟောတော်မူသောတရားတော်တို့ကို နာကြားရခြင်း။<br>၃။ အမြတ်ဆုံးလာဘ် - မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကတို့၌ ယုံကြည်မှုသဒ္ဓါတရားကို ရရှိခြင်း။<br>၄။ အမြတ်ဆုံးသိက္ခာ - မြတ်စွာဘုရားဟောတော်မူသော တရားဒေသနာတို့၌ လွန်ကဲသော သီလ/သမာဓိ/ပညာ တို့ကို သင်ယူခြင်း။<br>၅။ အမြတ်ဆုံးလုပ်ကျွေးမှု - မြတ်စွာဘုရားနှင့် မြတ်စွာ ဘုရား၏ တပည့်သာဝကတို့ကို လုပ်ကျွေးခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)
## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၆။ အမြတ်ဆုံးအောက်မေ့မှု - သဒ္ဓါတရားဖြင့် မတုန်မလှုပ်ခြင်းသို့ ရောက်ရှိပြီး မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကတို့ကို အလွန်ကြည်ညိုလျက် အဖန်ဖန်တလဲလဲ အောက်မေ့ခြင်း။ |
| ၃၂ | ၄-ဒေဝတာဝဂ် | ၇ - ဒါ. နသုတ် | ၃၃၉ | ဝေဠုကဏ္ဍကီမြို့နေ အနာဂါမ်နန္ဒမာတာ ( ဥပါသိကာမတို့တွင် သမာဓိအရာ၌ အသာဆုံးဧတဒဂ်ရရှိသူ ) သည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အမှူးပြုသော သံဃာတော်တို့အား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောအလှူကို ဖြစ်စေခဲ့၏ -<br>ပေးလှူသူ ဒါယကာ၏ အင်္ဂါသုံးပါး -<br>၁။ မပေးလှူမီ ဝမ်းမြောက်၏။<br>၂။ ပေးလှူစဉ် စိတ်ကို ကြည်လင်စေ၏။<br>၃။ ပေးလှူပြီးနောက်လည်း နှစ်သက်နေ၏။<br>အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါသုံးပါး -<br>၁။ တပ်မက်ခြင်း ရာဂကင်းကုန်၏(သို့)ကင်းရန် ကျင့်ကုန်၏<br>၂။ အမျက်ထွက်ခြင်း ဒေါသကင်းကုန်၏ (သို့) ကင်းရန် ကျင့်ကုန်၏။<br>၃။ တွေဝေခြင်း မောဟကင်းကုန်၏ (သို့) ကင်းရန် ကျင့်ကုန်၏။<br><br><u>မှတ်ချက်(၁)</u>။ ။ အထက်ပါဖြစ်စဉ်ကို သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသောမြတ်စွာဘုရားသည် သိရှိပြီး ထိုအလှူကိုဝမ်းမြောက်ဝမ်းသာဖြစ်သဖြင့် ဇေတဝန်ကျောင်းရှိရဟန်းတို့အား ဟောတော်မူသော တရားဖြစ်သည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | မှတ်ချက် (၂)။ ။ ဆက်လက်ဖော်ပြမည့် အမှတ်စဉ် (၃၈) "နန္ဒမာတာသုတ်"နှင့် တွဲဖတ်ရန်။ |
| ၃၃ | ၄-ဒေဝတာဝဂ် | ၁၂-နာဂိတသုတ် | ၃၈၅ | တောကျောင်းနေရဟန်းအား မြတ်စွာဘုရား အောက်ပါအတိုင်း ချီးမွမ်းတော်မူသည်-<br>၁။ အိပ်ငိုက်လျက် ထိုင်နေသော တောကျောင်းနေရဟန်းသည် အိပ်ငိုက်ခြင်းကြောင့်ဖြစ်သောပင်ပန်းမှုကိုပယ်ဖျောက်ပြီး၍ 'တော'ဟူသောအမှတ်ကိုသာလျှင် နှလုံးသွင်းပေလိမ့်မည်။<br>၂။ မတည်ကြည်သောစိတ်ရှိ၍ ထိုင်နေသောတောကျောင်းနေရဟန်းသည် "မတည်ကြည်သောစိတ်ကို တည်ကြည်စေပြီး ၎င်း၏ တည်ကြည်ပြီးသောစိတ်ကို အစဉ်စောင့်ရှောက်ပေလိမ့်မည်။<br>၃။ တည်ကြည်သော စိတ်ဖြင့် ထိုင်နေသော တောကျောင်းနေရဟန်းသည် "ကိလေသာ မကျွတ်လွတ်သေးသောစိတ်ကို ကျွတ်လွတ်စေပြီး၊ ကျွတ်လွတ်ပြီးသောစိတ်ကိုလည်း အစဉ်စောင့်ရှောက်ပေလိမ့်မည်။ |
| ၃၄ | ၅-မဟာဝဂ် | ၈-ကုန္ဒြိယသံဝရသုတ် | ၄၀၅ | ကုန္ဒြေ (၆)ပါး ( မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ) တို့ကို စောင့်စည်းမှု ကုန္ဒြေယသံဝရသီလရှိသော် -<br>သီလ/သမ္မာသမာဓိ/ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်အမြင်/ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်/စွဲမက်မှုကင်းခြင်းမဂ်ဉာဏ်/ကိလေသာမှ လွတ်မြောက်သောဉာဏ်အမြင်သည် ပြည့်စုံ၏။ |
| ၃၅ | ၆-မဟာဝဂ် | ၂ - ဖဂ္ဂုနသုတ် | ၄၂၄ | သေခါနီးအခါ၌ တရားနာခြင်းနှင့် အကြောင်းအကျိုးကို ဆင်ခြင်ခြင်းတို့ကြောင့် ရရှိသောအကျိုး (၆) မျိုး -<br>ပုထုဇဉ်ပုဂ္ဂိုလ်တို့အတွက် (၃) မျိုး |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၆ | သတ္တက နိပါတ် ၃-ဝဇ္ဇီသတ္တကဝဂ် | ၈-ပဌမပရိဟာနိ သုတ် | ၅၂၅ | ၁။ မြတ်စွာဘုရားထံမှ တရားနာယူခွင့်ရသဖြင့် အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း၊<br>၂။ မြတ်စွာဘုရား၏ တပည့်သာဝကတို့ထံမှ တရားနာယူခွင့်ရသဖြင့် အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း၊<br>၃။ မိမိကြားနာဘူး၊ သင်ယူဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် ကြံစည်/သုံးသပ်/ရှုမြင်သဖြင့် အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း။<br><br>အောက်ပိုင်းသံယောဇဉ်ငါးပါးတို့မှ လွတ်မြောက်ပြီးသောအရိယာတို့အတွက် (၃)မျိုး-<br>၁။ မြတ်စွာဘုရားထံမှ တရားနာယူခွင့်ရသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း၊<br>၂။ မြတ်စွာဘုရား၏တပည့်သာဝကတို့ထံမှ တရားနာယူခွင့်ရသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း၊<br>၃။ မိမိကြားနာဘူး၊ သင်ယူဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် ကြံစည်/သုံးသပ်/ရှုမြင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။<br><br>ကျင့်ဆဲသေက္ခရဟန်းအား တိုးတက်ဖြစ်ထွန်းစေရန် တရား (၇) ပါး -<br>၁။ အမှုသစ်၌ မမွေ့လျော်မှု၊<br>၂။ စကားပြောဆိုခြင်း၌ မမွေ့လျော်မှု၊<br>၃။ အိပ်စက်ခြင်း၌ မမွေ့လျော်မှု၊<br>၄။ အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မမွေ့လျော်မှု၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)
## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၅။ ကွန္ဒေ (၉၆)ပါး တံခါးကို ပိတ်ထားမှု၊<br>၆။ စားဖွယ်၌ အတိုင်းအရှည်ကို သိမှု၊<br>၇။ ထေရ်ကြီးရဟန်းတို့ ပြုအပ်သောကိစ္စတို့တွင် စွက်ဖက်မှု မရှိ။ |
| ၃၇ | ၃-ဝဇ္ဇိသတ္တကဝဂ် | ၉-ဒုတိယပရိဟာနိသုတ် | ၅၂၆ | ဥပါသကာ၊ ဥပါသိကာ (ဒါယကာ၊ဒါယိကာမ) များအား တိုးတက်ဖြစ်ထွန်းစေရန်တရား (၇) ပါး -<br>၁။ ရဟန်းတို့အား ဖူးမျှော်ခြင်းကို မဆုတ်ယုတ်စေ၊<br>၂။ သူတော်ကောင်းတရား နာကြားခြင်းကို မမေ့လျော့၊<br>၃။ မြတ်သောသီလ၌ ဖြည့်ကျင့်၏၊<br>၄။ မထေရ်ကြီး ရဟန်း၊ သီတင်းငယ်ရဟန်း၊ သီတင်းလတ် ရဟန်းတို့၌ ကြည်ညိုခြင်းများ၏၊<br>၅။ ချုပ်ချယ်လိုစိတ်မရှိဘဲ အပေါက်အလမ်းမရှာမူ၍ တရားကို နာ၏၊<br>၆။ မြတ်သောအလှူခံပုဂ္ဂိုလ်ကို အခြားသော သာသနာတို့၌ မရှာမှီး၊<br>၇။ ဤဗုဒ္ဓသာသနာတော်၌သာ ရှေးဦးအလှူကို လှူဒါန်း၏။ |
| ၃၈ | ၅-မဟာယညဝဂ် | ၁၁-နန္ဒမာတာသုတ် | ၅၆၁ | အမှတ်စဉ် ၃၂။ တွင် ဖော်ပြထားသော 'ဒါနသုတ်' နှင့် တွဲဖက်ရန်<br>အနာဂါမ် နန္ဒမာတာသည် ပါရာယနသုတ်ကိုမိုးသောက်ထအခါ နံနက်စောစောထ၍ အသံဖြင့် ရွတ်ဆိုပါသည်။<br>မြောက်အရပ်မှ တောင်အရပ်သို့ ရှေးရှုသွားသော ဝေဿဝဏ်နတ်မင်းကြီးသည် တရားသံကို ကြားသိသဖြင့် တရားဆုံးသည့်တိုင်အောင် ကောင်းကင်ယံတွင်ရပ်၍ ရှိသေစွာ နာကြား၏။ |



www.thitsarparamisociety.com/

## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ထို့ပြင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အမှူးပြုသော သံဃာတော်တို့ ယနေ့နံနက်တွင် ဤအရပ်သို့ ကြွရောက်မည်ဖြစ်ကြောင်း သတင်းစကားကို ဝေဿဝဏ်နတ်မင်းကြီးက နန္ဒမာတာအား ပြောကြားပါသည်။ ထိုသတင်းစကားကို ရရှိသဖြင့် သံဃာတော်တို့အား အင်္ဂါ(၆)ပါးနှင့်ပြည့်စုံသောအလှူကို နန္ဒမာတာ လှူဒါန်းပါသည်။ နန္ဒမာတာ၏ အံ့ဖွယ်(၇)ပါးကိုလည်း နန္ဒမာတာဥပါသိကာမသည် အရှင်သာရိပုတ္တရာအား လျှောက်ထားပါသည်။ |
| ၇၉ | ၆-အဗျာကတဝဂ် | ၈-ပစလာယမာနသုတ် | ၅၈၂ | မြတ်ဗုဒ္ဓ၏ ပထမဝါဆိုပြီးသောတပို့တွဲလဆန်း (၁) ရက်နေ့တွင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်လောင်းလျာတို့သည် ရာဇဂြိုလ်မြို့တွင် သီတင်းသုံးနေသောမြတ်ဗုဒ္ဓထံမှောက် ရောက်ရှိကြပါသည်။ တပို့တွဲလဆန်း (၈)ရက်နေ့တွင် အရှင်မဟာမောဂ္ဂလာန်သည် မဂဓတိုင်းကလ္လဝါဠပုတ္တရွာ၌ ငိုက်မျဉ်းလျက် ထိုင်နေတော်မူသည်ကို ဘဂ္ဂတိုင်း ဘေသကဠာတော၌ သီတင်းသုံးနေသော မြတ်စွာဘုရား သိတော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဘေသကဠာတောမှ ကွယ်၍ ကလ္လဝါဠပုတ္တရွာရှိ အရှင်မဟာမောဂ္ဂလာန်ရှေ့၌ ထင်ရှားဖြစ်တော်မူပြီး ငိုက်မျဉ်းနေသောအရှင်မဟာမောဂ္ဂလာန်အား ငိုက်မျဉ်းမှုကင်းပျောက်ကြောင်း တရား (၇) မျိုးကို ဟောတော်မူသည်။ ဆက်လက်၍ မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလာန်အား အောက်ပါတရားတော်များကို ဟောတော်မူသည် -<br>၁။ ဒါယကာအိမ်ကပ်ရောက်မှုအတွက် သတိပြုသင့်သည်များ၊<br>၂။ ဆန့်ကျင်ဖက် စကားမပြောကြားရန်၊ |

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၃။ တစ်ပါးတည်းကိန်းအောင်းရန်၊<br>၄။ အလုံးစုံသောတရားတို့ကို တဏှာ၊ ဒိဋ္ဌိ၊ အစွမ်းဖြင့် နိစ္စ၊ သုဘ၊ သုခ၊ အတ္တ ဟု နှလုံးမသွင်းရန်၊ ခန္ဓာ၊ အာယတန ဓါတ်စသည့် အလုံးစုံသောတရားတို့ကို မှန်ကန်စွာ နှလုံးသွင်းရန်၊<br>၅။ ဝေဒနာ (၃)မျိုး၌ -<br>(က) မမြဲဟု အဖန်ဖန်ရှုရန်၊<br>(ခ) စွဲမက်ခြင်းကင်းမှု ဝိရာဂအားဖြင့် အဖန်ဖန်ရှုရန်၊<br>(ဂ) ချုပ်ငြိမ်းမှု နိရောဓအားဖြင့် အဖန်ဖန်ရှုရန်၊<br>(ဃ) ဝေးစွာ စွန့်မှု ပဋိနိဿဂ္ဂအားဖြင့် အဖန်ဖန်ရှုရန်၊<br>(င) လောက၌ တစ်စုံတစ်ခုကိုမျှ တဏှာဒိဋ္ဌိဖြင့် မစွဲလမ်း၊ မတပ်မက်ခဲ့သော် ကိလေသာငြိမ်း၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။<br>မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်သော အရှင်မဟာမောဂ္ဂလာန်သည် ထိုနေ့တွင်ပင် ရဟန္တာဖြစ်တော်မူသည်။ |
| ၄၀ | ၇-မဟာဝဂ် | ၃-နဂရောပမ သုတ် | ၅၉၉ | ဒေါက်ပါသူတော်ကောင်းတရား(၇)ပါးနှင့် ပြည့်စုံသော ရဟန်းသည် ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏ -<br>၁။ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ယုံကြည်သောသဒ္ဓါနှင့် ပြည့်စုံသဖြင့် ကုသိုလ်ကို ပွားများ၏၊ အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏၊<br>၂။ ယုတ်ညံ့သော အကုသိုလ်တရား ပြုလုပ်ရန် ရှက်တတ်သဖြင့် ကုသိုလ်ကို ပွားများ၏၊အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့်ပြည့်စုံ၏။<br>၃။ ဒုစရိုက်တရားတို့ကို ထိတ်လန့်သဖြင့် ကုသိုလ်ကို ပွားများ၏၊ အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။<br>၄။ အကြားအမြင်များ၍ ပညာဖြင့် ကောင်းစွာသိသဖြင့် ကုသိုလ်ကို ပွားများ၏၊ အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။<br>၅။ မြဲမြံသော ဝီရိယအားထုတ်မှုပြည့်စုံသဖြင့် ကုသိုလ်ကို ပွားများ၏၊ အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။<br>၆။ သတိတည်းဟူသော တံခါးစောင့်ရှိသဖြင့် ကုသိုလ်ကို ပွားများ၏၊အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။<br>၇။ အလုံးစုံသောအပေါက်တို့ကို ပိတ်နိုင်သောပညာရှိသဖြင့် ကုသိုလ်ကို ပွားများ၏၊ အကုသိုလ်ကို ပယ်၏၊ မိမိစိတ်ကို စင်ကြယ်စွာထား၏၊ သူတော်ကောင်းတရားနှင့်ပြည့်စုံ၏။ |
| ၄၁ | ၇-မဟာဝဂ် | ၈-အဂ္ဂိက္ခန္ဓော ပမသုတ် | ၆၁၇ | ရဟန်းဖြစ်သော်လည်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက် ငရဲသို့ကျရောက်ရခြင်းတရား (၇)မျိုးကို မြတ်စွာဘုရား ဟောတော်မူသည်။<br>ဤတရားဒေသနာကို နာကြားရသောရဟန်း (၆၀)တို့၏ ပူသောနှလုံးသွေးသည် ခံတွင်းမှ အံထွက်၏၊ ထပ်မံ၍ ရဟန်း(၆၀)တို့သည် သိက္ခာချ၍ လူထွက်ကြ၏၊ ရဟန်း(၆၀)တို့မှာမူ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ ရဟန္တာဖြစ်တော်မူကြသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၁။ အင်္ဂုတ္တိုရ် ပါဠိတော် (ဒုတိယတွဲ)

## ပဉ္စက - ဆက္က - သတ္တက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | မြတ်စွာဘုရားဟောကြားတော်မူသော တရား(၇)ပါး<br>၁။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် မာတုဂါမနှင့်ဖက်၍ထိုင်နေ အိပ်နေခြင်း၊<br>၂။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် မင်း၊ ပုဏ္ဏား၊ သူကြွယ် စသူတို့၏ ရှိခိုးခြင်းကို သာယာခြင်း၊<br>၃။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် အထက်ပါပုဂ္ဂိုလ်များ၏ လက်အုပ်ချီခြင်းကို သာယာခြင်း၊<br>၄။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် အထက်ပါပုဂ္ဂိုလ်များ လှူဒါန်းသောသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်း၊<br>၅။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် အထက်ပါပုဂ္ဂိုလ်များ လှူဒါန်းသောဆွမ်းကိုသုံးဆောင်ခြင်း၊<br>၆။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် အထက်ပါပုဂ္ဂိုလ်များ လှူဒါန်းသော ညောင်စောင်းအင်းပျဉ်ကုတင်တို့ကို သုံးဆောင်ခြင်း။<br>၇။ ဒုဿီလပုဂ္ဂိုလ်ရဟန်းသည် အထက်ပါပုဂ္ဂိုလ်များ လှူဒါန်းသောကျောင်းကို သုံးဆောင်ခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/

# အင်္ဂုတ္တိုလ် ပါဠိတော်

# (မြန်မာပြန်) တတိယတွဲ

# အဋ္ဌက-နဝက-ဒသက-ဧကာဒသကနိပါတ်



www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| | အဋ္ဌကနိပါတ် | |
| ၁။ | မေတ္တာသုတ် ... ... ... | ၁၃၉ |
| ၂။ | ပညာသုတ် ... ... ... | ၁၃၉ |
| ၃။ | ပဌမဥဂ္ဂသုတ် ... ... ... | ၁၄၀ |
| ၄။ | အနုရုဒ္ဓမဟာဝိတက္ကသုတ် ... ... ... | ၁၄၁ |
| ၅။ | သပ္ပုရိသဒါနသုတ် ... ... ... | ၁၄၂ |
| ၆။ | ဂေါတမီသုတ် ... ... ... | ၁၄၂ |
| ၇။ | သံခိတ္တသုတ် ... ... ... | ၁၄၃ |
| ၈။ | ဘူမိစာလသုတ် ... ... ... | ၁၄၃ |
| ၉။ | ပရိဟာနသုတ် ... ... ... | ၁၄၄ |
| ၁၀။ | သမ္ဗဇညသုတ် ... ... ... | ၁၄၅ |
| | နဝကနိပါတ် | |
| ၁၁။ | သမ္ဗောဓိသုတ် ... ... ... | ၁၄၅ |
| ၁၂။ | ဗလသုတ် ... ... ... | ၁၄၆ |
| ၁၃။ | သီဟနာဒသုတ် ... ... ... | ၁၄၇ |
| ၁၄။ | သဥပါဒိသေသသုတ် ... ... ... | ၁၄၈ |
| ၁၅။ | ဝေလာမသုတ် ... ... ... | ၁၄၉ |
| | ဒသကနိပါတ် | |
| ၁၆။ | သံယောဇနသုတ် ... ... ... | ၁၅၁ |
| ၁၇။ | ပဌမနာထသုတ် ... ... ... | ၁၅၁ |
| ၁၈။ | ဒုတိယအရိယာဝါသသုတ် ... ... ... | ၁၅၂ |
| ၁၉။ | သီဟနာဒသုတ် ... ... ... | ၁၅၃ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၂၀။ | ပဗ္ဗဇိတအဘိဏှသုတ် ... ... ... | ၁၅၄ |
| ၂၁။ | သာရိပုတ္တသုတ် ... ... ... | ၁၅၅ |
| | ပရိဟာနသုတ် | |
| ၂၂။ | ပဌမသညာသုတ် ... ... ... | ၁၅၅ |
| | ဂိရိမာနန္ဒသုတ် | |
| ၂၃။ | အဝိဇ္ဇာသုတ် ... ... ... | ၁၅၅ |
| ၂၄။ | ပဌမသုခသုတ် ... ... ... | ၁၅၆ |
| ၂၅။ | ဒုတိယကထာဝတ္ထုသုတ် ... ... ... | ၁၅၆ |
| ၂၆။ | မိဂသာလာသုတ် ... ... ... | ၁၅၆ |
| ၂၇။ | ခီဏာသဝဗလသုတ် ... ... ... | ၁၅၈ |
| ၂၈။ | ဘယသုတ် ... ... ... | ၁၅၈ |
| ၂၉။ | အဘဗ္ဗသုတ် ... ... ... | ၁၅၈ |
| ၃၀။ | ရာဂပေယျာလသုတ် ... ... ... | ၁၅၉ |
| | ဧကာဒသကနိပါတ် | |
| ၃၁။ | ကိမတ္ထိယသုတ် ... ... ... | ၁၅၉ |
| ၃၂။ | ဂေါပါလသုတ် ... ... ... | ၁၆၀ |


www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | အဋ္ဌက နိပါတ် | | | |
| ၁ | ၁-မေတ္တာဝဂ် | ၁-မေတ္တာသုတ် | ၁ | မေတ္တာစိတ်ကို ကြိမ်ဖန်များစွာပွားများခြင်းကြောင့် ရရှိသောအကျိုး (၈) မျိုး -<br>၁။ ချမ်းချမ်းသာသာ အိပ်ရ၏၊<br>၂။ ချမ်းချမ်းသာသာ နိုးရ၏၊<br>၃။ အိမ်မက်ဆိုးကို မမြင်မက်၊<br>၄။ လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏၊<br>၅။ သားရဲ ဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏၊<br>၆။ နတ်တို့ စောင့်ရှောက်ကုန်၏၊<br>၇။ မီး၊ အဆိပ် လက်နက်တို့ မစွဲမကျ မဖျက်ဆီးနိုင်၊<br>၈။ ပြဟ္မာပြည်သို့ ရောက်ရ၏။ |
| ၂ | ၁-မေတ္တာဝဂ် | ၂ - ပညာသုတ် | ၂ | မြတ်သောအကျင့်အတွက် ပညာရရန်၊ လွန်စွာတိုးပွား စည်ပင်ပြန့်-ပြောပွားများစေရန်အကြောင်း အထောက်အပံ့ (၈) မျိုး -<br>၁။ ရဟန်းသည် ဆရာကို ဖြစ်စေ၊ အလေးအမြတ်ပြုထိုက်သော သီတင်းသုံးဖော်ကိုဖြစ်စေ အမှီပြု၍ ရှက်ကြောက်၊ ချစ်မြတ်နိုး၊ ရိုသေလေးစားစွာ နေထိုင်ခြင်း။<br>၂။ ရဟန်းသည် ထိုသို့ အမှီပြုထားသူအား သိလိုသောတရား ဒေသနာများ၏သဘော၊ အနက်အဓိပ္ပါယ်တို့ကို မေးမြန်းခြင်းဖြင့် တရားတို့၌ ယုံမှားခြင်းကင်းခြင်း။<br>၃။ ရဟန်းသည် ထိုတရားတော်ကို ကြားနာရ၍ အပေါင်းအဖော်မှ ကင်းဝေးမှု၊ ကိလေသာမှ ကင်းဝေးမှုဟူသော နှစ်ပါးစုံသော ကိုယ်နှင့် စိတ်ကင်းဝေးမှုနှင့်ပြည့်စုံခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဠကက - နဝကက - ဒသကက - ဧကာဒသကက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၄။ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်၍ နေထိုင်၏၊ အကျင့်(အာစာရ) နှင့် ကျက်စားရာ (ဂေါစရ)နှင့်ပြည့်စုံ၏၊ အနည်းငယ်မျှ လောက်သောအပြစ်တို့ကိုလည်း ဘေးအန္တာရာယ်ဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်သုံးခြင်း။<br>၅။ ရဟန်းသည် အကြားအမြင်များ၏၊ ဆောင်၏၊ ဆည်းပူး၏၊ အစ၊ အလယ်၊ အဆုံးကောင်းခြင်းရှိ၍ ဖြူစင်သော မြတ်သောအကျင့် ပါဝင်သောတရားတို့ကို များစွာကြားနာ၊ ဆောင်ထား၊ နှုတ်ဖြင့် လေ့ကျက်၊ စိတ်ဖြင့် မှတ်သား၊ ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိခြင်း။<br>၆။ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန်၊ ကုသိုလ် တရားတို့ကို ပြည့်စုံစေရန် ထက်သန်သောလုံ့လအစွမ်း ခိုင်မြဲသောလုံ့လရှိခြင်း။<br>၇။ ရဟန်းသည် သံဃာ့အလယ်သို့ ရောက်သော် အထူးထူး သောစကားကို ပြောဆိုမှုမရှိ၊ မင်္ဂဖိုလ်နှင့်ဗီလာဖြစ်သော စကားကို ပြောဆိုမှုမရှိ ကိုယ်တိုင်လည်း တရားဟော၏။ သူတပါးကိုလည်း ဟောရန် တောင်းပန်တိုက်တွန်း၏။ မြတ်သောဆိတ်ဆိတ်နေမှုကို အလေးထားခြင်း။<br>၈။ ရဟန်းသည် ခန္ဓာ (၅)ပါး၏ ဖြစ်ကြောင်း ချုပ်ပျောက် ကြောင်းတို့ကို အဖန်ဖန်ရှုလေ့ရှိခြင်း။ |
| ၃ | ၃-ဂဟပတိ ဝဂ် | ၁-အဠမဥဂ္ဂ သုတ် | ၄၇ | ဥဂ္ဂသူကြွယ်၏ အံ့ဖွယ် (၈) မျိုး -<br>၁။ မြတ်စွာဘုရားကို ပထမဦးစွာ အဝေးမှမြင်ရသည်နှင့် တပြိုင်နက် မြတ်စွာဘုရားအား ကြည်ညိုခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၂။ မြတ်စွာဘုရား အစဉ်အတိုင်း ဟောတော်မူသောတရားတော်တို့ကို စတင်နာကြားရသည့်အခါ ထိုနေရာတွင်ပင် "ဖြစ်ခြင်းသဘောရှိသောတရား အလုံးစုံတို့သည် ချုပ်ခြင်းသဘောရှိ၏"ဟု ကိလေသာမြူအညစ်အကြေးကင်းစင်သောတရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပေါ်ခြင်း။<br>၃။ မြင့်မြတ်သော ဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်လိုက်ပြီ ဖြစ်သောကြောင့် ဇနီး(၄)ဦးတို့ကို ဇနီးအဖြစ်မှ စွန့်လွှတ်ပြီး၊ ယောကျ်ားတစ်ဦးအား အလိုရှိသောဇနီးကြီးကို အလိုရှိသောယောကျ်ားအားစွန့်ခြင်း၊ ဇနီးကိုစွန့်သော်လည်း စိတ်ဖောက်ပြန်ခြင်းမရှိ။<br>၄။ အိမ်ရှိစည်းစိမ်တို့ကို သီလရှိသောပုဂ္ဂိုလ်တို့နှင့် မခွဲခြားပဲ သုံးဆောင်ခြင်း။<br>၅။ ရဟန်းတို့ကို ရိုသေစွာ ဆည်းကပ်ခြင်း။<br>၆။ ရဟန်းသည် မိမိအားတရားဟောလျှင်ရိုသေစွာနာကြားခြင်းနှင့် မိမိအားတရားမဟောလျှင်မိမိက တရားဟောခြင်း။<br>၇။ နတ်တို့နှင့် စကားပြောဆိုရခြင်းအတွက် စိတ်တက်ကြွမှု မဖြစ်ခြင်း။<br>၈။ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း အောက်ပိုင်း သံယောဇဉ် (၅)ပါးကို ပယ်ပြီးဖြစ်ခြင်း။ |
| ၄။ | ၃-ဂဟပတိ ဝဂ် | ၁၀-အနုရုဒ္ဓ မဟာဝိတက္က သုတ် | ၆၃ | ယောကျ်ားမြတ်တို့၏ အကြံ (၈) မျိုး -<br>ဤလောကုတ္တရာတရားသည် -<br>၁။ အလိုနည်းသော ပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊<br>၂။ ရောင့်ရဲလွယ်သော ပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊<br>၃။ ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊ |



www.thitsarparamisociety.com/

## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၄။ ထက်သန်သောလုံ့လရှိသော ပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊<br>၅။ ထင်သောသတိရှိသော ပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊<br>၆။ တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊<br>၇။ ပညာရှိသောပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊<br>၈။ ပပဉ္စတရားမှကင်းသည့်နိဗ္ဗာန်၌ မွေ့လျော်၊ မျော်ပိုက်သောပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊ |
| ၅ | ၄-ဒါနဝဂ် | ၇-သပ္ပုရိသဒါနသုတ် | ၇၆ | သူတော်ကောင်းတို့၏ ပေးလှူခြင်း ' သပ္ပုရိသဒါန '<br>၁။ သန့်ရှင်းစင်ကြယ်သော လှူဖွယ်ဝတ္ထု၊<br>၂။ မွန်မြတ်သော လှူဖွယ်ဝတ္ထု၊<br>၃။ သင့်လျော်လျောက်ပတ်သောအခါ၊<br>၄။ အပ်စပ်သောလှူဖွယ်ဝတ္ထု၊<br>၅။ အလှူခံပုဂ္ဂိုလ် လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ် စိစစ်၏၊<br>၆။ အဆက်မပြတ် ပေးလှူ၏၊<br>၇။ ပေးလှူသည်ရှိသော စိတ်ကို ကြည်လင်စေ၏၊<br>၈။ ပေးလှူပြီးနောက် နှစ်သက်သောစိတ်ရှိ၏။ |
| ၆ | ၁-ဂေါတမီဝဂ် | ၁-ဂေါတမီသုတ် | ၁၀၁ | မဟာပဇာပတိဂေါတမီ ဘိက္ခုနီ ပြုရန် လိုက်နာရသော ဂရုဓမ် (၈) ပါး -<br>၁။ ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဝါတစ်ရာရှိသော်လည်း ထိုနေ့ပဉ္စင်းဖြစ်သောရဟန်းအား ရှိခိုးခရီးဦးကြို လက်အုပ်ချီရှိသေခြင်း၊<br>၂။ ရဟန်းယောကျ်ားမရှိသောကျောင်း၌ ဝါမဆိုရ၊<br>၃။ လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုဒ်ကို ပေးခြင်း၊ အဆုံးအမခံရန် ချဉ်းကပ်ခြင်း၊ |

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၄။ ဝါကျွတ်သော် နှစ်ဖက်သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသောအကြောင်း(၃)မျိုးတို့ဖြင့် ဖိတ်ကြားရန်၊<br>၅။ သံဃာဒိသိသ်အာပတ်သို့ ရောက်သောဘိက္ခုနီမသည် နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကို ကျင့်ရမည်၊<br>၆။ တရား (၆)ပါးတို့၌ (၂)နှစ်ပတ်လုံးကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သောသံဃာ၌ ပဉ္စင်းခံခြင်း၊<br>၇။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို မဆဲရေးရ၊<br>၈။ ရဟန်းမဖြစ်သည့်နေ့မှစ၍ ရဟန်းယောကျ်ားတို့အပေါ်၌ ပြောဆိုခွင့်မရှိ။ |
| ၇ | ၁-ဂေါတမီဝဂ် | ၃-သံခိတ္တသုတ် | ၁၀၆ | မြတ်စွာဘုရားအား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါဟု လျှောက်ထားသောမဟာပဇာပတိဂေါတမီအား မြတ်စွာဘုရားဟောတော်မူသော တရား (၈) ပါး -<br>၁။ တပ်မက်မှုရာဂကင်းရန်၊ ၂။ ဝဋ် ဒုက္ခ ကင်းရန်၊<br>၃။ အလိုနည်းရန်၊ ၄။ ရောင့်ရဲရန်၊<br>၅။ ဆိတ်ငြိမ်ရန်၊ ၆။ ကြိုးစားအားထုတ်ရန်၊<br>၇။ မိမိကိုယ်ကိုမွေးမြူလွယ်ရန်၊ ၈။ တရား၊ ဝိနည်း မြတ်စွာဘုရား၏ အဆုံးအမဟုသိရှိရန်။ |
| ၈ | ၂-ဘူမိစာလဝဂ် | ၁၀-ဘူမိစာလသုတ် | ၁၂၉ | မြတ်စွာဘုရားသည် စာပါလစေတီ၌ အရှင်အာနန္ဒာနှင့် အတူရှိနေစဉ်တော်မူကာလ" အာနန္ဒာ - မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများထားပြီးဖြစ်၏၊ အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် အလွန်ဖြစ်စေ တည်နိုင်ပေ၏" ဟု မိန့်တော်မူ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | မြတ်စွာဘုရားသည် စာပါလစေတီ၌ နေတော်မူစဉ် အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၏၊ ထိုအခါ မြေငလျင်လှုပ်ပြီး တော်လည်းသံနတ်စည်တို့သည်လည်း မြည်ဟည်းကုန်၏။<br>မြေငလျင်လှုပ်ခြင်း အကြောင်း (၈) မျိုး -<br>၁။ ပြင်းထန်သော လေတိုက်သော် ရေလှုပ်၏၊ ရေလှုပ်သော် မြေလှုပ်၏၊<br>၂။ တန်ခိုးနှင့်ပြည့်စုံသော သမဏဗြာဟ္မဏနှင့် နတ်တို့၏ ကသိုဏ်းစျာန်တို့ကြောင့် မြေလှုပ်၏၊<br>၃။ ဘုရားလောင်း တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်းတိုက်သို့ သက်ရောက်သောအခါမြေလှုပ်၏၊<br>၄။ ဘုရားလောင်း ဖွားမြင်သောအခါ မြေလှုပ်၏၊<br>၅။ မြတ်စွာဘုရား သမ္မာသမ္ဗောဓိဉာဏ် ရရှိတော်မူသော အခါ မြေလှုပ်၏၊<br>၆။ မြတ်စွာဘုရား ဓမ္မစကြာတရားဟောတော်မူသောအခါ မြေလှုပ်၏၊<br>၇။ မြတ်စွာဘုရား အာယုသင်္ခါရလွှတ်တော်မူသောအခါ မြေလှုပ်၏၊<br>၈။ မြတ်စွာဘုရား အနုပါဒိသေသနိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ မြေလှုပ်၏။ |
| ၉ | ၃-ယကမ ဝဂ် | ၉-ပရိဟာန သုတ် | ၁၄၉ | ကျင့်ဆဲရဟန်းအား မဆုတ်ယုတ်ခြင်းငှာ တရား(၈)မျိုး-<br>၁။ အမှုသစ်၌ မမွေ့လျော်၊<br>၂။ စကားပြောခြင်း၌ မမွေ့လျော်၊<br>၃။ အိပ်ခြင်း၌ မမွေ့လျော်၊<br>၄။ အပေါင်းအဖော်၌ မမွေ့လျော်၊<br>၅။ ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိ၏၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၆။ စားဖွယ်၌ အတိုင်းအရှည်သိ၏၊<br>၇။ ရောနှောခြင်း၌ မမွေ့လျော်၊<br>၈။ သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စတရား (၃)ပါး၌ မမွေ့လျော်။ |
| ၁၀ | ၄-သတိဝဂ် | ၁-သမ္မဇည သုတ် | ၁၅၂ | သတိသမ္ပဇဉ်နှင့် ပြည့်စုံလျှင် ဟိရိဩတ္တပ ပြည့်စုံ၏၊ ဆက်လက်၍ ဣန္ဒြိယ သံဝရသီလ၊ အကျင့်သီလ၊ သမ္မာသမာဓိ၊ ယထာဘူတဉာဏဒဿန၊ နိဗ္ဗိဒါနှင့် ဝိရာဂဉာဏ်တို့သည်လည်း ပြည့်စုံပြီး လွတ်မြောက်မှု ဝိမုတ္တိဉာဏဒဿန ပြည့်စုံ၏။ |
| | နဝကနိပါတ် | | | |
| ၁၁ | ၁-သမ္ဗောဓိဝဂ် | ၁-သမ္ဗောဓိသုတ် | ၁၆၅ | သမ္မာသမ္ဗောဓိ (မဂ်ဉာဏ်)၏ အသင်းအပင်းဖြစ်သော တရားကို ပွားများရန် မှီရာ အကြောင်း (၅) မျိုး -<br>၁။ မိတ်ဆွေကောင်း ရှိရမည်၊<br>၂။ သီလ၊ ပါတိမောက္ခသံဝရသီလရှိပြီး အကျင့်နှင့်ကျက်စားရာ (ဂေါစရ)နှင့်ပြည့်စုံရမည်။ အနည်းငယ်မျှသော အပြစ်ကိုလည်းဘေးဟုရှုကာ သိက္ခာပုဒ်ကို ဆောက်တည်ကျင့်သုံးရမည်၊<br>၃။ ကိလေသာကို အလွန်ခေါင်းပါးစေရန်၊ သမထဝိပဿနာကိုအားထုတ်ရန် အလိုနည်းမှု၊ ရောင့်ရဲလွယ်မှု၊ ကင်းဆိတ်မှု၊ မရောနှောမှု၊ဝီရိယ၊သီလ၊ သမာဓိ၊ပညာ၊လွတ်မြောက်မှု (ဝိမုတ္တိ)၊ လွတ်မြောက်မှုကိုဆင်ခြင်သော (ဝိမုတ္တိဉာဏဒဿန) နှင့် စပ်သောစကားတို့ကိုသာ ပြောကြားရာ၏၊<br>၄။ အကုသိုလ်တရားကို ပယ်၍ ကုသိုလ်တရားကို ပြည့်စုံစေရန် ထက်သန်သောလုံ့လနှင့်အားအစွမ်းရှိရမည်၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၅။ ပညာရှိရမည်၊ အဖြစ်အပျက်ကိုသိသော၊ ကိလေသာကို ဖောက်ခွဲနိုင်သော ဒုက္ခကုန်ရာ နိဗ္ဗာန်ကိုရောက်စေသော မြတ်သောပညာနှင့်ပြည့်စုံရမည်။<br>မဂ်ဉာဏ်အတွက် မှီရာအကြောင်း (၅)မျိုးတို့၌ တည်ပြီး ထို့ထက်အလွန်ပွားများများရမည့် တရား (၄) မျိုး -<br>၁။ ရာဂကို ပယ်ရန် အသုဘကို ပွားများရမည်၊<br>၂။ ဗျာပါဒကို ပယ်ရန် မေတ္တာကို ပွားများရမည်၊<br>၃။ ဝိတက်ကို ဖြတ်ရန် အာနာပါနသာတိကို ပွားများ ရမည်၊<br>၄။ ငါ ဟူသော အသ္မိမာနကို ပယ်ရန် အနိစ္စသညာကို ပွားများရမည်။<br>အနိစ္စသညာရှိသူအား အနတ္တသညာ တည်ပြီး အနတ္တသညာရှိသူသည် ငါ ဟူသော အသ္မိမာနကင်းပြတ်သဖြင့် မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်၏။ |
| ၁၂ | ၁-သမ္ဗောဓိဝဂ် | ၅ - ဗလသုတ် | ၁၇၅ | ၁။ ပညာဗိုလ် - ကုသိုလ်၊ အကုသိုလ်၊ မည်းညစ်သောတရား၊ ဖြူစင်သောတရား၊ မှီဝဲအပ်၊ မမှီဝဲအပ် စသည်တို့ကို ကောင်းစွာ သိမြင်၏၊<br>၂။ ဝီရိယဗိုလ် - အရိယာတို့နှင့် မလျော်သောတရားကို ပယ်ရန်၊ အရိယာတို့နှင့် လျော်သောတရားတို့ကို ရရန်၊ အလိုဆန္ဒဖြစ်စေပြီး ဝီရိယကို အားထုတ်၏၊<br>၃။ အနဝဇ္ဇဗိုလ် - အပြစ်ကင်းသော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံခြင်း၊<br>၄။ သင်္ဂဟဗိုလ် - ပေးလှူမှု၊ ချစ်ဖွယ်ပြောဆိုမှု၊ အကျိုးစီးပွားကိုပြုမှု၊ ကိုယ်တူထားမှု၊ ပေးလှူမှုတွင် တရားကိုပေးလှူမှု၊ ချစ်ဖွယ်ပြောဆိုမှုတွင် အလိုရှိ၍ နားထောင်သူအား ထပ်ကာထပ်ကာ တရားဟောမှု၊ အကျိုးစီးပွားကိုပြုမှုတွင် |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာပြည့်စုံစေမှုကိုယ်တူထားမှုတွင် သောတာပန်သည် သောတာပန်အား၊ သကဒါဂါမ်သည် သကဒါဂါမ်အား၊ အနာဂါမ်သည် အနာဂါမ်အား၊ရဟန္တာသည် ရဟန္တာအား ကိုယ်တူထားမှုသည် အမြတ်ဆုံးတည်း။<br><br>အထက်ပါဗိုလ်လေးပါးပြည့်စုံလျှင် ဘေး (၅) ပါး တို့ကို လွန်မြောက်၏ -<br>၁။ အသက်မွေးမှု ဘေးကို မကြောက်၊<br>၂။ ကျော်စောမဲ့ဘေးကို မကြောက်၊<br>၃။ ပရိသတ်ကြောက်ရွံ့မှုဘေးကို မကြောက်၊<br>၄။ သေဘေးကို မကြောက်၊<br>၅။ မကောင်းရာသို့ လားရောက်မှုဘေးကို မကြောက်။ |
| ၁၃ | ၂-သီဟနာဒဝဂ် | ၁-သီဟနာဒသုတ် | ၁၈၂ | အရှင်သာရိပုတ္တရာ သည်းခံခြင်း (၉) မျိုး -<br>၁။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသောမြေနှင့် တူသောစိတ်ဖြင့် နေခြင်း။<br>၂။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသောရေနှင့် တူသောစိတ်ဖြင့် နေခြင်း။<br>၃။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသောမီးနှင့် တူသောစိတ်ဖြင့် နေခြင်း။<br>၄။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသောလေနှင့် တူသောစိတ်ဖြင့် နေခြင်း။<br>၅။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသော ဖုံသုတ်အဝတ်နှင့်တူသောစိတ်ဖြင့်နေခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၄ | ၂-သီဟနာဒဝဂ် | ၂-သဉပါဒိသေသသုတ် | ၁၈၅ | ၆။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသော ဒွန်းစဏ္ဍားလုလင်ပျို လုံမပျိုနှင့် တူသော စိတ်ဖြင့်နေခြင်း။<br>၇။ ပြန့်ပြော၊ မြင့်မြတ်၊ အတိုင်းအရှည် မရှိ၊ ရန်မရှိ၊ ငြိုငြင်မှုမရှိသော ဦးချိုကျိုးသောနွားနှင့်တူသောစိတ်ဖြင့်နေခြင်း။<br>၈။ ခန္ဓာကိုယ်၌ အကောင်ပုပ်ဟု နှလုံးသွင်းပြီး ငြီးငွေ့ ရှက်နိုး စက်ဆုပ်ခြင်း၊<br>၉။ အပေါက်ကြီးငယ်ရှိသော၊ အထက်မှ လျှံကျ၊ အောက်မှ ယိုကျသော ခန္ဓာကိုယ်ကို ရွက်ဆောင်နေခြင်း။<br><br>အပါယ်ဘုံမှ လွတ်သော ပုဂ္ဂိုလ် (၉) မျိုး -<br>(က) သီလ၌ အပြည့်အစုံ၊ သမာဓိ၌ အပြည့်အစုံ ကျင့်ပြီး ပညာ၌ အနည်းငယ်ကျင့်သူ (ပညာမပြည့်စုံသေး)<br>၁။ အောက်ပိုင်းသံယောဇဉ် (၅) မျိုး ကုန်သဖြင့် အလယ်ကြားကာလ၌ ပရိနိဗ္ဗာန်ပြုသူ၊<br>၂။ အလယ်ကြားကာလကို လွန်၍ ပရိနိဗ္ဗာန်ပြုသူ၊<br>၃။ အားထုတ်မှုမရှိဘဲ ပရိနိဗ္ဗာန်ပြုသူ၊<br>၄။ အားထုတ်မှုနှင့်တကွ ပရိနိဗ္ဗာန်ပြုသူ၊<br>၅။ အကနိဋ္ဌဘုံသို့ ရောက်သူ။<br>(အထက်ပါပုဂ္ဂိုလ်တို့သည် အနာဂါမ်များဖြစ်ပါသည်။)<br>(ခ) သီလ၌ အပြည့်အစုံကျင့်ပြီး သမာဓိနှင့် ပညာ၌ အနည်းငယ်ကျင့်သူ ( ပညာမပြည့်စုံသေး )<br>၆။ သံယောဇဉ် (၃)ပါး ကုန်ခြင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့၏ နည်းပါးခြင်းကြောင့် သကဒါဂါမ်ဖြစ်၍၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၇။ သံယောဇဉ် (၃)ပါး ကုန်ခြင်းကြောင့် လူ့ဘဝ၌ တစ်ဘဝသာနေ၍ ဒုက္ခ၏အဆုံးကိုရောက်သူ ( သောတာပန် )<br>၈။ သံယောဇဉ် (၃) ပါးကုန်ခြင်းကြောင့် ကာမဘုံတွင် (၃)ဘဝသာနေ၍ ဒုက္ခ၏အဆုံးကိုရောက်သူ (သောတာပန်)<br>၉။ သံယောဇဉ် (၃)ပါးကုန်ခြင်းကြောင့် ကာမဘုံတွင် (၇)ဘဝနေ၍ ဒုက္ခ၏အဆုံးကိုရောက်သူ (သောတာပန်) |
| ၁၅ | ၂-သီဟနဒဝဂ် | ၁၀-ဝေလာမသုတ် | ၁၉၅ | ဘုရားလောင်း ဝေလာမပုဏ္ဏားသည်<br>- ငွေဖြင့် ပြည့်သော ရွှေခွက်၊ ရွှေဖြင့် ပြည့်သော ငွေခွက်၊ ရတနာ (၇)ပါးဖြင့် ပြည့်သောကြေးခွက် (၈၄၀၀၀) စီ<br>- တန်ဆာဆင်ထားသော ဆင် (၈၄၀၀၀)<br>- တန်ဆာဆင်ထားသော ရထား (၈၄၀၀၀)<br>- နွားမ (၈၄၀၀၀)၊ အမျိုးသမီး (၈၄၀၀၀)<br>- တန်ဆာဆင်ထားသော ပလ္လင် (၈၄၀၀၀)<br>- သိမ်မွေ့နူးညံ့သော ပုဆိုး၊ ပိုးချည်အဝတ်၊ ဝါချည်အဝတ် ကုဋေ (၈၄၀၀၀)<br>- ထမင်း ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်ကို မြစ်ရေစီးဆင်းသကဲ့သို့ လှူဒါန်းခဲ့ဘူး၏။<br>ဝေလာမပုဏ္ဏား၏ ကြီးကျယ်လှသော အလှူကို လှူဒန်းခဲ့ရာတွင်"မြတ်သောအလှူကို ခံထိုက်သူ" တစ်ဦးတစ်ယောက်မှ မပါခဲ့။<br>၁။ သောတာပန်တစ်ဦးကို ကျွေးမွေးရခြင်းသည် ဝေလာမပုဏ္ဏား၏ အလှူကြီးထက်သာ၍ အကျိုးကြီး၏၊<br>၂။ သကဒါဂါမ်တစ်ဦးကို ကျွေးမွေးရခြင်းသည် သောတာပန်တစ်ရာကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၃။ အနာဂါမ်တစ်ဦးကို ကျွေးမွေးရခြင်းသည် သကဒါဂါမ် တစ်ရာကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၄။ ရဟန္တာတစ်ပါးကို ကျွေးမွေးရခြင်းသည် အနာဂါမ် တစ်ရာကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၅။ ပစ္စေကဗုဒ္ဓါတစ်ပါးကို ကျွေးမွေးရခြင်းသည် ရဟန္တာ (၁၀၀)ပါးကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏။<br>၆။ မြတ်စွာဘုရားကို ကျွေးမွေးရခြင်းသည် ပစ္စေကဗုဒ္ဓါ (၁၀၀)ပါးကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၇။ မြတ်စွာဘုရား အမှူးပြုသောသံဃာကို ကျွေးမွေးရခြင်းသည် မြတ်စွာဘုရားကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၈။ အရပ်လေးမျက်နှာရှိ သံဃာကို ကျောင်းဆောက်လှူဒါန်း ခြင်းသည် မြတ်စွာဘုရားအမှူးပြုသော သံဃာကို ကျွေးမွေးရခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၉။ ကြည်ညိုစိတ်ဖြင့် ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသည် အရပ်လေး မျက်နှာရှိသံဃာကို ကျောင်းဆောက်လှူဒါန်းခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၁၀။ ကြည်ညိုစိတ်ဖြင့် (၅)ပါးသီလကို စောင့်ထိန်းခြင်းသည် ကြည်ညိုစိတ်ဖြင့် ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၁၁။ အယုတ်သဖြင့် နို့သာတစ်ရှူခန့်မျှ အချိန်လောက်တွင် မေတ္တာစိတ်ကို ပွားများခြင်းသည် ကြည်ညိုစိတ်ဖြင့် (၅)ပါး သီလကို စောင့်ထိန်းခြင်းထက်သာ၍ အကျိုးကြီး၏၊<br>၁၂။ လက်တစ်ဖျစ်ခန့်အချိန်လောက်တွင် အနိစ္စသညာကို ပွားများခြင်းသည် အယုတ်သဖြင့် နို့သာတစ်ရှူခန့်မျှ အချိန်လောက်တွင် မေတ္တာစိတ်ကိုပွားများခြင်းထက်သာ၍ အကျိုးကြီး၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | ဒသကနိပါတ် | | | |
| ၁၆ | ၂-နာထဝဂ် | ၃-သံယောဇန သုတ် | ၂၇၀ | အောက်ပိုင်းသံယောဇဉ် (၅) မျိုး -<br>- ထင်ရှားရှိသော ကိုယ်၌ အမှားယူမှု (သက္ကာယဒိဋ္ဌိ)<br>- ယုံမှားမှု (ဝိစိကိစ္ဆာ)<br>- သီလအကျင့်ကို အမှားသုံးသပ်မှု (သီလဗ္ဗတပရာမာသ)<br>- ကာမ၌ လိုချင်မှု (ကာမစ္ဆန္ဒ)<br>- ပျက်စီးစေလိုမှု (ဗျာပါဒ)<br>အထက်ပိုင်းသံယောဇဉ် (၅) မျိုး -<br>- ရူပဘုံ၌ တပ်စွန်းမှု (ရူပရာဂ)<br>- အရူပဘုံ၌ တပ်စွန်းမှု (အရူပရာဂ)<br>- ထောင်လွှားမှု (မာန)<br>- ပျံ့လွင့်မှု (ဥဒ္ဓစ္စ)<br>- မသိမှု (အဝိဇ္ဇာ) |
| ၁၇ | ၂-နာထဝဂ် | ၇-ပဌမနာထ သုတ် | ၂၇၅ | မှီခိုအားထားရမည့် တရား (၁၀) မျိုး -<br>၁။ သီလသိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ကျင့်ခြင်း၊<br>၂။ မြတ်သောအကျင့်ကို ပြသောတရားတို့ကို များစွာ သင်ကြား၍ ပညာဖြင့်ကောင်းစွာထိုးထွင်း၍ သိခြင်း၊<br>၃။ အဆွေခင်ပွန်း၊ အပေါင်းအဖော် ကောင်းရှိခြင်း၊<br>၄။ ဆိုဆုံးမလွယ်ခြင်း၊ သည်းခံနိုင်ခြင်း၊ အဆုံးအမကို ရိုသေစွာ ခံယူတတ်ခြင်း၊<br>၅။ သီတင်းသုံးဖော်တို့၏ အမှုကိစ္စတို့ကို ပြုလုပ်နိုင်စွမ်း ရှိခြင်း၊<br>၆။ တရားတော်ကို လိုချင်ခြင်းနှင့် မြတ်နိုးခြင်း၊ ချစ်ဖွယ်ကို ပြောဆိုတတ်ခြင်း၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၇။ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့နှင့် ပြည့်စုံရန် မြဲမြံသောဝီရိယရှိခြင်း၊<br>၈။ ရတတ်သမျှသောပစ္စည်း (၄)ပါးဖြင့် ရောင့်ရဲခြင်း၊<br>၉။ လွန်ကဲရင့်ကျက်သောသတိနှင့် ပြည့်စုံခြင်း၊<br>၁၀။ ပညာရှိခြင်း အဖြစ်အပျက်ကို သိသော ကိလေသာကို ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော မြတ်သောပညာနှင့်ပြည့်စုံခြင်း။ |
| ၁၈ | ၂-နာထဝဂ် | ၁၀-ဒုတိယ အရိယာဝါသသုတ် | ၂၈၁ | အရိယာတို့၏ နေခြင်း (၁၀) မျိုး -<br>၁။ အင်္ဂါငါးမျိုးကိုပယ်ပြီဖြစ်ခြင်း၊ (နီဝရဏငါးပါးကို ပယ်ခြင်း)<br>၂။ အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံခြင်း (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရားတို့အပေါ် လျစ်လျူရှုလျက်နေခြင်း)<br>၃။ အစောင့်အရှောက်တစ်ခု ရှိခြင်း (သတိရှိသောစိတ်နှင့် ပြည့်စုံခြင်း)<br>၄။ မှီရာလေးခု ရှိခြင်း (ဆင်ခြင်၍ မှီဝဲ၊ သည်းခံ၊ ရှောင်ကြဉ်၊ ပယ်ခြင်း)<br>၅။ ပယ်နုတ်ပြီး သီးခြားသစ္စာရှိခြင်း (ဒိဋ္ဌိအယူသစ္စာများကို ပယ်ခြင်း)<br>၆။ ရှာမှီးခြင်းအားလုံးကို ကောင်းစွာ စွန့်ပြီး ဖြစ်ခြင်း (ကာမဂုဏ်နှင့်ဘဝ၌ ရှာမှီးခြင်းကိုပယ်ခြင်း)<br>၇။ မနောက်ကျုသောအကြံရှိခြင်း (ကာမ၊ ဗျာပါဒ၊ ဝိဟိံသ တို့ကို ပယ်ပြီးဖြစ်ခြင်း)<br>၈။ ကိုယ်ကို ပြုပြင်မှု (ကာယသင်္ခါရ ငြိမ်းခြင်း၊ စတုတ္ထဈာန်သို့ ရောက်၍ နေခြင်း) |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၉။ ကောင်းစွာလွတ်မြောက်ပြီးသော စိတ်ရှိခြင်း (ရာဂ၊ ဒေါသ၊ မောဟတို့မှ စိတ်သည်လွတ်မြောက်ခြင်း)<br>၁၀။ ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိခြင်း (ရာဂ၊ ဒေါသ၊ မောဟတို့ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိတော့သည်ကိုသိခြင်း) |
| ၁၉ | ၃-မဟာဝဂ် | ၁-သီဟနာဒ သုတ် | ၂၈၃ | မြတ်စွာဘုရား၏ အားတော် (၁၀) မျိုး -<br>မြတ်ဗုဒ္ဓသည် အားတော် (၁၀)မျိုးနှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သောဘုရားအဖြစ်ကိုဝန်ခံ၏၊<br>ပရိသတ်အလယ်၌ရဲရင့်သောအသံကိုမြွက်ဆိုပြီး မြတ်သောတရားစကြာကိုလည်းလည်စေတော်မူ၏၊<br>၁။ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိခြင်း၊<br>၂။ ကာလသုံးပါးတွင် ဆောက်တည်အပ်သောကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့်လည်းကောင်း၊ ဟုတ်တိုင်းမှန်စွာလည်းကောင်း ခွဲခြားသိခြင်း၊<br>၃။ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိခြင်း၊<br>၄။ များပြားသောဓါတ် အမျိုးမျိုးသောဓါတ်လောကကို ခွဲခြားသိခြင်း၊<br>၅။ သတ္တဝါတို့၏စိတ်ထားနှလုံးသွင်းအမျိုးမျိုးကို ခွဲခြားသိခြင်း၊<br>၆။ အယုတ်အမြတ်ပုဂ္ဂိုလ်သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ခွဲခြားသိခြင်း၊<br>၇။ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့၏ ညစ်ညူးကြောင်း၊ ဖြူစင်ကြောင်း၊ထမြောက်ကြောင်းကို ခွဲခြားသိ၏၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၀ | ၅-အက္ကောသဝဂ် | ၈-ပဗ္ဗဇိတ အဘိဏှသုတ် | ၃၂၄ | ၈။ ရှေး၌ဖြစ်ဘူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း၊<br>၉။ ဒိဗ္ဗစက္ခုဖြင့် ကံအလျောက်ဖြစ်သောသတ္တဝါတို့ကို သိနိုင်ခြင်း၊<br>၁၀။ မြတ်ဗုဒ္ဓသည် အာသဝေါတရားကင်းသော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် နေနိုင်တော်မူခြင်း။<br>ရဟန်းတို့ မပြတ်ဆင်ခြင်အပ်သည့် တရား(၁၀)မျိုး -<br>၁။ ငါသည်အဆင်းဖောက်ပြန်သည့်၏အဖြစ်သို့ ရောက်ရာ၏၊<br>၂။ ငါ၏ အသက်မွေးမှုသည် သူတပါးတို့နှင့် ဆက်စပ်နေ၏၊<br>၃။ ငါသည် လူတို့၏ အမူအရာနှင့် အသွင်အပြင်မှတပါး ရဟန်းအသွင်အပြင်နှင့် အမူအရာကို ပြုသင့်၏၊<br>၄။ ငါ၏ စိတ်သည် မိမိကိုယ်ကို သီလအားဖြင့် မစွပ်စွဲပဲ ရှိပါ၏လော၊ ငါ့ကို သတင်းဖော်တို့က သီလအားဖြင့် မစွပ်စွဲပဲ ရှိပါ၏လော၊<br>၅။ ငါ့အား ချစ်ခင်နှစ်သက်သူတို့နှင့် ရှင်ကွဲ၊ သေကွဲ ကွဲရမည်၊<br>၆။ ငါသည် ကံသာလျှင်လည်း လျောင်းရာရှိ၏၊<br>၇။ ငါပြုမည့် ကောင်းကံ၊ မကောင်းကံ၏ အမွေခံဖြစ်ရမည်၊<br>၈။ ငါသည် ညဥ့်နေ့တို့ကို အဘယ်သို့ ဖြစ်နေစဉ် ကုန်လွန်သနည်း၊<br>၉။ ငါသည် ဆိတ်ငြိမ်ရာကျောင်း၌ မွေ့လျော်ပါ၏လော၊<br>၁၀။ ငါသည် လူတို့ကျင့်သည့် ကုသိုလ်တရား (၁၀)ပါး ထက် လွန်မြတ်သောကိလေသာကိုဖျက်ဆီးခြင်း၌ မြတ်သော ဉာဏ်အမြင်အထူးကို ရနိုင်သလော၊ သေခါနီးကာလ၌ သီတင်းသုံးဖော်တို့က မေးသည်ရှိသော် မျက်နှာမလှ မဖြစ်ရအောင် စသဖြင့် နေ့စဉ်မပြတ် ဆင်ခြင်အပ်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၁ | ၁-သစိတ္တဝဂ် | ၂-သာရိပုတ္တသုတ်<br>၅-ပရိဟာနသုတ် | ၃၃၀<br>၃၃၆ | အရှင်သာရိပုတ္တရာဟောတော်မူသော "မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူဖြစ်ရမည် " တရားတော် ဖြစ်ပါသည်။ |
| ၂၂ | ၁-သစိတ္တဝဂ်ါ | ၆-ပဌမသညာသုတ်<br>၁၀-ဂိရိမာနန္ဒ * သုတ် | ၃၃၈<br>၃၄၁ | ဤမှတ်သားမှု(သညာ)ဆယ်မျိုးကို ကြိမ်ဖန်များစွာ ပြုသဖြင့် အမြိုက်နိဗ္ဗာန်သို့သက်ဝင်၏၊ ရောဂါပျောက်ကင်း၏-<br>၁။ မတင့်တယ်ဟု အမှတ်ပြုမှု (အသုဘ သညာ)<br>၂။ သေခြင်း၌ အမှတ်ပြုမှု (မရဏသညာ)<br>၃။ အစားအစာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု (အာဟာရေပဋိကူလသညာ)<br>၄။ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု အမှတ်ပြုမှု (သဗ္ဗလောကေအနဘိရတိသညာ)<br>၅။ မမြဲဟု အမှတ်ပြုမှု (အနိစ္စ သညာ)<br>၆။ မမြဲရာ၌ ဆင်းရဲဟု အမှတ်ပြုမှု (ဒုက္ခသညာ)<br>၇။ ဆင်းရဲရာ၌ အစိုးမရဟု အမှတ်ပြုမှု (ဒုက္ခေအနတ္တသညာ)<br>၈။ ပယ်ခြင်း၌ ဖြစ်သော အမှတ်ပြုမှု (ပဟာနသညာ)<br>၉။ တပ်မက်မှုကင်းခြင်း၌ဖြစ်သော အမှတ်ပြုမှု (ဝိရာဂသညာ)<br>၁၀။ ချုပ်ခြင်း၌ အမှတ်ပြုမှု (နိရောဓသညာ) |
| ၂၃ | ၂-ယမကဝဂ် | ၁-အဝိဇ္ဇာသုတ် | ၃၄၄ | အရဟတ္တဖိုလ်ဉာဏ်နှင့် လွတ်မြောက်မှု (ဝိဇ္ဇာဝိမုတ္တိ) ပြည့်စုံစေရန်အကြောင်း(၁၀)ပါး။<br>၁။ သူတော်ကောင်းကို မှီဝဲခြင်း၊<br>၂။ သူတော်ကောင်းတရား နာကြားရခြင်း၊<br>၃။ ယုံကြည်မှု ပြည့်ဝခြင်း၊<br>၄။ အသင့်အတင့် နှလုံးသွင်းမှု ပြည့်ဝခြင်း၊<br>၅။ အောက်မေ့ဆင်ခြင်မှုနှင့် ပြည့်စုံခြင်း၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၆။ ဣန္ဒြေစောင့်စည်းမှု ပြည့်စုံခြင်း၊<br>၇။ သုစရိုက် သုံးပါးနှင့် ပြည့်စုံခြင်း၊<br>၈။ သတိပဋ္ဌာန် လေးပါးတို့ကို ပြည့်စေခြင်း၊<br>၉။ ဗောဇ္ဈင်ခုနစ်ပါးတို့နှင့် ပြည့်စုံခြင်း၊<br>၁၀။ ဝိဇ္ဇာ ဝိမုတ္တိကို ပြည့်စေခြင်း။ |
| ၂၄ | ၂-ယမကဝဂ် | ၅-ပဌမသုခ သုတ် | ၃၅၀ | အရှင်သာရိပုတ္တရာဟောတော်မူသော ချမ်းသာဆင်းရဲ တရားဖြစ်ပါသည် -<br>- ဘဝသစ်၌ ဖြစ်ရမှုသည် ဆင်းရဲ၏၊<br>- ဘဝသစ်၌ မဖြစ်ရမှုသည် ချမ်းသာ၏။ |
| ၂၅ | ၂-ယမက ဝဂ် | ၁၀-ဒုတိယ ကထာဝတ္ထု သုတ် | ၃၅၇ | ချီးမွမ်းဖွယ်ရာ ပြောဆိုထိုက်သောစကား အကြောင်းအရာ(၁၀)မျိုး<br>၁။ အလိုနည်းမှုနှင့် စပ်သောစကား၊<br>၂။ ရောင့်ရဲလွယ်မှုနှင့် စပ်သောစကား၊<br>၃။ ကင်းဆိတ်မှုနှင့် စပ်သောစကား၊<br>၄။ မရောနှောမှုနှင့် စပ်သောစကား၊<br>၅။ ထက်သန်သောလုံလရှိမှုနှင့် စပ်သောစကား၊<br>၆။ သီလပြည့်စုံမှုနှင့် စပ်သောစကား၊<br>၇။ သမာဓိပြည့်စုံမှုနှင့် စပ်သောစကား၊<br>၈။ ပညာပြည့်စုံမှုနှင့် စပ်သောစကား၊<br>၉။ လွတ်မြောက်မှု အရဟတ္တဖိုလ်ပြည့်စုံမှုနှင့် စပ်သော စကား၊<br>၁၀။ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို ဆင်ခြင်သောဉာဏ် အမြင် ပြည့်စုံမှုနှင့်စပ်သောစကား။ |
| ၂၆ | ၃-အာကင်္ခ ဝဂ် | ၅-မိဂသာလာ သုတ် | ၃၆၃ | ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန် ဖြစ်သောပုဂ္ဂိုလ်(၅)မျိုး - |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၁။ သီလမရှိသည့်အပြင် အရဟတ္တဖိုလ်ကိုလည်း မသိသူ. . .<br>၂။ သီလရှိသော်လည်း အရဟတ္တဖိုလ်ကို မသိသူ . . .<br>၃။ ထက်သောရာဂရှိပြီး အရဟတ္တဖိုလ်ကို မသိသူ . . .<br>၄။ အမျက်ထွက်တတ်ပြီး အရဟတ္တဖိုလ်ကို မသိသူ . . .<br>၅။ ပျံ့လွင့်သောစိတ်ရှိပြီး အရဟတ္တဖိုလ်ကို မသိသူ . . .<br><br>ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်မှနောက်၌ ထူးမြတ်သည့်ပုဂ္ဂိုလ် (၅)မျိုး-<br><br>၁။ သီလမရှိသော်လည်း အရဟတ္တဖိုလ်ကို သိသူ၊ ထိုသူသည် တရားနာကြား၏၊ အကြားအမြင်ဖြင့် ပြည့်စုံ၏၊ ပညာဖြင့်ထိုးထွင်းသိ၏၊ အခါအားလျော်စွာ ဝိမုတ္တိကိုရသူ၊<br>၂။ သီလရှိပြီး အရဟတ္တဖိုလ်ကို သိသူ၊ ထိုသူသည် တရားနာကြား၏၊ အကြားအမြင်ဖြင့်ပြည့်စုံ၏၊ ပညာဖြင့် ထိုးထွင်းသိ၏၊ အခါအားလျော်စွာ ဝိမုတ္တိကို ရသူ၊<br>၃။ ထက်သောရာဂရှိသော်လည်း အရဟတ္တဖိုလ်ကို သိသူ၊ ထိုသူသည်တရားနာကြား၏၊ အကြားအမြင်ဖြင့်ပြည့်စုံ၏၊ ပညာဖြင့်ထိုးထွင်းသိ၏၊ အခါအားလျော်စွာ ဝိမုတ္တိကို ရသူ၊<br>၄။ အမျက်ထွက်တတ်သော်လည်း အရဟတ္တဖိုလ်ကို သိသူ၊ ထိုသူသည် တရားနာကြား၏၊အကြားအမြင်ဖြင့် ပြည့်စုံ၏၊ ပညာဖြင့်ထိုးထွင်းသိ၏၊အခါအားလျော်စွာ ဝိမုတ္တိကိုရသူ၊<br>၅။ စိတ်ပျံ့လွင့်သော်လည်း အရဟတ္တဖိုလ်ကို သိသူ၊ ထိုသူသည် တရားနာကြား၏၊ အကြားအမြင်ဖြင့် ပြည့်စုံ၏၊ ပညာဖြင့်ထိုးထွင်းသိ၏၊ အခါအားလျော်စွာ ဝိမုတ္တိကိုရသူ၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၇ | ၄-ထေရဝဂ် | ၁၀-ခီဏာသဝဗလသုတ် | ၃၉၀ | မြတ်စွာဘုရားမေးတော်မူသဖြင့် အရှင်သာရိပုတ္တရာ ပြန်လည်လျှောက်ထားတင်ပြသော အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အား (၁၀) ပါး -<br>၁။ အနိစ္စဟူသခါရအားလုံးတို့ကိုဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့်ကောင်းစွာမြင်ပြီးဖြစ်ခြင်း၊<br>၂။ မီးကျီးတွင်း ဥပမာရှိသော ကာမဂုဏ်တို့ကို ဟုတ်တိုင်းမှန်စွာကောင်းသောပညာဖြင့် ကောင်းစွာမြင်ပြီးဖြစ်ခြင်း၊<br>၃။ ထိုရဟန်း၏စိတ်သည် ဆိတ်ငြိမ်ရာသို့သာ ညွတ်ခြင်း၊ ကိုင်းခြင်း၊ ရှိုင်းခြင်းရှိခြင်း၊<br>၄။ သတိပဋ္ဌာန်လေးပါးတို့ကို ကောင်းစွာပွားပြီး ဖြစ်ခြင်း၊<br>၅ မှ ၁၀ထိ။ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်(၇)ပါး၊မဂ္ဂင် (၈)ပါး တို့ကို ကောင်းစွာပွားပြီးဖြစ်ခြင်း။ |
| ၂၈ | ၅-ဥပါလိဝဂ် | ၂-ဘယသုတ် | ၃၉၇ | မြတ်စွာဘုရားအနာထပိဏ်သူဌေးအား ဟောတော်မူသော “ အရိယာဖြစ်သူငြိမ်းသောရန် (၅) မျိုး ” နှင့် “ပြည့်စုံသော သောတာပန်အင်္ဂါလေးပါး” တရားတော်။ |
| ၂၉ | ၅-ဥပါလိဝဂ် | ၁၀-အဘဗ္ဗသုတ် | ၄၁၇ | အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ပယ်ရမည့်တရား (၁၀) မျိုး -<br>(၁) ရာဂ၊ (၂) ဒေါသ (၃) မောဟ (၄) အမျက်ထွက်မှု (၅) ရန်ငြိုးဖွဲ့မှု (၆) သူ့ကျေးဇူးချေဖျက်မှု (၇) ဂုဏ်ပြိုင်မှု (၈) ငြူစူမှု (၉) ဝန်တိုမှု (၁၀) မာန်ထောင်မှု။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၀ | ၅-ဥပါလိ ဝဂ် | ၂၃-ရာဂပေယျာလ<br>၄-ရာဂပေယျာလ (စာမျက်နှာ၅၄၄) နှင့်ဆက်စပ်၍ ဖတ်ရှုရန် | ၅၀၁ | တပ်စွန်းမှု(ရာဂ)ကို ထူးသောဉာဏ်ဖြင့် သိရန် ပွားများရမည့် တရား (၁၀) ပါးကို သုံးမျိုးဖြင့် ဟောတော်မူပြီး ဆက်လက်၍ တပ်စွန်းမှု (ရာဂ) ထက်ဝန်းကျင်ကုန်ခန်းရန်၊ ပယ်ရန်၊ ဖျက်ဆီးရန်၊ ကင်းပြတ်ရန်၊ ချုပ်ရန်၊ စွန့်ရန် နှင့် တဖန်စွန့်ရန် တို့ကို ဟောတော်မူသည်။<br><br>ထို့ပြင် ဒေါသ၊ မောဟ၊ အမျက်၊ ရန်ငြိုး၊ ကျေးဇူးဖျက်မှု အစရှိသည့် (၁၆) မျိုး သောပိုင်းခြားသိရမည့် ထက်ဝန်းကျင် ကုန်ခန်းရန် ပယ်ရမည့်စသည့် တရားတို့ကို ပြည့်ပြည့်စုံစုံ ဟောတော်မူသည်။ |
| | ဧကာဒသက နိပါတ် | | | |
| ၃၁ | ၁-နိဿယ ဝဂ် | ၁-ကိမတ္ထိယ သုတ် | ၅၀၃ | - သီလသည် နှလုံးသာရွှင်ခြင်းအကျိုးရှိ၏။<br>- နှလုံးသာခြင်းသည်ဝမ်းမြောက်မှုအကျိုးရှိ၏၊ (ပါမောဇ္ဇ)<br>- ဝမ်းမြောက်မှုသည် နှစ်သက်မှု အကျိုးရှိ၏၊ (ပီတိ)<br>- နှစ်သက်မှုသည် ငြိမ်းချမ်းမှု အကျိုးရှိ၏၊ (ပဿဒ္ဓိ)<br>- ငြိမ်းချမ်းမှုသည် ချမ်းသာမှု အကျိုးရှိ၏၊ (သုခ)<br>- ချမ်းသာမှုသည် တည်ကြည်မှု အကျိုးရှိ၏၊ (သမာဓိ)<br>- တည်ကြည်မှုသည် ဟုတ်တိုင်းမှန်စွာသိမှု အကျိုးရှိ၏၊ (ယထာဘူတဉာဏဒဿန)<br>- ဟုတ်တိုင်းမှန်စွာသိမှုသည် ငြီးငွေ့မှုအကျိုးရှိ၏၊ (နိဗ္ဗိဒါ)<br>- ငြီးငွေ့မှုသည်တပ်စွန်းခြင်းကင်းမှုအကျိုးရှိ၏၊ (ဝိရာဂ)<br>- တပ်စွန်းခြင်းကင်းမှုသည် လွတ်မြောက်မှု အကျိုးရှိ၏၊ (ဝိမုတ္တိ)<br>- လွတ်မြောက်မှုသည် လွတ်မြောက်မှုကိုသိသောဉာဏ် အကျိုးရှိ၏၊ (ဝိမုတ္တိဉာဏဒဿန) |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

## အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၂ | ၂-အနုဿတိဝဂ် | ၇ - ဂေါပါလ သုတ် | ၅၄၃ | သာသနာတော်၌ ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ရောက်ရန် ထိုက်သောရဟန်းပြည့်စုံရမည့် တရား(၁၁)မျိုး -<br>၁။ မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးကို မှီသောရုပ်အားလုံးကို ဟုတ်တိုင်းမှန်စွာသိခြင်း (ရုပ်ကို သိသူ)<br>၂။ လူမိုက်သည် အကုသိုလ်ကံဟူသော လက္ခဏာ၊ ပညာရှိသည် ကုသိုလ်ကံဟူသော လက္ခဏာရှိ၏ ဟု ဟုတ်တိုင်းမှန်စွာသိခြင်း (လက္ခဏာ၌ လိမ္မာသူ)<br>၃။ ဖြစ်ပေါ်လာသော ကာမအကြံအစည်နှင့် ဗျာပါဒ၊ ဝိဟိံသာ အကြံအစည်တို့ကို ယုတ်ညံ့သော အကုသိုလ်တရားဟူ၍ လက်မခံ၊ ပယ်စွန့်ဖျောက်ဖျက်၏၊ ကင်းအောင် ပြု၏၊ နောက်ထပ်တဖန် မဖြစ်ခြင်းသို့ ရောက်စေခြင်း (ယင်ချေးဥကို ခွာတတ်သူ)<br>၄။ ကာမဂုဏ်အာရုံ (၆)ပါးတို့ကို စောင့်စည်းခြင်းငှာ ကျင့်ခြင်း၊ (အနာကို ဖုံးလွှမ်းတတ်သူ)<br>၅။ ကြားနာသင်ယူပြီးသောတရားကို ဟောကြားခြင်း၊ (အခိုးထုတ်တတ်သူ)<br>၆။ အကြားအမြင်များသော နှုတ်တက်အာဂုံရကုန်သော အဘိဓမ္မာ၊ ဝိနည်း စသည်တို့ကို ဆောင်ကုန်သော အရှင်သူမြတ်များထံချဉ်းကပ်၍ သိလိုသည်များကို မေးမြန်းခြင်း၊ ( ဆိပ်ကမ်းကို သိသူ)<br>၇။ မြတ်စွာဘုရားဟောတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၏ အနက်နှင့် ပါဠိတို့ကိုနားလည်ခြင်း၊ တရားနှင့်စပ်သောဝမ်းမြောက်မှုကို ရရှိခြင်း၊ ( သောက်ရေပြီးသည်ကို သိသူ )<br>၈။ သာသနာတော်၌ မြတ်သောမဂ္ဂင် (၈)ပါးတရားကို ဟုတ်တိုင်းမှန်စွာသိခြင်း။ ( လမ်းကို သိသူ ) |



www.thitsarparamisociety.com/

www.thitsarparami.org/



## ၁၂။ အင်္ဂုတ္တိုရ် ပါဠိတော် (တတိယတွဲ)

### အဋ္ဌက - နဝက - ဒသက - ဧကာဒသက နိပါတ်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၉။ သတိပဋ္ဌာန်လေးပါးကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ (စားကျက်၌ လိမ္မာသူ)<br>၁၀။ပစ္စည်းလေးပါးတို့ကို ခံယူရာ၌ အတိုင်းအရှည်ကို သိခြင်း၊ (ချွင်းချန်၍ ညှစ်လေ့ရှိသူ)<br>၁၁။သာသနာတော်၌ ရဟန်း ဝါရင့်သူ၊ ရဟန်းသက်ရှည်သူ ဖြစ်သော သံဃာ့ မိ ဖ ရှေ့ဆောင်မထေရ် ရဟန်းတို့အပေါ် မျက်မှောက် မျက်ကွယ် ကာယကံ၊ ဝစီကံနှင့် မနောကံ မေတ္တာကို ရှေးရှုတည်စေခြင်း။<br>( သံဃာ့မိဖ ရှေ့ဆောင်မထေရ်ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် ပူဇော်တတ်သူ) |



www.thitsarparamisociety.com/

www.thitsarparami.org/

# ခုဒ္ဒက ပါဠိတော်

## (မြန်မာပြန်)

## ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊

## ဣတိဝုတ်၊ သုတ္တနိပါတ်



www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | | | | စာမျက်နှာ |
|---|---|---|---|---|---|
| | ခုဒ္ဒကပါဌ | | | | |
| ၁။ | (၃၂) ကောဋ္ဌာသ | ... | ... | ... | ၁၇၁ |
| ၂။ | ကုမာရပဥှာ | ... | ... | ... | ၁၇၁ |
| ၃။ | မင်္ဂလသုတ် | ... | ... | ... | ၁၇၁ |
| ၄။ | ရတနသုတ် | ... | ... | ... | ၁၇၁ |
| ၅။ | မေတ္တသုတ် | ... | ... | ... | ၁၇၁ |
| | ဓမ္မပဒ | | | | |
| ၆။ | သာရိပုတ္တတ္ထေရဝတ္ထု | ... | ... | ... | ၁၇၂ |
| ၇။ | နန္ဒတ္ထေရဝတ္ထု | ... | ... | ... | ၁၇၂ |
| ၈။ | ဓမ္မိကဥပါသကဝတ္ထု | ... | ... | ... | ၁၇၂ |
| ၉။ | သာမာဝတီဝတ္ထု | ... | ... | ... | ၁၇၂ |
| ၁၀။ | အညတရဘိက္ခုဝတ္ထု | ... | ... | ... | ၁၇၂ |
| ၁၁။ | ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု | ... | ... | ... | ၁၇၃ |
| ၁၂။ | ပူတိဂတ္တတိဿတ္ထေရဝတ္ထု | ... | ... | ... | ၁၇၃ |
| ၁၃။ | မရိစိကမ္မဋ္ဌာနိကဘိက္ခုဝတ္ထု | ... | ... | ... | ၁၇၃ |
| ၁၄။ | ဝိသာခါဝတ္ထု | ... | ... | ... | ၁၇၃ |
| ၁၅။ | အာနန္ဒတ္ထေရပဥှာဝတ္ထု | ... | ... | ... | ၁၇၄ |
| ၁၆။ | ဂရဟဒိန္နဝတ္ထု | ... | ... | ... | ၁၇၄ |
| ၁၇။ | အညတရ ပုရိသဝတ္ထု | ... | ... | ... | ၁၇၄ |
| ၁၈။ | စိတ္တဂဟပတိဝတ္ထု | ... | ... | ... | ၁၇၅ |
| ၁၉။ | ရာဓတ္ထေရဝတ္ထု | ... | ... | ... | ၁၇၅ |
| ၂၀။ | မဟာကပ္ပိနတ္ထေရဝတ္ထု | ... | ... | ... | ၁၇၅ |
| ၂၁။ | ဇီဝကပဥှာဝတ္ထု | ... | ... | ... | ၁၇၆ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၂၂။ | မဟာကစ္စာယနတ္ထေရဝတ္ထု ... ... ... | ၁၇၆ |
| ၂၃။ | ကောသမ္ဗိဝါသီတိဿထေရဝတ္ထု ... ... ... | ၁၇၇ |
| ၂၄။ | အညတရ ကုက္ကုတ္ထိဝတ္ထု ... ... ... | ၁၇၇ |
| ၂၅။ | ကုဏ္ဍလကေသီဝတ္ထု ... ... ... | ၁၇၇ |
| ၂၆။ | အာယုဝဍ္ဎနကုမာရဝတ္ထု ... ... ... | ၁၇၈ |
| ၂၇။ | ပဋာစာရာထေရီဝတ္ထု ... ... ... | ၁၇၈ |
| ၂၈။ | သန္တတိမဟာမတ္တဝတ္ထု ... ... ... | ၁၇၈ |
| ၂၉။ | ပဉ္စသတဥပါသိကာဝတ္ထု ... ... ... | ၁၇၉ |
| ၃၀။ | သိရိမာဝတ္ထု ... ... ... | ၁၇၉ |
| ၃၁။ | ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု ... ... ... | ၁၇၉ |
| | (က) ဥဒါနဝတ္ထု | |
| ၃၂။ | ဒဟရဘိက္ခုဝတ္ထု ... ... ... | ၁၈၀ |
| ၃၃။ | ပေသကာရဓီတုဝတ္ထု ... ... ... | ၁၈၀ |
| ၃၄။ | တိဿဘိက္ခုဝတ္ထု ... ... ... | ၁၈၁ |
| ၃၅။ | မာရဓီတုဝတ္ထု ... ... ... | ၁၈၁ |
| ၃၆။ | သမ္ဗဟုလဘိက္ခုဝတ္ထု ... ... ... | ၁၈၂ |
| ၃၇။ | ဉာတိကလဟဝူပသမနဝတ္ထု ... ... ... | ၁၈၂ |
| ၃၈။ | ကောသလရညောပရာဇယဝတ္ထု ... ... ... | ၁၈၂ |
| ၃၉။ | ဝိသာခါဝတ္ထု ... ... ... | ၁၈၃ |
| ၄၀။ | အတုလဥပါသကဝတ္ထု ... ... ... | ၁၈၃ |
| ၄၁။ | အညတရဗြာဟ္မဏဝတ္ထု ... ... ... | ၁၈၃ |
| ၄၂။ | သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု ... ... ... | ၁၈၄ |
| ၄၃။ | လကုဏ္ဍကဘဒ္ဒိယထေရဝတ္ထု ... ... ... | ၁၈၄ |
| ၄၄။ | ဟတ္ထကဝတ္ထု ... ... ... | ၁၈၄ |
| ၄၅။ | ပဓာနကမ္မိကတိဿထေရဝတ္ထု ... ... ... | ၁၈၄ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | | စာမျက်နှာ |
|---|---|---|---|
| ၄၆။ | မဟာနေဝါဏိဇ္ဇဝတ္ထု | ... ... ... | ၁၈၅ |
| ၄၇။ | ပဋ္ဌာစာရာဝတ္ထု | ... ... ... | ၁၈၅ |
| ၄၈။ | ကေဝိဟာရီတ္ထေရဝတ္ထု | ... ... ... | ၁၈၅ |
| ၄၉။ | သမ္ဗဟုလဘိက္ခု | ... ... ... | ၁၈၆ |
| ၅၀။ | ပါဝေယျကဟတ္ထိဝတ္ထု | ... ... ... | ၁၈၆ |
| ၅၁။ | သူကရပေါတိကာဝတ္ထု | ... ... ... | ၁၈၇ |
| ၅၂။ | ခေမာထေရီဝတ္ထု | ... ... ... | ၁၈၇ |
| ၅၃။ | သက္ကပဥ္စဝတ္ထု | ... ... ... | ၁၈၇ |
| ၅၄။ | မမ္ဗာရာမတ္ထေရဝတ္ထု | ... ... ... | ၁၈၈ |
| ၅၅။ | ပဥ္စဂ္ဂဒါယကဗြဟ္မဏဝတ္ထု | ... ... ... | ၁၈၈ |
| ၅၆။ | သဗ္ဗဟုလဘိက္ခုဝတ္ထု | ... ... ... | ၁၈၈ |
| ၅၇။ | သန္တကာယတ္ထေရဝတ္ထု | ... ... ... | ၁၈၉ |
| ၅၈။ | သုမနသာမဏေရဝတ္ထု | ... ... ... | ၁၈၉ |
| ၅၉။ | အာနန္ဒထေရဝတ္ထု | ... ... ... | ၁၈၉ |
| ၆၀။ | သာမဏေနာရံဝတ္ထု | ... ... ... | ၁၉၀ |
| ၆၁။ | သုန္ဒရသမုဒ္ဒထေရဝတ္ထု | ... ... ... | ၁၉၀ |
| | ဥဒါန်းပါဠိတော် | | |
| ၆၂။ | ပဌမဗောဓိသုတ် | ... ... ... | ၁၉၁ |
| ၆၃။ | ဒုတိယဗောဓိသုတ် | ... ... ... | ၁၉၁ |
| ၆၄။ | တတိယဗောဓိသုတ် | ... ... ... | ၁၉၂ |
| ၆၅။ | ဗာဟိယသုတ် | ... ... ... | ၁၉၃ |
| ၆၆။ | သုပ္ပဝါသာသုတ် | ... ... ... | ၁၉၄ |
| ၆၇။ | နန္ဒသုတ် | ... ... ... | ၁၉၄ |
| ၆၈။ | ယက္ခပဟာရသုတ် | ... ... ... | ၁၉၅ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၆၉။ | စူဠပုဏ္ဏကသုတ် ... ... ... | ၁၉၅ |
| ၇၀။ | ဥပါတိဓာဝန္တိသုတ် ... ... ... | ၁၉၆ |
| ၇၁။ | ဒုတိယသတ္တသုတ် ... ... ... | ၁၉၆ |
| ၇၂။ | ဝိသာခါသုတ် ... ... ... | ၁၉၇ |
| | ဣတိဝုတ်ပါဠိတော် | |
| ၇၃။ | ဧကကနိပါတ် လောဘသုတ် ... ... ... | ၁၉၈ |
| ၇၄။ | မေတ္တာသုတ် ... ... ... | ၁၉၈ |
| | ဒုကနိပါတ် | |
| ၇၅။ | ဒုက္ခဝိဟာရသုတ် ... ... ... | ၁၉၈ |
| ၇၆။ | အာတာပီသုတ် ... ... ... | ၁၉၈ |
| ၇၇။ | ဝိတက္ကသုတ် ... ... ... | ၁၉၉ |
| ၇၈။ | ပဋိသလ္လာနသုတ် ... ... ... | ၁၉၉ |
| | တိကနိပါတ် | |
| ၇၉။ | ဒေဝသဒ္ဒသုတ် ... ... ... | ၁၉၉ |
| | စတုက္ကနိပါတ် | |
| ၈၀။ | သမ္ပန္နသီလသုတ် ... ... ... | ၂၀၀ |
| | သုတ္တနိပါတ်ပါဠိတော် | |
| ၈၁။ | ဓနိယသုတ် ... ... ... | ၂၀၁ |
| ၈၂။ | ခဂ္ဂဝိသာဏသုတ် ... ... ... | ၂၀၁ |
| ၈၃။ | ကသိဘာရဒွါဇသုတ် ... ... ... | ၂၀၂ |


www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| ၈၄။ | အာဠဝကသုတ် ... ... ... | ၂၀၂ |
| ၈၅။ | ရာဟုလသုတ် ... ... ... | ၂၀၂ |
| ၈၆။ | သမ္မာပရိဗ္ဗာဇနိယသုတ် ... ... ... | ၂၀၃ |
| ၈၇။ | ပဗ္ဗဇ္ဇာသုတ် ... ... ... | ၂၀၄ |
| ၈၈။ | ပဓာနသုတ် ... ... ... | ၂၀၄ |
| ၈၉။ | သဘိယသုတ် ... ... ... | ၂၀၄ |
| ၉၀။ | ပုရာဘေဒသုတ် ... ... ... | ၂၀၅ |
| ၉၁။ | ကလဟဝိဝါဒသုတ် ... ... ... | ၂၀၅ |
| ၉၂။ | စူဠဗျူဟသုတ် ... ... ... | ၂၀၅ |
| ၉၃။ | မဟာဗျူဟသုတ် ... ... ... | ၂၀၆ |
| ၉၄။ | တုဝဋကသုတ် ... ... ... | ၂၀၆ |
| ၉၅။ | အတ္တဒဏ္ဍသုတ် ... ... ... | ၂၀၆ |
| ၉၆။ | ပါရာယနဝတ္ထုဂါထာ ... ... ... | ၂၀၇ |
| ၉၇။ | အဇိတ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၇ |
| ၉၈။ | တိဿမေတ္တေယျ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၈ |
| ၉၉။ | မေတ္တဂူ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၈ |
| ၁၀၀။ | ဓောတက မာဏဝ ပုစ္ဆာ ... ... ... | ၂၀၈ |
| ၁၀၁။ | ဟေမက မာဏဝ ပုစ္ဆာ ... ... ... | ၂၀၈ |
| ၁၀၂။ | ဇတုကဏ္ဏိ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၈ |
| ၁၀၃။ | ဥဒယ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၈ |
| ၁၀၄။ | မောဃရာဇ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၉ |
| ၁၀၅။ | ပိင်္ဂိယ မာဏဝ ပုစ္ဆာ ... ... ... | ၂၀၉ |
| ၁၀၆။ | ပါရာယန တ္ထုတိဂါထာ ... ... ... | ၂၀၉ |
| ၁၀၇။ | ပါရာယန နု ဂီတိဂါထာ ... ... ... | ၂၀၉ |


www.thitsarparamisociety.com/

# ပိဋကတ်သုံးပုံ

## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၃။ ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ် ခုဒ္ဒကပါဌပါဠိတော်

## (ခုဒ္ဒကပါဌ၊ ဓမ္မပါဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | ခုဒ္ဒကပါဌ | | | |
| ၁ | - | ၃- သုံးဆယ့်နှစ်ကောဋ္ဌာသ | ၂ | ဆံပင်၊အမွေး၊ ခြေသည်း၊ လက်သည်း၊ သွားအရေအစရှိသော (၃၂)ပါး သုံးဆယ့်နှစ်ကောဋ္ဌာသ |
| ၂ | - | ၄- ကုမာရပဉှာ | ၃ | မြတ်ဗုဒ္ဓက သားတော်ရာဟုလာကိုရင်အား (၁)မှ(၁၀)အထိ တရားတို့ကို နှလုံးသွင်းနိုင်ရန် ဟောတော်မူသည်။ |
| ၃ | - | ၅- မင်္ဂလသုတ် | ၃ | (၃၈) ဖြာမင်္ဂလာတရားတော် |
| ၄ | - | ၆- ရတနသုတ် | ၅ | ဝေသာလီပြည်ကို ကယ်ကင်နိုင်ခဲ့သော ရတနသုတ် (၁၈)ပိုဒ် |
| ၅ | - | ၉- မေတ္တသုတ် | ၁၀ | ငြိမ်းအေးသောနိဗ္ဗာန်သို့ဉာဏ်ဖြင့် သက်ဝင်၍နေလိုသောအကျိုးစီးပွား၌လိမ္မာသောသူသည် အချက်(၁၅)ချက်ကို ပြုကျင့်ရမည်။ ထို့ပြင် ပညာရှိတို့ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကိုအနည်းငယ်မျှလည်း မပြုကျင့်ရာဟု မြတ်ဗုဒ္ဓဆိုဆုံးမထားပါသည်။<br>သတ္တဝါတို့အပေါ်မေတ္တာပွားများပုံ၊ ငိုက်မျဉ်းခြင်းကင်း၍ ရပ်၊ သွား၊ ထိုင်၊ လျောင်းနေသမျှ ဣရိယာပုတ် (၄)ပါးစလုံး၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့်နေခြင်းမြတ်သောနေခြင်း၊ ဗြဟ္မဝိဟာရဖြင့်နေရန်တို့ကို ဟောတော်မူသည်။<br>မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသူသည် (၁) သက္ကာယဒိဋ္ဌိသို့ မကပ်မူ၍(၂)လောကုတ္တရာသီလရှိသည် ဖြစ်လျက် (၃) သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့်ပြည့်စုံ၍ (၄)ဝတ္ထုကာမ တို့၌ တပ်မက်တွယ်တာမှုကိုပယ်ဖျောက်သည်ရှိသော် ပဋိသန္ဓေ တဖန်မနေရတော့ပြီ။ |

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆ | ဓမ္မပဒ ၁။ ယမကဝဂ် | ၈။ သာရိပုတ္တတ္ထေရဝတ္ထု | ၁၄ | ဥပတိဿအမည်ရှိခဲ့သော အရှင်သာရိပုတ္တရာ၊ သိဉ္စည်းဆရာဖြစ်သူအား မြတ်စွာဘုရားထံလိုက်ပါရန် ခေါ်သော်လည်း ရှင်ဂေါတမထံ အိုးငယ်အဖြစ် မခံယူလိုကြောင်း ပြောကြားခဲ့သည့်အပေါ် မြတ်ဗုဒ္ဓ၏ ဓမ္မပဒတရားစကား။ "အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသောတရား၌မူကား အနှစ်မရှိဟုအယူရှိကြကုန်၏။ ထိုသူတို့သည် အနှစ်ရှိသောတရားကို မရနိုင်ကြကုန်။" |
| ၇ | ။ | ၉၊ နန္ဒတ္ထေရဝတ္ထု | ၁၅ | အိမ်ကိုမကောင်းသဖြင့်မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကိုသမထဝိပဿနာတို့ဖြင့် ကောင်းစွာ မပွားထုံအပ်သည်ရှိသော် 'ရာဂ'သည် ဖောက်ဝင်နိုင်၏။ (နန္ဒမင်းသား သာသနာတွင် မပျော်ပိုက်သဖြင့် ဟောတော်မူသည်။) |
| ၈ | ။ | ၁၁။ ဓမ္မိကဉပါသကာဝတ္ထု | ၁၅ | ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။(သေခါနီး၌နတ်ပြည် ခြောက်ထပ်က နတ်သမီးများ နတ်ရထားနှင့်ကြိုဆိုသော ဓမ္မိကဉပါသကာကို အကြောင်းပြု၍ ဟောတော်မူသည်) |
| ၉ | ၂။ အပ္ပမာဒဝဂ် | ၁။ သာမာဝတီဝတ္ထု | ၁၆ | မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းတည်း။ (သာမာဝတီနှင့်မာဂဏ္ဍီမိဖုရားတို့ကို အကြောင်းပြု၍ ဟောတော်မူသည်) |
| ၁၀ | ၃။ စိတ္တဝဂ် | ၂။ အညတရဘိက္ခုဝတ္ထု | ၁၈ | နှိပ်နင်းရန်ခဲယဉ်း၍ လျင်မြန်သောသဘောရှိသော အလိုရှိရာအာရုံ၌ကျလေ့ရှိသော စိတ်ကိုဆုံးမခြင်းသည် ကောင်း၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

### ဓမ္မပဒ= နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖွဲ့အစု (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (အနာဂါမ်မာတိကမာတာနှင့်မာတိကရွာသို့ ဒုတိယအကြိမ် တစ်ပါးတည်း ကြွရောက်ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်း တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၁၁ | ။ | ၃။ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု | ၁၈ | စိတ်ကိုပညာရှိသည်စောင့်ရှောက်ရာ၏။ စောင့်ရှောက် အပ်သောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။<br>(သာသနာတော်၌ သဒ္ဓါပေါက်၍ ရဟန်းပြုသောသူဌေး သည်ရဟန်းတို့၏ ဝိနည်း၊သုတ္တန်၊အဘိဓမ္မာ အရာရာတို့ကို ပြု ဖွယ်များ၏ဟု စိတ်လျှော့လူထွက်လိုသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၁၂ | ။ | ၇။ပူတိဂတ္တတိဿတ္ထေ ဝတ္ထု | ၁၈ | ဤခန္ဓာကိုယ်သည်ဝိညာဏ်ကင်းခဲ့သော် မကြာမီပင် အသုံးမကျသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်သည်ဖြစ်၍ မြေ ပေါ်၌အိပ်ရလိမ့်မည်တကား။<br>(ဘဝတစ်ခုတွင် ငှက်ခတ်မုဆိုးဖြစ်ခဲ့၍ ယခုဘဝတွင် ကာလရှည်ကြာ အနာနှိပ်စက်တစ်ထောင်းထောင်းမျှ အပုပ်နံ့ ထွက်သည့် ပူတိဂတ္တမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ သည်) |
| ၁၃ | ၄။ပုပ္ဖဝဂ် | ၂။မရီစိကမ္မဋ္ဌာနိက ဘိက္ခုဝတ္ထု | ၁၉ | ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့်တူသည်၊ တံလျှပ်သဘော ရှိသည်ဟု ဉာဏ်ဖြင့် ထိုးထွင်း၍သိလျက် နိဗ္ဗာန်သို့သွားရာ၏။<br>(လမ်းခရီးတွင် ရေမြှုပ်နှင့်တံလျှပ်ကိုမြင်၍ဆင်ခြင်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၁၄ | ။ | ၈။ ဝိသာခါဝတ္ထု | ၂၀ | ပန်းစုပန်းပုံအတွင်းမှ များစွာသောပန်းကုံးကိုတို့ကို သီ ကုံးသကဲ့သို့ ဥစ္စာသဒ္ဓါတည်းဟူသောအစုအပုံအတွင်းမှ မြောက် များစွာသောကုသိုလ်ကောင်းမှုကို ပြုရာ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၅ | ။ | ၉။ အာနန္ဒတ္ထေရပဉှာဝတ္ထု | ၂၀ | သူတော်ကောင်းတို့၏အနံ့သည်သာ လေညာသို့သွား၏ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံး သို့ ပျံ့နှံ့လွှင့်ကြ၏။<br>(လေညာသို့တက်၍ ရနံ့ထွက်နိုင်သောပန်းရှိပါဦးမည်လောဟုလျှောက်ထားသည့်အရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောတော်မူသည်) |
| ၁၆ | ။ | ၁၂။ ဂရဟဒိန္နဝတ္ထု | ၂၁ | အမှိုက်ပုံသဖွယ်ဖြစ်သော သတ္တဝါတို့၏အလယ်၌နေသည့် မြတ်ဘုရား၏တပည့်သည် အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်တို့ကို ပညာဖြင့်လွှမ်း၍တင့်တယ်၏။<br>(ဥပါသကာသိရိဂုတ္တနှင့် မိစ္ဆာအယူရှိသော ဂရဟဒိန္နတို့ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၁၇ | ၅။ ဗာလဝဂ် | ၁။ အညတရပုရိသဝတ္ထု | ၂၁ | အိပ်မပျော်နိုးနေသောသူအား ညဉ့်တာရှည်လျား၏ ခရီးပန်းသောသူ အား ယူဇနာခရီးသည်ရှည်လျား၏။ သူတော်ကောင်း တရားကိုမသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။<br>(ဒု သ န သော ဟူသော လေးခွန်းသောစကားကိုကောသလမင်းကြီးကြား၍ အိပ်မပျော်သောကိစ္စကိုအကြောင်းပြု၍ဟောတော်မူသည်)<br>ဒု - ဒုဇ္ဇီဝိတမဇီဝိမှ ---- အစရှိသော ဂါထာ၏အဓိပ္ပါယ် - (အသက်ရှင်စဉ်စည်းစိမ်ရှိသော်လည်း အလှူမပေးမိသဖြင့် မကောင်းသော အသက်ရှည်ခြင်းကိုရသည်။)<br>သ - သဋ္ဌိဝဿသဟဿနိ --------<br>(လောဟကုမ္ဘိငရဲ၌ အနှစ်ခြောက်သောင်းခံခဲ့ရပြီ ဘယ်သောအခါမှလွတ်မည်နည်း။) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖွဲ့အစု

## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | နံ - နတ္ထိအန္တော ------------ <br> (သူဌေးသားဖြစ်စဉ်ပြုခဲ့သော မကောင်းမှုသည် အဆုံးဘယ်မှာရှိသည်ကိုမသိနိုင်) <br> သော-သောဟံနူနက္ကတော -------- <br> (ဤငရဲမှလွတ်မြောက်သော်အကယ်၍လူအဖြစ်ကိုရပါက သိကြားလိမ္မာခြင်း၊ သီလနှင့်ပြည့်စုံခြင်းဖြင့်များစွာသော ကုသိုလ်ကိုပြုပါတော့မည်။) |
| ၁၈ | ။ | ၁၄။စိတ္တဂဟပတိဝတ္ထု | ၂၃ | မလိမ္မာသောရဟန်းသည် ရဟန်းတို့အလယ်၌ မိမိတွင်ထင်ရှားမရှိသောဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုလည်းကောင်း၊ မိမိအား ရှေ့ဆောင်ပြုခြင်းကိုလည်းကောင်း၊ ကျောင်းအိပ်ရာနေရာတို့၌ အစိုးရခြင်းကိုလည်းကောင်း၊ ဆွေမျိုးမဟုတ်သော ဒါယကာတို့၏ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကိုလည်းကောင်း၊ အလိုရှိ၏။ <br> (အနာဂါမ်စိတ္တသူကြွယ်အား ဆဲရေးမြည်တမ်းသော ကျောင်းထိုင်အရှင်သုဓမ္မကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၁၉ | ၆။ပဏ္ဍိတဝဂ် | ၁။ရာဓတ္ထေရဝတ္ထု | ၂၃ | အပြစ်ဖော်ပြနှိပ်ချဆုံးမလေ့ရှိသောပညာရှိကို မြှုပ်ထားသောရွှေအိုးပြသူကဲ့သို့ ထင်မှတ်၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကိုဆည်းကပ်သောသူအားမြတ်၏ မယုတ်ညံ့ပေ။ <br> (အသက်ကြီးမှရဟန်းပြုသော အရှင်ရာဓသည် ဆိုဆုံးမလွယ်သူဖြစ်သဖြင့်မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်သည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၂၀ | ။ | ၄။မဟာကပ္ပိနတ္ထေရဝတ္ထု | ၂၄ | တရားတည်းဟူသောအမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်းကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ပညာရှိသည်အခါခပ်သိမ်းအရိယာသူတော်ကောင်းတို့ဟောအပ်သောဗောဓိပက္ခိယတရား၌ မွေ့လျော်၏။<br>(မဟာကပ္ပိနမင်းသည် ပြည်စည်းစိမ်ကိုစက်ဆုပ်သဖြင့် အမတ်တစ်ထောင်နှင့်အတူ မြတ်စွာဘုရားထံလာရောက်ပြီး ရဟန်းပြုပါသည်၊ မကြာမတင်အရဟတ္တ ဖိုလ်ချမ်းသာကို ခံစားရပြီး“အဟောသုခံ”ဟု ဥဒါန်းသရုပ်ဖော်ထုတ်သည့် ကိစ္စကို အကြောင်းပြု၍ ဟောဘော်မူသည်။) |
| ၂၀ | ၇။အရဟန္တဝဂ် | ၁။ဇီဝကဝတ္ထု | ၂၅ | စိုးရိမ်ခြင်းကင်းသောအလုံးစုံတရားတို့မှ လွတ်မြောက်သော အလုံးစုံအထုံးအဖွဲ့ကိုပယ်ပြီးသော သံသရာခရီးသွားပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပူပန်မှုမရှိတော့ချေ။<br>(မြတ်ဗုဒ္ဓသည်အရှင်ဒေဝဒတ်ကြောင့် ခြေတော်တွင်ထိပါးရာတွင်ပုထုဇဉ်ရဟန်းများက “မြတ်ဗုဒ္ဓသည် ဒုက္ခမကင်းပူပန်ခြင်း စိတ်သောကနှင့်ဆင်းရဲရှာလေသလော” ဟု တွေးတောယုံမှားသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၂၂ | ။ | ၅။မဟာကစ္စာယနတ္ထေရဝတ္ထု | ၂၆ | ရထားထိန်းကောင်းစွာဆုံးမပြီးသော မြင်းတို့သည်ငြိမ်သက်တည်ကြည်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေခြောက်ပါးတို့သည် ငြိမ်သက်တည်ကြည်ခြင်းသို့ရောက်၏။ မာနကိုပယ်ပြီးသော၊ အာသဝေါမရှိသော၊ တာဒိဂုဏ်နှင့်ပြည့်စုံသော၊ ထိုရဟန္တာအား နတ်တို့သည်လည်းချစ်မြတ်နိုးကုန်၏။<br>(သန့်ရှင်းရုပ်ဝါ ကိုယ်ခန္ဓာနှင့်ပြည့်စုံစွာရှိသည့် ကစ္စာယနရဟန္တာအရှင်သူမြတ်ကို ‘မဃဝ’ နတ်ရှင်သည်ကြည်လင်ပြန့်ပွားစွာ ပူဇော်သက္ကာရအထူးပြုသည်ကို အကြောင်းပြု၍ဟောတော်မူသည်။) |



www.thitsarparamisociety.com/

❀ သတ္တဝါမှန်သရွေ့ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ ❀

# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | တရားမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၂၃ | ။ | ၇။ကောသမ္ဗိဝါသိ တိဿတ္ထေရ သာမဏေရဝတ္ထု | ၂၆ | တရားကိုသိ၍ကိလေသာမှလွတ်သော၊ ငြိမ်သက်သော၊ ဖောက်ပြန်ခြင်းသဘောမရှိသော ရဟန္တာပုဂ္ဂိုလ်၏စိတ်သည်လည်း ငြိမ်သက်၏။နှုတ်အမူအရာသည်လည်းကောင်း၊ကိုယ်အမူအရာသည်လည်းကောင်း၊ ငြိမ်သက်၏။<br>(ဆရာဥပဇ္ဈာယ်အာရုဏ်လာကာနီးလတ်သော် သာမဏေအားတောင်ဝှေးဖြင့် ထိုးခေါ်သဖြင့် သာမဏေ၏မျက်လုံးအိမ်ကွဲလေ၏။ သို့သော်ဆရာမမြင်ရန် မျက်လုံးကိုဖုံးပိတ်၍ ဒန်ပူရေချမ်းစသည်တို့ကို အခြားလက်တစ်ဖက်ဖြင့် ဆရာအားကမ်းလှမ်း၏။ အခြေအနေကိုမသိသေးသော ဆရာက လက်တစ်ဖက်ဖြင့် ကမ်းလှမ်းသည့်အတွက် မောင်းမဲပြောဆိုသော်လည်း သည်းခံသော သာမဏေငယ်၏တင့်တယ်သော ဂုဏ်ကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၂၄ | ၇။အရဟန္တဝဂ် | ၁၀။ အညတရ ဣတ္ထိဝတ္ထု | ၂၃ | တောတို့သည် မွေ့လျော်ဖွယ်ရှိ၏။ ယင်းတောတို့၌ ကာမရှာမှီးသူလူတို့သည်မမွေ့လျော်နိုင်၊ ရာဂကင်းသူတို့သည်သာ မွေ့လျော်ကုန်လတ္တံ့၊ ထိုရာဂကင်းသော ပုဂ္ဂိုလ်တို့သည် ကာမကိုမရှာမှီးကြကုန်။<br>(တောနေရဟန်းတစ်ပါး တရားအားထုတ်နေစဉ် ပြည့်တန်ဆာတစ်ယောက်သည် ကာမဂုဏ်စကားဖြင့်ရဟန်းအားဖြားယောင်းသောကိစ္စကို အကြောင်းပြု၍ ဟောတော်မူသည်) |
| ၂၅ | ၈။သဟဿဝဂ် | ၃။ကုဏ္ဍလကေသီ ထေရီဝတ္ထု | ၂၃ | စစ်သူရဲတစ်ယောက်သည် စစ်မြေပြင်၌စစ်သည်ဗိုလ်ပါတို့ကိုအကြိမ်တစ်သန်းအောင်နိုင်၏။<br>သူရဲကောင်းတစ်ယောက်သည်ကား ကိုယ်တွင်းကိလေသာကို တစ်ကြိမ်အောင်နိုင်၏။<br>ကိုယ်တွင်းကိလေသာကို တစ်ကြိမ်အောင်နိုင်သူသည်သာ စစ်အောင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။ |

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖွဲ့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (စောရခင်ပွန်းကိုအောင်နိုင်သော ကုဏ္ဍလကေသီ မကြာမြင့်မီမှာပင် မဂ်ရေစင်သုခကိုသောက်နိုင်ပေစွဟု ချီးမွမ်းကြသည့်ကိစ္စကို အကြောင်းပြု၍ ဟောတော်မူသည်။ |
| ၂၆ | ။ | ၈။ အာယုဝဍ္ဎနကုမာရဝတ္ထု | ၂၈ | အမြဲရှိခိုးလေ့ရှိ၍ မိမိထက်ဂုဏ်၊ အသက်သိက္ခာအားဖြင့်ကြီးသောသူတို့၌အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း စသည့် အကျိုးကျေးဇူးလေးပါးတို့သည် တိုးပွားကြကုန်၏။<br>( ၇- ရက်သာအသက်ကျန်သည့် ဒီဃာဝု သူငယ်သည် ဘုရားပရိတ်တော်မြတ်ကို မှတ်ယူနာကြားရသဖြင့် အသက် (၁၂၀)အထိ အသက် ရှည်သည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၂၇ | ၈။သဟဿဝဂ် | ၁၂။ ပဋာစာရာထေရီဝတ္ထု | ၂၉ | ခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကို မရှုမြင်ပဲ အနှစ်တစ်ရာ ပတ်လုံးအသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုမပြတ်ရှုမြင်သောပုဂ္ဂိုလ်၏တစ်ရက်မျှ အသက်ရှည်ရခြင်းသည်မြတ်၏။<br>(ရဟန္တာဖြစ်ရန်ဆက်လက်ရှုမှတ်သောပဋာစာရာအား ရောင်ခြည် တော်လွှတ်၍ ဟောသောတရား) |
| ၂၈ | ၁၀။ဒဏ္ဍဝဂ် | ၉။ သန္တတိမဟာမတ္တဝတ္ထု | ၃၃ | အကြင်သူသည်ကိလေသာငြိမ်း၏။ ဣန္ဒြေတို့ကို ဆုံးမပြီးဖြစ်၏။ မဂ်လေးပါးဖြင့်မြဲ၏။ မြတ်သောအကျင့်ရှိ၏။ အလုံးစုံသောသတ္တဝါတို့၌ လက်နက်ကိုပယ်ချထားသည်ဖြစ်၍ မေတ္တာဖြင့်အညီအမျှကျင့်၏။<br>ထိုသူသည် အဝတ်တန်ဆာဆင်ထားစေကာမူ 'မကောင်းမှုမှအပပြုသူ (ဗြာဟ္မဏ) မည်၏။ 'ကိလေသာငြိမ်းသူ' (သာမဏ)မည်၏။ 'ကိလေသာကိုဖျက်ဆီးပြီးသူ' (ဘိက္ခု)မည်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (သန္တတိ အမတ်သည်တန်ဆာဆင်သောအဝတ်ဖြင့်ပင် ရဟန္တာဖြစ်ခြင်းကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၂၉ | ၁၁။ ဇရာဝဂ် | ၁။ဗဟုသတဉပါသိကာဝတ္ထု | ၃၃ | လူတို့၌ကိလေသာမီးအမြဲတောက်လောင်နေပါလျက် အဘယ့်ကြောင့် ပျော်မြူးရယ်ရွှင်နေဘိသနည်း။ အဘယ်ကြောင့် နှစ်လိုဝမ်းသာခြင်းဖြစ်ဘိသနည်း။ အဝိဇ္ဇာအမိုက်မှောင်ကြီးဖြင့် မြေးယှက်ပိတ်ဆီးအပ်ကုန်သည်ဖြစ်၍ သင်တို့သည် အဘယ်ကြောင့် ပညာဆီမီးကိုမရှာဘဲနေကြကုန်သနည်း။<br>(ဝိသာခါ၏အပေါင်းအဖော် ငါးရာမတို့သည် သုရာကိုသောက်ပြီး ဘုရားရှေ့မှောက်တွင်ပင် မြူးထူးပျော်ရွှင်နေကြသည်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။) |
| ၃၀ | ၁၁။ ဇရာဝဂ် | ၂။သိရိမာဝတ္ထု | ၃၃ | အဆန်းတကြယ်ပြုလုပ်ထားသော အရှုပ်နှင့်တူသော အရိုးစု(၃၀၀)တို့ဖြင့် ထောက်ထားသော နာကျင်တတ်သော၊ ကိုးပေါက်ဒွါရအမာဝရှိသောကိုယ်ကိုကြည့်ရှုလော့။<br>ယင်းကိုယ်၏အမြဲအရှည်တည်ခြင်းသည်မရှိချေ။<br>(နေမကောင်းသော ပြည့်တန်ဆာသိရိမာ၏အလှကိုပင် စွဲလမ်းကပ်ငြိ၍ မချိတင်ကဲဖြစ်သည့်ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။ စွဲလမ်းပြီးနောက်နေ့တွင်ပင် ကွယ်လွန်သောသိရိမာကိုသင်္ချိုင်းတွင်ထားရှိပြီး (၄)ရက်မြောက်၌ ပုပ်ပွန်းစော်နေသဖြင့်အလကား ပင်ယူမည့်သူမရှိသည့် အခြေအနေတွင်ဟောတော်မူသည်။) |
| ၃၁ | | ၅။ဗနပဒကလျာဏီရူပနန္ဒီထေရီဝတ္ထု | ၃၄ | အရိုးတို့ကိုစိုက်ထူ၍ အသားအသွေးတို့ဖြင့် လိမ်းကျံလျက် အတ္တဘောတည်းဟူသောမြို့ကို တဏှာလက်သမားသည် ဆောက်လုပ်ပေး၏။ ယင်းမြို့၌ အိုခြင်း၊ သေခြင်း၊ မာနထောင်လွှားခြင်း၊ သူ့ကျေးဇူးကိုချေဖျက်ခြင်းသည်သာ တည်ရှိကြလေကုန်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (မင်္ဂလာဆောင်သည့်နေ့တွင်ပင် ခင်ပွန်းဖြစ်သူ နန္ဒမင်းသားရဟန်းပြုရာမှ ရဟန္တာဖြစ်ပါသည်။ ထို့အတူ ဇနပဒကလျာဏီမင်းသမီးသည်လည်း ခင်ပွန်း၊ မိခင်၊ မောင်ကြီး၊ တူတို့စွန့်ထားသဖြင့် ရဟန်းပြုသည်ကိုအကြောင်းပြုသည်ကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၃၂ | ၁၃။ လောကဝဂ် | ၁။ ဒဟရဘိက္ခုဝတ္ထု | ၃၆ | ကာမဂုဏ်အယုတ်တရားကိုမမှီဝဲရာ၊ မေ့မေ့လျော့လျော့မနေရာ၊ မှားသောအယူကိုမယူရာ၊ လောကကြီးပွားရေးအတွက် သက်သက်မဖြစ်ရာ။<br>(အညတရပဥ္စင်းငယ်တစ်ပါးနှင့်အရွယ်မျှ မိန်းမငယ်တစ်ဦးတို့ရယ်ရွှင်နေကြသည့်ကိစ္စတစ်ခုတွင် 'ရယ်ရွှင်ခြင်းမည်သည် ယုတ်မာသောသဘောတည်း၊ ယုတ်မာသောသဘောကို မှီဝဲခြင်းငှာလည်းကောင်း၊ မေ့လျော့သူနှင့်ပေါင်းဖော်ယှဉ်တွဲနေခြင်းငှာ လည်းကောင်းမသင့်' ဟု မြတ်စွာဘုရားမိန့်တော်မူပြီးမှ အထက်ပါတရားကိုဟောတော်မူသည်။) |
| ၃၃ | ။ | ၇။ ပေသကာရဓီတုဝတ္ထု | ၃၇ | ဤလူ့အပေါင်းသည်ပညာမျက်စိမရှိသဖြင့် အကန်းအတိသာဖြစ်ကြ၏။ ဤလောက၌အနည်းငယ်မျှသောသူသည်သာ အနိစ္စစသော သဘောတရားအားဖြင့် ရှုမြင်နိုင်ကြ၏။<br>ပိုက်ကွန်မှလွတ်သောငှက်သည် နည်းပါးသကဲ့သို့ လူအနည်းငယ်မျှသာ နတ်ရွာနိဗ္ဗာန်သို့ ရောက်နိုင်ကြ၏။<br>(၁၆နှစ်အရွယ် ရက်ကန်းသည်မငယ်အား လေးပါးသော ပုစ္ဆာကိုမေးတော်မူလျှင် ပြန်လည်လျှောက်ထားသည့် အဖြေစကားကို ပရိသတ်တို့ပြက်ရယ်ပြုကြသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ဓမ္မပဒ= နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု

## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၄ | ။ | ၈။တိံသဘိက္ခုဝတ္ထု | ၃၇ | ဟင်္သာတို့သည်နေမင်းလမ်းကြောင်းကောင်းကင်ခရီး၌ သွားကြကုန်၏။တန်ခိုးရှင်တို့သည်ကောင်းကင်၌သွားကြကုန်၏။ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ်နတ်ကို အောင်၍လောကမှထွက်မြောက်ကုန်၏။<br><br>(ဇေတဝန်ကျောင်းတော်တွင် မြတ်ဗုဒ္ဓသီတင်းသုံးနေတော်မူစဉ်အရပ်လေးမျက်နှာတို့မှရောက်ရှိလာကြသော (၃၀) သောရဟန်းတို့အားမြတ်ဗုဒ္ဓသည် မဂ်ဖိုလ်နှင့်စပ်သောစကားတော်တို့ကို ဆုံးမကာမျှဖြင့်ပင်ရဟန်းတော် (၃၀) ရဟန္တာဖြစ်ကြ၍ ရွှေဟင်္သာများပျံထသကဲ့သို့ ကောင်းကင်ခရီးဖြင့်ပြန်ကြသည့်ကိစ္စကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၃၅ | ၁၄။ ဗုဒ္ဓဝဂ် | ၁။မာဂန္ဒိယဝတ္ထု | ၃၈ | အကြင်မြတ်စွာဘုရားသည်အောင်အပ်ပြီးသော ကိလေသာကို တဖန်အောင်ဖွယ်မလို အကြင်မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ ကိလေသာတစ်စုံတစ်ခုမျှ အစဉ်မလိုက်တော့ချေ။<br><br>အပိုင်းအခြားမရှိကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိတော်မူသောရာဂစသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့်သင်တို့ခေါ်ဆောင်နိုင်ကုန်အံ့နည်း။<br><br>(ပထမဗောဓိဝယ် သိအပ်သောတရားကို သဗ္ဗညုဘုရားရှင်သည် ပိုင်းခြား၍နေတော်မူစဉ် 'တဏှာ' 'အရတိ' 'ရာဂီ' အမည်ရှိသောမာရ်နတ်၏ သမီးသုံးဖော်တို့ကို ထုတ်ဖော်ဖွင့်လှစ်၍ မာဂဏ္ဍီပုဏ္ဏားသမီး ခင်ပွန်းနှစ်ဦးသားတို့ကို ဟောကြားသည်ကိုအကြောင်း ပြု၍ဟောတော်မူသည်) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ= နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၆ | ၁၄။ ဗုဒ္ဓဝဂ် | ၈။ သမ္ဗဟုလဘိက္ခုဝတ္ထု | ၃၉ | ဘုရားရှင်တို့ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏၊ သူတော်ကောင်းတရားကိုဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ စိတ်ဓာတ် ညီညွတ်သူတို့၏ အကျင့်သည်ချမ်းသာခြင်း၏အကြောင်းဖြစ်၏။<br>(ဇေတဝန်ကျောင်း၌ငါးရာသောရဟန်းတို့သည် စပ်မိစပ်ရာစကားများဖြင့် ငါးဖြာကာမဂုဏ်ခံစားသုံးဆောင်ရခြင်းသည်သာလျှင် ချမ်းသာ၏ဟုပြောဆိုကြသည်ကို အကြောင်းပြု၍ ဟောတော်မူသည်၊) |
| ၃၇ | ၁၅။ သုခဝဂ် | ၁။ ဉာတိကလဟဝူပသမနဝတ္ထု | ၄၀ | ရန်ပြုတတ်သူတို့အလယ်၌ ရန်မပြုကြကုန်ဘဲ အလွန်ချမ်းသာစွာငါတို့အသက်မွေးနိုင်ကြကုန်၏။<br>ရန်ပြုသောသူတို့အလယ်၌ ရန်မရှိကုန်ဘဲ ငါတို့နေနိုင်ကြကုန်၏။<br>(ရေကိုအကြောင်းပြု၍ ကပိလဝတ်နှင့်ကောလိယ နှစ်ပြည်ထောင်ကြား စစ်ပြုကြမည်ကို အကြောင်းပြု၍ဟောတော်မူသည်။) |
| ၃၈ | ၁၅။ သုခဝဂ် | ၃။ ကောသလရညောပရာဇယဝတ္ထု | ၄၀ | အနိုင်ရသူသည် ရန်ကိုပွားစေ၏။ ရှုံးသောသူသည်ဆင်းရဲစွာနေရ၏။ ကိလေသာငြိမ်းပြီးသောသူသည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏။<br>(ကောသလမင်းသည် အဇာတသတ်မင်းအား သုံးကြိမ်တိုင် စစ်ရှုံးသဖြင့် အစားအသောက်ကိုမျှ မသုံးဆောင်ဘဲ ပင်ပန်းသော ကိုယ်ရှိနေသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | ဗျ မျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃၉ | ၁၆။ ပိယဝဂ် | ၃။ ဝိသာခါဝတ္ထု | ၄၂ | မြတ်နိုးမှုကြောင့်စိုးရိမ်မှုဖြစ်ရ၏၊ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏။ မြတ်နိုးမှုမှကင်းလွတ်သောသူအား အဘယ်မှာစိုးရိမ်မှု ကြောက်ရွံ့မှုရှိတော့အံ့နည်း။<br><br>(ဝိသာခါ၏မြေးမိန်းမကွယ်လွန်သည့်အတွက် ဝိသာခါ ပူဆွေးရသည့်ကိစ္စကိုအကြောင်းပြု၍ဟောတော်မူသည်။) |
| ၄၀ | ၁၇။ ကောဓဝဂ် | ၇။ အတုလဉပါသက ဝတ္ထု | ၄၄ | အို -အတုလ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း၊ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်။ဆိတ်ဆိတ်နေသူကို လည်း ကဲ့ရဲ့ကုန်ကြ၏၊များစွာပြောဟောသောသူကိုလည်း ကဲ့ရဲ့ ကြကုန်၏။နှိုင်းချိန်၍ပြောသောသူကိုလည်း ကဲ့ရဲ့ကြကုန် ၏၊ လောက၌အကဲ့ရဲ့လွတ်သောသူမည်သည်မရှိပေ။<br><br>(ဟောပြောမှုမပြုသော အရှင်ရေဝတ၊ ဟောပြောဆုံးမမှု များသောအရှင်သာရိပုတ္တရာ၊ သင့်ရုံဟောပြောဆုံးမသော အရှင် အာနန္ဒာတို့ (၃)ပါးစလုံးကိုပင် ဟောပြောမှုနှင့်စပ်လျဉ်း၍ကဲ့ရဲ့ သည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၄၁ | ၁၈။ မလဝဂ် | ၂။အညတရဗြာဟ္မဏ ဝတ္ထု | ၄၅ | ပန်းထိမ်သည်သည် ရွှေ၏အညစ်အကြေးကို တဖြည်း ဖြည်းထုတ်သကဲ့သို့ ပညာရှိသည်အစဉ်သဖြင့် မိမိအညစ် အကြေးကို အနည်းငယ် အခွင့်ရတိုင်း ရာဂစသော အညစ် အကြေးကိုထုတ်ပယ်ရ၏။<br>(သံဃာတော်များ ဆွမ်းခံရန်သယ်နိုးဝတ်ရုံသည့်နေရာ တစ်ခုကို မြူမှုန် ဆီးနှင်း ကပ်ငြိခြင်းမရှိရန် သဒ္ဓါတရားဖြင့် မြက်သစ်ပင်ရှင်းခြင်း ဇရပ်ဆောက်ခြင်းပြုသူကို အကြောင်းပြု ၍ဟောတော်မူသည်။) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖွဲ့အစု

## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၄၂ | ၁၈။ မလဝဂ် | ၁၂။ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု | ၄၇ | ကောင်းကင်၌ခြေရာမရှိ၊ သာသနာ့ပြင်ပ၌ မဂ်ရ ဖိုလ်ရ ရဟန်းမရှိ။ သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော တဏှာ မာန ဒိဋ္ဌိတရား၌မွေ့လျော်ကုန်၏။ ဘုရားရှင်တို့သည် သံသရာချဲ့ထွင်တတ်သောတရား၌ကင်းကုန်၏။<br><br>(မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံခါနီး မြတ်ဗုဒ္ဓ၏နောက်ဆုံး သာဝကဖြစ်သူ သုဘဒ္ဒကိုအကြောင်းပြု၍ဟောတော်မူသည်။) |
| ၄၃ | ၁၉။ ဓမ္မဋ္ဌဝဂ် | ၄။ လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု | ၄၈ | ထိုရဟန်း၏ ဦးခေါင်းသည်ဖွေးဖွေးဖြူ၏။ ထိုဦးခေါင်းဖွေးဖွေးဖြူကာမျှဖြင့် ထိုရဟန်းသည် မထေရ်မမည်။<br>ထိုရဟန်း၏အရွယ်ရင့်အိုမှုကို အကျိုးမဲ့ရင့်အိုမှုဟု ဆိုအပ်၏။<br><br>(ကိုယ်ခန္ဓာငယ်ရှယ်သည့် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၄၄ | ။ | ၆။ ဟတ္ထကဝတ္ထု | ၄၈ | ဦးပြည်းခေါင်းတုံးရုံမျှဖြင့် ရဟန်းမည်သည်မဖြစ်၊ သီလ အကျင့်၊ ဓုတင်အကျင့်မရှိသော၊ ချွတ်ယွင်းသောစကားကိုလည်း ပြောတတ်သော၊ လိုချင်မက်မောမှုနှင့်ပြည့်စုံသောသူသည် အဘယ်မှာရဟန်းဟုတ်နိုင်ပါအံ့နည်း။<br><br>(သူတစ်ပါးတို့၏ဆန္ဒကိုမိမိအယူဝါဒဖြင့်နှိမ်နင်း၍ အတင်းအဓမ္မပြုကျင့်သော ဟတ္ထကမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၄၅ | ၂၀။ မဂ္ဂဝဂ် | ၅။ ပဓါနကမ္မိကတိဿတ္ထေရဝတ္ထု | ၅၀ | ပျို့မြစ်နုထွားခွန်အားနှင့်ပြည့်စုံပါသော်လည်း ထကြွသင့်သောအခါ၌ ထကြွမှုလုံ့လမရှိ၍ ပျင်းရိထိုင်းမှိုင်းလျက် စိတ်အကြံဝိတက်များ၍ ထိုပျင်းရိသူသည် ပညာဖြင့်သာရယူနိုင်သော အရိယမဂ်ကို မရနိုင်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု

## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (သာဝတ္ထိပြည်တွင်အဖေါ်ငါးရာနှင့်အတူ ရဟန်းပြုသော်လည်း (၄၉၉)ဦးတို့ ဘုရားထံမှကမ္မဋ္ဌာန်းတောင်းခံ၍ တရားအားထုတ်ကြရာရဟန္တာဖြစ်ကြပါသည်။ ကျန်ရဟန်းတပါးမှာမူထိုစဉ်ကအား မထုတ်ပဲ နောက်မှ အခြေအနေအချိန်အခါမဟုတ် ကြိုးစားသောဝီရိယဆိုးကြောင့် ပေါင်ကျိုးရသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၄၆ | ။ | ၁၀။မဟာဓနဝါဏိဇ္ဇဝတ္ထု | ၅၁ | ဤအရပ်၌မိုးအခါပတ်လုံး ငါနေမည်၊ ဆောင်းအခါ နွေအခါတို့ပတ်လုံး ငါနေမည်ဟု လူမိုက်သည် အထူးထူး အထွေထွေကြံစည်၏။ ဘယ်အခါ၊ ဘယ်အရပ်မှာ ငါသေမည်ဟုမိမိ၏ အသက်အန္တရာယ်ကိုမူကား မသိရှာပေ။<br>(ဗာရာဏသီမှ သာဝတ္ထိသို့ကုန်ရောင်းလာသောကုန်သည်ကြီးခွင့်မသာ၍ ဆိုင်းငံ့နေရသဖြင့် ကြံစည်သော စိတ်အကြံကို အကြောင်းပြု၍ဟောတော်မူသည်။) |
| ၄၇ | ။ | ၁၂။ပဋာစာရာဝတ္ထု | ၅၁ | သေမင်းနှိပ်စက်ခံရသူအား သေမင်းမှစောင့်ရှောက်ရန်အတွက် သားသမီးမတို့ မရှိကုန်။ အမိအဖတို့လည်း မရှိကုန်။ အဆွေခင်ပွန်းတို့ လည်းမရှိကုန်။ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူလည်းမရှိ။<br>(တစ်နေ့တည်းတွင် မိဘနှစ်ပါး၊ ခင်ပွန်း၊ အစ်ကို၊ သားနှစ်ဦး ပေါင်းခြောက်ဦးကွယ်လွန်သွားကြသော ပဋာစာရီကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၄၈ | ၂၁။ပကိဏ္ဏကဝဂ် | ၉။ဧကဝိဟာရိတ္ထေရဝတ္ထု | ၅၃ | မပျင်းမရှိမူ၍ တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းတည်းအိပ်၊ တစ်ယောက်ထည်းလှည့်လည်သွားလာလျက် မိမိကိုယ်ကိုဆုံးမပြီးလျှင် တစ်ယောက်တည်းတောင်၌ မွေ့လျော်ရာ၏။ |



www.thitsarparamisociety.com/

## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (နေထိုင်သွားလာအရာရာတို့၌ တစ်ပါးတည်းမွေ့လျော်မှုကို သမ္မာဆန္ဒနှင့်တကွပြုလေ့ရှိသူ ဧကဝိဟာရိရဟန်းကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၄၉ | ၂၂။နိရယဝဂ် | ၇။သမ္ဗဟုလဘိက္ခုဝတ္ထု | ၅၅ | တိုင်းပြည်အစွန်ဖြစ်သောမြို့ကို အတွင်းအပြင်နှင့်တကွလုံခြုံစေသကဲ့သို့ မိမိကိုယ်ကို အတွင်းအပြင်လုံခြုံအောင် စောင့်ရှောက်ပါလော့။ သင်တို့ကိုဘုရားပွင့်ခြင်းစသော အခါကောင်းသည် မလွန်ပါစေနှင့်၊ အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ကျရောက်သည်ဖြစ်၍ စိုးရိမ်ကြရ၏။<br>(ရဟန်းများအမှီပြုကြသည့်ရွာကို ခါးပြတို့လုယူဖျက်ဆီးသဖြင့် ရွာကိုပြန်လည်ပြင်ဆင်နေရသည့်ကာလ၌ ရဟန်းတို့ချမ်းသာမရ ဆွမ်းကိစ္စနှင့်ပြီးပြင်ခဲ့ရကြောင်း မြတ်ဗုဒ္ဓအားလျှောက်ထားကြရာတွင် မြတ်ဗုဒ္ဓကဤသို့မိန့်တော်မူပါသည်။ "ရဟန်းတို့ ဆင်းရဲ၏ဟူသော စကားသည်မသင့်၊ ချမ်းသာစွာနေရခြင်းကို အခါမပြတ်ရခဲလှ၏၊ ရဟန်းမည်သည် ထိုရွာသူတို့ ရွာကိုစောင့်ရှောက်သကဲ့သို့ မိမိတို့ကိုယ်ကိုသာလျှင် စောင့်ရှောက်ကုန်ရာ၏။<br>ဤသို့ကျူးရင့်တော်မူပြီးမှ အထက်ပါတရားတော်ကို ဟောတော်မူပါသည်။) |
| ၅၀ | ၂၃။နာဂဝဂ် | ၆။ပါဝေယျကဟတ္ထိဝတ္ထု | ၅၆ | မမေ့မလျော့သော အပ္ပမာဒတရား၌မွေ့လျော်ကြကုန်လော့။<br>မိမိစိတ်ကိုစောင့်ရှောက်ကြကုန်လော့။ညွှန်၌နစ်သောဆင်သည် မိမိကိုယ်ကို ညွှန်မှထုတ်သကဲ့သို့ သင်တို့သည် ကိလေသာညွှန်မှ မိမိကိုယ်ကိုထုတ်နုတ်ကြကုန်လော့။ |

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖွဲ့အစု (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (ငယ်ရွယ်နုပျိုစဉ်က ခွန်အားကောင်းသည့် ပါဝေယျက ဆင်သည် အိုမင်းသည့်အခါ ညွန်၌နစ်နေသည်ကို ဆင်ဦးစီးကရန်ဘက်ဆင်၏ကျောပေါ်မှနေ၍ စစ်ချီတော့မည်ဟန်ပြသောအခါ ပါဝေယျက မာန်ကြွလာပြီး ညွန်မှလွတ်အောင်ရုန်းထွက်သည်ကို အကြောင်းပြု၍ဟောတော်မူသည်) |
| ၅၁ | ၂၄။တဏှာဝဂ် | ၂။သူကရပေါတိကာ | ၅၈ | ခိုင်မြဲသောရေသောက်မြစ်ကို မဖျက်ဆီးဘဲပင်စည်ကိုဖြတ်သော်လည်း သစ်ပင်သည်တဖန်ပြန်ပေါက်သကဲ့သို့ ကိန်းအောင်နေသော တဏှာကို မဖျတ်ဆီးရသေးသည်ရှိသော် ပဋိသန္ဓေနေရခြင်းစသောဆင်းရဲသည် အဖန်ဖန်အထပ်ထပ်ဖြစ်ရ၏။<br>(ပြဟ္မာဖြစ်ခဲ့ဘူးသော်လည်း ယခုအခါ မစင်ကိုစားနေသည့်ဝက်မငယ်ကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၅၂ | ။ | ၅။ခေမာထေရီဝတ္ထု | ၅၉ | ပင့်ကူသည် မိမိပြုသောပိုက်ကွန်၌ အိပ်သကဲ့သို့ သတ္တဝါတို့သည်ပြင်းစွာတပ်မက်ကုန်သည်ဖြစ်၍ မိမိတို့ပြုသော တဏှာအယဉ်သို့ ကျရောက်ကုန်၏။ ပညာရှိတို့သည်ဤတဏှာကိုဖြတ်၍ ခပ်သိမ်းသောဆင်းရဲကိုစွန့်လျက်သွားကြကုန်၏။<br>(အလှမာန်တက်သည့် ခေမာမိဖုရားအား ဆုံးမသဖြင့် ခေမာမိဖုရား၏တဏှာဆန္ဒကို သုတ်သင်တော်မူပြီးကာလဟောဟောတော်မူသည်) |
| ၅၃ | ။ | ၁၀။သက္ကပဉှဝတ္ထု | ၆၀ | တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။<br>တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကိုအောင်နိုင်၏။တဏှာကုန်ရာအရဟတ္တဖိုလ်သည် အလုံးစုံသောဆင်းရဲကိုအောင်နိုင်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ= နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (သိကြားမင်းသိလို၍ မေးလျှောက်သည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၅၄ | ၂၅။ ဘိက္ခုဝဂ် | ၄။ ဓမ္မာရာမတ္ထေရ ဝတ္ထု | ၆၁ | တရားလျှင်မွေ့လျော်ရာရှိသော၊ တရား၌မွေ့လျော်တတ်သော၊ တရားကိုအဖန်ဖန် ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော၊ ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။ (အရဟတ္တဖိုလ်ချမ်းသာကိုအရယူရန်တရားကို အားထုတ်ရှုမှတ်နေသော ဓမ္မာရာမရဟန်းအား အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၅၅ | ။ | ၆။ ပဉ္စဂ္ဂဒါယက ဝတ္ထု | ၆၁ | အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရားအားလုံး၌ ငါ၊ ငါ၏ဥစ္စာဟုမြတ်နိုးစွဲလမ်းမှုမရှိ၊ ထိုနာမ်ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို “ဘိက္ခု” အစစ်ဟူ၍ ဆိုအပ်၏။ (လယ်သိမ်း၊ တလင်း၊ အိုးသွင်း၊ အိုးထုတ်၊ ပရိဘုတ်အခါ ငါးဖြာသောကာလတိုင်းတွင် အလှူဒါနပြုသော ပဉ္စဂ္ဂပုဏ္ဏားကြီး မေးလျှောက်သည့်ဘိက္ခုအကြောင်းကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၅၆ | ။ | ၇။ သမ္ဗဟုလဘိက္ခု ဝတ္ထု | | မေတ္တာတရားကိုပွားများလေ့ရှိသော မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုသောရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာ ငြိမ်သက်ချမ်းအေးသော နိဗ္ဗာန်ကိုရနိုင်၏။ ခန္ဓာကိုယ်တည်းဟူသောလှေမှ မိစ္ဆာဝိတက်ဟူသောရေကိုပယ်ထုတ်လော့။ ထိုအခါ သင်၏ခန္ဓာကိုယ်(လှေ)သည် လျင်စွာသွားနိုင်လတ္တံ့။ (မြတ်စွာဘုရားတိုက်တွန်းတော်မူ၍ ဂန္ဓကုဋီတိုက်တော်၌ တရားဟောခဲ့သူ သောဏထေရ်ထံ ရဟန်းပြုကြသည့် ခိုးသား (၉၀၀) တို့ကို အကြောင်းပြု၍ ဟောတော်မူသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ- နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖွဲ့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၅၇ | ။ | ၉။သန္တကာယတ္ထေရဝတ္ထု | ၆၂ | ကောင်းစွာတည်ကြည်သည်ဖြစ်၍ ငြိမ်သက်သောကိုယ်၊ ငြိမ်သက်သောနှုတ်၊ ငြိမ်သက်သောစိတ်ရှိသော လောကီစည်းစိမ် အရှိန်အစော် စသည်ကို ထွေးအန်ပြီးသော ရဟန်းကို "ငြိမ်းအေးသောရဟန်း" ဟုဆိုအပ်၏။<br>(လက်ခြေအင်္ဂါတို့ကို မလှုပ်ရှားစေပဲ အမြဲစောင့်ရှောက်ထိန်းသိမ်းလေ့ရှိသူ သန္တကာယမထေရ် ကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၅၈ | ။ | ၁၂။သုမန သာမဏေရဝတ္ထု | ၆၃ | အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်း မြတ်စွာဘုရားသာသနာတော်၌စင်စစ် လုံ့လကြိုးကုတ်အားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှလွတ်သောလမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။<br>(၇နှစ်အရွယ် ရဟန္တာဖြစ်သူ သုမနသာမဏေအား အနောတတ်အိုင်စောင့် ပန္နဂနဂါးမင်းကို အောင်မြင်သော ကိစ္စကိုအကြောင်းပြု၍ ဟောတော်မူသည်။) |
| ၅၉ | ၂၆။ဗြာဟ္မဏဝဂ် | ၅။အာနန္ဒတ္ထေရဝတ္ထု | ၆၄ | ဒိဝါ တပတိ အာဒိစ္စော၊<br>ရတ္တိမာဘာတိ စန္ဒိမာ။<br>သန္နဒ္ဓေါ ခတ္တိယော တပတိ၊<br>ဈာယီ တပတိ ဗြာဟ္မဏော။<br>အထ သဗ္ဗ မဟောရတ္တိံ<br>ဗုဒ္ဓေါ တပတိ တေဇသာ။<br>နေမင်းသည်နေ့အခါ၌သာတင့်တယ်၏။<br>လမင်းသည်ညည့်အခါ၌သာတင့်တယ်၏။<br>မင်းသည်မင်းမြောက်တန်ဆာဆင်မှသာလျှင် တင့်တယ်၏။<br>ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဓမ္မပဒ= နိဗ္ဗာန်ခရီးလမ်းကြောင်းဓမ္မကိုသိနိုင်သော တရားအဖို့အစု
## (ဂါထာညွှန့်ပေါင်းပါဠိတော်ဖြစ်သည်)

| စဉ် | ဝဂ် | သုတ် | ဗာ မျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | မြတ်စွာဘုရားသည်သာ တန်ခိုးတော်ဖြင့်အလုံးစုံသော နေ့ညဉ့်ကာလပတ်လုံး တင့်တယ်၏။<br>(မင်း၊ ရဟန္တာ၊ မြတ်စွာဘုရားတို့တွင် ရဟန္တာသည် မင်း၏ တင့်တယ်ခြင်းကို လွှမ်းမိုးပြီးမြတ်စွာဘုရား၏ ကိုယ်ရောင်တော်သည် ရဟန္တာ၏တင့်တယ်ခြင်းကိုလွှမ်းမိုးသည်။ မြတ်စွာဘုရား၏ကိုယ်ရောင်တော်သည် လွန်ကဲစွာထူးချွန်လှပါသည် တကားဟု မြတ်စွာဘုရားအား အရှင်အာနန္ဒာလျှောက်ထားသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၆၀ | ၂၆။ ဗြာဟ္မဏဝဂ် | ၂၃။ သာမဏေရာန်ဝတ္ထု | ၆၆ | ဆန့်ကျင်ဘက်ပြုသူတို့၌ မဆန့်ကျင်သော၊ ဓား၊ တုတ်ရှိသောသူတို့၌ ဓား၊ တုတ် ချထားပြီးသည်ဖြစ်၍ ရန်ငြိမ်းသော စွဲလမ်းအပ်သောအရာတို့၌ စွဲလမ်းခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟု ငါဘုရားဟော၏။<br>(ပုဏ္ဏားတစ်ဦး၏အိမ်၌ ဆွမ်းစားကိစ္စအလှည့်ကျ (၇)နှစ်အရွယ်သာမဏေကျော်ရဟန္တာဖြစ်ကြသည့် သာမဏေ သံကိစ္စ၊ သုမန၊ ပဏ္ဍိတ၊ သောပါကတို့လေးပါးကို မြေးအရွယ်ဖြစ်သဖြင့် သဒ္ဓါတရားမဖြစ်ပဲ နေရာမပေးအရးမပြုသည်ကို အကြောင်းပြု၍ ဟောတော်မူသည်။) |
| ၆၁ | ။ | ၃၂။ သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု | ၆၈ | ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမတို့ကိုပယ်၍ အိမ်ရာမထောင်ပဲရဟန်းပြု၏။ ကုန်ပြီးသောကာမ၊ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟု ငါဘုရားဟော၏။<br>(ကုဋေလေးဆယ်သူဌေးသား သုန္ဒရသမုဒ္ဒအား ဂဏိကာ ပြည့်တန်ဆာက မာယာလေးဆယ်တို့ဖြင့် ဖြားယောင်းနေစဉ် မြတ်ဗုဒ္ဓရောင်ခြည်တော်ဖြင့် သုန္ဒရသမုဒ္ဒ ကို ဂဏိကာ၏ဖြားယောင်းမှုအား တွန်းလှန်ဖယ် ရှားအောင်နိုင်ရန် ဟောတော်မူသည်။) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆၂ | ဥဒါန်းပါဠိတော်<br>၁။ ဗောဓိဝဂ် | ၁။ ပဌမဗောဓိ<br>သုတ် | ၇၁ | ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊<br>အာတာပိနော ဈာယတော ဗြာဟ္မဏဿ။<br>အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊<br>ယတော ပဇာနာတိ သဟေတုဓမ္မံ။<br>“ အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော၊မကောင်းမှုကို ရှို့မြှိုက်တတ်သော၊ မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့်ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။<br>ထိုအခါအကြောင်းနှင့်တကွ ပဋိစ္စသမုပ္ပါဒ်တရားကိုအပြားအားဖြင့် သိသောကြောင့် ထိုမကောင်းမှုအပပြုပြီးသောရဟန္တာအားယုံမှားခြင်းအားလုံးတို့သည်ကင်းပျောက်ကုန်၏” ဤဥဒါန်းကို မြတ်စွာဘုရားကျူးရင့်တော်မူ၏၊ (မြတ်စွာဘုရား ပထမသတ္တာဟ (၇)ရက်ကို လွန်သဖြင့် ဖလသမာပတ်မှထတော်မူ၍ ညဉ့်၏ပထမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံအားဖြင့်ကောင်းစွာ နှလုံးသွင်းတော်မူပြီးနောက် ကျူးရင့်တော်မူသော ဥဒါန်းဖြစ်ပါသည်။) |
| ၆၃ | ။ | ၂။ဒုတိယဗောဓိသုတ် | ၇၂ | ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ<br>အာတာပိနော ဈာယတော ဗြာဟ္မဏဿ။<br>အထဿကင်္ခါ ဝပယန္တိ သဗ္ဗာ၊<br>ယတောခယံ ပစ္စယာနံ အဝေဒိ။<br>“ အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိသောမကောင်းမှုကို ရှို့မြှိုက်တတ်သော၊ မကောင်းမှုမှအပပြုပြီးသော ရဟန္တာအားစင်စစ်အားဖြင့် ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆၄ | ။ | ၃။တတိယဗောဓိသုတ် | | ထိုအခါအဝိဇ္ဇာစသောအကြောင်းတရားတို့၏ကုန်ရာ နိဗ္ဗာန်ကိုသိသောကြောင့် ထိုမကောင်းမှုမှအပပြုပြီးသော ရဟန္တာအားယုံ မှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏” ဟူ၍ဥဒါန်းကိုမြတ်စွာဘုရားကျူးရင့်တော်မူ၏။<br>(မြတ်စွာဘုရား ပထမသတ္တာဟ(၇)ရက်ကိုလွန်သဖြင့် ဖလသမာပတ်မှထတော်မူ၍ ညဉ့်၏မဇ္ဈိမယာမ်၏ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလုံအားဖြင့်ကောင်းစွာနှလုံးသွင်း တော်မူပြီးနောက် ကျူးရင့်တော်မူသော ဥဒါန်းဖြစ်ပါသည်။)<br>ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ<br>အာတာပိနော ဈာယတော ဗြာဟ္မဏဿ။<br>ဝိဓူပယံ တိဋ္ဌတိမာရသေနံ<br>သူရိယောဝ ဩဘာသယမန္တလိက္ခံ<br>“ အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လ ရှိသောမကောင်းမှုကိုရှု့မြိုက်တတ်သော မကောင်းမှုမှအပပြု ပြီးသောရဟန္တာအားစင်စစ်အားဖြင့် ဗောဓိပက္ခိယတရား(၃၇) ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။<br>ထိုအခါကောင်းကင်ကို တောက်ပစေသောနေမင်းသည် အမိုက်တိုက်ကိုဖျက်ဆီးလျက်တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကိုဖျက်ဆီးလျက်တည်၏ဟု ဤဥဒါန်းကိုမြတ်စွာ ဘုရားကျူးရင့်တော်မူ၏။<br>(မြတ်စွာဘုရားပထမသတ္တာဟ(၇)ရက်ကိုလွန်သဖြင့် ဖလသမာ ပတ်မှထတော်မူ၍ ညဉ့်၏နောက်ဆုံးပစ္ဆိမယာမ်ပတ် လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံအားဖြင့် ကောင်းစွာနှလုံး သွင်းတော်မူပြီးနောက် ကျူးရင့်တော်မူသောဥဒါန်းဖြစ်ပါသည်) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆၅ | ။ | ၁၀။ ဗာဟိယသုတ် | ၇၈ | "အကြင်နိဗ္ဗာန်၌ အာပေါဓာတ်သည်လည်းကောင်း၊ ပထဝီဓာတ်သည်လည်းကောင်း၊ တေဇောဓာတ်သည်လည်းကောင်း၊ ဝါယောဓာတ်သည်လည်းကောင်း မတည်နိုင်။<br>ထိုနိဗ္ဗာန်၌ ကြယ်တို့သည် မတောက်ပကုန်၊ နေထုသည်လည်းမတောက်ပ၊ လသည်လည်းမတောက်ပ၊ အမိုက်တိုက်လည်းမရှိ။<br>"အကြင်အခါ၌သစ္စာလေးပါးကိုသိသောကြောင့် မုနိအမည်ရသောရဟန္တာပုဂ္ဂိုလ် သည် ကိုယ်တိုင်နိဗ္ဗာန်ကိုသိ၏။ နိဗ္ဗာန်ကို သိပြီးသည်မှ နောက်၌ရုပ်မှလည်းကောင်း၊ နာမ်မှလည်းကောင်း ချမ်းသာဆင်းရဲမှလည်းကောင်းလွတ်၏။"ဟု ဤဥဒါန်းကို မြတ်စွာဘုရားကျူးရင့်တော်မူ၏။<br>(သစ်သားဖျဉ်ချုပ်ဝတ်သောကြောင့် ဒါရုစီရိယအမည်ရသောဗာဟိယအား "မြင်ရာ၌ မြင်ကာမျှဖြစ်လတ္တံ့၊ ကြားရာ၌ ကြားကာမျှဖြစ်လတ္တံ့၊ တွေ့ရာ၌တွေ့ကာမျှဖြစ်လတ္တံ့၊သိရာ၌ သိကာမျှဖြစ်လတ္တံ့"ဟု ကျင့်အပ်၏။ ထိုအခါ သင်သည် ရာဂစသည်တို့ မဖြစ်သဖြင့် ရူပါရုံ စသည်၌ နှစ်သက်မှု၊ ပြစ်မှားမှု၊ တွေဝေမှု မဖြစ်။ ထိုအခါ သင်သည် မျက်မှောက်တမလွန်ဘဝတို့၌ မဖြစ်လတ္တံ့၊ ဤသည်ပင်လျှင် ဆင်းရဲ၏အဆုံးတည်းဟု မြတ်စွာဘုရားဟောတော်မူသည်။<br>ဗာဟိယသည် ဤအကျဉ်းဖြစ်သော မြတ်စွာဘုရား၏ တရားတော်ဖြင့် ထိုခဏ၌ပင် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ်သည်လွတ်၏။ နွားမငှေ့၍ ပရိနိဗ္ဗာန်ပြုသော ဗာဟိယကို အကြောင်းပြု၍ မြတ်စွာဘုရား ကျူးရင့်တော်မူသော ဥဒါန်းဖြစ်သည်။) |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၆၆ | ၂။မုစလိန္ဒဝဂ် | ၈။သုပ္ပဝါသာသုတ် | ၈၆ | " မသာယာအပ်သောသဘောတရားသည် သာယာဖွယ်အသွင်သဘောဖြင့်လည်းကောင်း၊ မချစ်ခင်အပ်သော သဘောတရားသည် ချစ်ခင်ဖွယ်အသွင်သဘောဖြင့်လည်းကောင်း၊ ဆင်းရဲသောသဘောတရားသည် ချမ်းသာဖွယ်အသွင် သဘောဖြင့်လည်းကောင်း၊ မေ့လျော့နေသူကိုလွှမ်းမိုးဖိစီး၏" ဟု ဤဥဒါန်းကို မြတ်စွာဘုရားကျူးရင့်တော်မူ၏။ (ရှင်သီဝလီ၏မယ်တော်ဖြစ်သော သုပ္ပဝါသာ မင်းသမီးသည် ရှင်သီဝလီ၏ကိုယ်ဝန်ကို (၇)နှစ် လွယ်ရပြီး ကိုယ်ဝန်ကြောင့် (၇) ရက်ပတ်လုံးမိန်းမောတွေဝေနေရ၏။ သို့သော် ရှင်သီဝလီသူငယ်ကို မွေးဖွားပြီး သားဖြစ်သူက အရှင်သာရိပုတ္တရာနှင့်အတူတကွ စကားပြောဆိုနေခြင်းအတွက် နှစ်သက်ရွှင်လန်းခြင်းကြောင့် မြတ်စွာဘုရားက ဤသားမှတပါး ဤသို့သဘောရှိသော သားမျိုးကို အလိုရှိသေးသလောဟု မိန့်တော်မူပါသည်။ သုပ္ပဝါသာက ဤသားမှတပါး ဤသို့သဘောရှိသော သား(၇) ယောက်တို့ကို အလိုရှိပါသေးသည်ဟု ပြန်လည်လျှောက်ထားတော်မူသည်ကို အကြောင်းပြု၍ ဤဥဒါန်းကိုမြတ်စွာဘုရား ကျူးရင့်တော်မူသည်။) |
| ၆၇ | ၃။နန္ဒဝဂ် | ၂။နန္ဒသုတ် | ၉၃ | 'အကြင်ရဟန်းအား ကိလေသာညွန်ကိုကူးမြောက်အပ်၏။ ကာမဟူသော ဆူးငြောင့်ကို နင်းနှယ်ချိုးဖျက်အပ်၏။ တွေဝေခြင်း၊ မောဟကုန်ခြင်းသို့ရောက်၏။ ထိုရဟန်းသည် ချမ်းသာဆင်းရဲခြင်းတို့ကြောင့်မတုန်လှုပ်ဟု ဤဥဒါန်းကိုမြတ်စွာဘုရားကျူးရင့်တော်မူသည်။ (ဇနပဒကလျာဏီ နှင့်လက်ထပ်သည့်နေ့တွင်ပင် နန္ဒမင်းသား ရဟန်းပြုပါသည်။ သာသနာတော်၌မပျော်ပိုက်သော |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | နန္ဒရဟန်းအား တာဝတိံသာနတ်ပြည်သို့ ပို့ဆောင်ပေးသဖြင့် ဇနပဒကလျာဏီအား မစွဲလမ်းတော့ပါ။ အဖော်ရဟန်းတို့က နန္ဒရဟန်းအားနတ်သမီးအတွက်ကျင့်သူဟု ကျီစယ်သည်ကို ရှက်ရာမှ နိဗ္ဗာန်သို့စေလွှတ်ထားသောစိတ်ဖြင့်ကျင့်ကြံသဖြင့် အရဟတ္တဖိုလ်ဆိုက်ရောက်သည်ကို အကြောင်းပြု၍ မြတ်စွာဘုရားဥဒါန်းကျူးရင့်တော်မူသည်။) |
| ၆၈ | ၄။ မေဃိယဝဂ် | ၄။ ယက္ခပဟာရသုတ် | ၁၁၁ | "အကြင်ရဟန္တာ၏စိတ်သည် ကျောက်တောင်နှင့်တူသည်ဖြစ်၍ တည်၏။ မတုန်လှုပ်၊ တပ်စွန်းဖွယ်အာရုံတို့၌ တပ်ခြင်းကင်း၏။ အမျက်ထွက်ဖွယ်အာရုံ၌ အမျက်မထွက်၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်ဤသို့ပွားများပြီးဖြစ်၏။ ယင်းသို့စိတ်ကိုပွားများပြီးဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်သို့ဆင်းရဲသည် အဘယ်မှာကပ်ရောက်နိုင်ပါမည်နည်း" ဟု ဥဒါန်းကို မြတ်စွာဘုရားကျူးရင့်တော်မူသည်။ (အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို ဘီလူးရိုက်ပုတ်သည်ကိုအကြောင်းပြု၍ မြတ်စွာဘုရားဥဒါန်းကျူးရင့်တော်မူသည်။) |
| ၆၉ | ၅။ သောဏဝဂ် | ၁၀။ စူဠပန္ထကသုတ် | ၁၃၅ | "ကောင်းစွာထားအပ်သောကိုယ်၊ ကောင်းစွာထားသောစိတ်၊ ရှိသည်ဖြစ်၍ ရပ်သော်လည်းကောင်း၊ ထိုင်သော်လည်းကောင်း၊ ဤသို့ သတိကိုကောင်းစွာထားသော ရဟန်းသည် ရှေ့နောက်ဖြစ်သောအကျိုးထူးကိုရရာ၏၊ ရှေ့နောက်ဖြစ်သော အကျိုးထူးကိုရသောကြောင့် သေမင်းမမြင်ရာနိဗ္ဗာန်သို့ရောက်နိုင်ရာ၏"ဟု ဥဒါန်းကိုမြတ်စွာဘုရားကျူးရင့်တော်မူသည်။ (အရှင်စူဠပန်သည် မြတ်စွာဘုရား၏မနီးမဝေး၌ သတိကို ရှေးရှုထင်စေပြီးလျှင်ကိုယ်ကိုဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်းခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရား |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
| --- | --- | --- | --- | --- |
| | | | | ဥဒါန်းကျူးရင့်တော်မူသည်။ |
| ၇၀ | ၆။ဇစ္စန္ဓဝဂ် | ၉။ဥပါတိဓာဝန္တိသုတ် | ၁၅၁ | "အချို့သော သာမဏဗြာဟ္မဏ တို့သည် သီလ၊သမာဓိ၊ ပညာစသောအနှစ်သာရသို့မရောက်ကြပဲ လွန်၍ပြေးကုန်၏။ တဏှာ၊ ဒိဋ္ဌိဟူသော အသစ်အသစ်ဖြစ်သော အနှောင်အဖွဲ့ကို ပွားစေကုန်၏။ မြင်ရသောအရာ၊ ကြားရသောအရာတို့ကို ဤသို့မှန်၏ဟု အမှားနှလုံးသွင်းကုန်လျက် ပိုးဖလံတို့သည် ဆီမီးသို့ ကျကုန်သကဲ့သို့ ရာဂစသော (၁၁)ပါးသော မီးကျီးတို့ဖြင့် ရဲရဲငြိသောဘဝသုံးပါးဟူသော မီးကျီးတွင်း၌ကျရောက်ရကုန်၏"ဟု ဥဒါန်းကိုမြတ်စွာဘုရားကျူးရင့်တော်မူသည်။<br>(မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သည့်ည၌အခါ ဆီမီးတို့ကို ထွန်းညှိထားရာ လွင်တီးခေါင်၌ထိုင်နေတော်မူ၏။ ထိုအခါများစွာသော ပိုးဖလံတို့သည် ထိုဆီမီးတို့၌တိုးဝင်ဝဲကာ ဆင်းရဲခြင်းသို့ပျက်စီးခြင်းသို့ ရောက်ကုန်သည်ကိုအကြောင်းပြု၍ ဤဥဒါန်းကို မြတ်စွာဘုရားကျူးရင့်တော်မူသည်။) |
| ၇၁ | ၇။စူဠဝဂ် | ၄။ဒုတိယသတ္တသုတ် | ၁၅၅ | "ဝတ္ထုကာမတို့၌ ကိလေသာကာမဖြင့်ကန်းသည်ကိုအမြုံခံရသူ၊ တဏှာတည်းဟူသော ပိုက်ကွန်ဖြင့်အဖုံးလွှမ်းခံရသူ၊ တဏှာတည်းဟူသော အမိုးဖြင့်ဖုံးအုပ်ခံရသူသတ္တဝါတို့ သည် မြှုံးဝ၌ဝင်ကုန်သော ငါးတို့သေခြင်းသို့ရောက်သကဲ့သို့လည်းကောင်း၊ နို့စို့အရွယ် နွားငယ်သည်အမိ နွားမကြီးနောက်လိုက်သကဲ့သို့လည်းကောင်း၊ ကိလေသာမာန်ကိုယ်တွင်းရန်၏အနှောင်အဖွဲ့ကို ခံကြရကုန်သည်ဖြစ်၍ အိုခြင်း၊ သေခြင်းသို့ အစဉ်လိုက်ကြရကုန်၏။<br>(သာဝတ္ထိပြည်သူပြည်သားတို့သည် အများအားဖြင့် ကာမဂုဏ်တို့၌ ကပ်ငြိ၊ တပ်စွန်း၊ မက်မောဖွဲ့နှောင် မိန်းမောကုန်ပြီး |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဥဒါန်းပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၇၂ | ၈။ ပါဋလိဂါမိယဝဂ် | ၈။ ဝိသာခါသုတ် | ၁၇၂ | မျိုထားသကဲ့သို့ တည်ကြကုန်ပြီး မကန်းသော်လည်းကန်းသကဲ့သို့ ကာမဂုဏ်တို့၌ပြင်းထန်စွာယစ်မူးခြင်းသို့ရောက်နေကြသည်ကိုအကြောင်းပြု၍ ဤဥဒါန်းကိုမြွက်စွာဘုရားကျူးရင့်တော်မူ၏) <br><br> "လောကဌ်အလုံးစုံသောစိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်းတို့သည် ချစ်အပ်သောအရာဝတ္ထုကိုစွဲ၍ ဖြစ်ပေါ်ကုန်၏။ ချစ်အပ်သောအရာဝတ္ထုမရှိမူ စိုးရိမ်ငိုကြွေးဆင်းရဲခြင်းတို့သည် မဖြစ်နိုင်ကုန်။ <br><br> ထို့ကြောင့် လောကဌ်အကြင်သူတို့အား ချစ်အပ်သောအရာဝတ္ထုသည် တစ်စုံတစ်ခုမျှမရှိ၊ ထိုသူတို့သည်ချမ်းသာကုန်၏။ စိုးရိမ်မှုကင်းကုန်၏။ <br><br> ထို့ကြောင့်စိုးရိမ်ကင်းမှု၊ ကိလေသာမြူကင်းမှုကို တောင့်တသူတို့သည် လောကဌ်တစ်စုံတစ်ခုသော ချစ်ခင်မှုကိုမျှ မပြုကြကုန်ရာ" ဟုဥဒါန်းကိုမြွက်စွာဘုရားကျူးရင့်တော်မူသည်။ <br><br> (ဝိသာခါ၏ချစ်ခင်နှစ်သက်အပ်သော မြေးမလေးကွယ်လွန်သည်ကို အကြောင်းပြု၍ ဤဥဒါန်းကိုကျူးရင့်တော်မူခြင်းဖြစ်သည်။) |



www.thitsarparamisociety.com/

# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဣတိဝုတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | ဣတိဝုတ်ပါဠိတော်<br>၁။ ဧကကနိပါတ် | | | |
| ၇၃။ | ၁။ ပဌမဝဂ် | ၁။ လောဘသုတ် | ၁၇၇ | ရဟန်းတို့တစ်ခုသောတရားကိုပယ်ကြကုန်လော့၊ သင်တို့အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရားတာဝန်ယူ၏။ တစ်ခုသောတရားဟူသည် အဘယ်နည်း။ ရဟန်းတို့ တပ်မက်မှုလောဘဟူသောတစ်ခုသောတရားကိုပယ်ကြကုန်လော့၊ |
| ၇၄ | ၃။ တတိယဝဂ် | ၂။ မေတ္တာသုတ် | ၁၈၈ | ရဟန်းတို့ကုသိုလ်ကောင်းမှုတို့ကို မကြောက်ကြကုန်လင့်။ ကုသိုလ်ကောင်းမှုတို့ဟူသော အမည်သည်အလိုရှိအပ်၊ နှစ်သက်အပ်ချစ်ခင်မြတ်နိုးအပ်သော ချမ်းသာသုခ၏အမည်ပေတည်း။<br>ငါဘုရား၏တန်ခိုးကြီးခြင်း အာနုဘော်ကြီးခြင်းသည် ၁။ ပေးကမ်းလှူဒါန်းမှု၊ ၂။ ဣန္ဒြေကိုဆုံးမမှု၊ ၃။ ကိုယ်နှုတ်ကိုစောင့်စည်းမှုဟူသော အကျိုးတည်းထိုသူသည်ကုသိုလ်ကောင်းမှုကိုသာလျှင်ကျင့်ရာ၏။ နေ့ခင်းအခါ မြတ်သောအကျိုးရှိသောဒါနကိုလည်းကောင်း၊ ကောင်းသောအကျင့်ကိုလည်းကောင်း၊ မေတ္တာစိတ်ကိုလည်းကောင်းပွားများရာ၏။ |
| | ၂။ ဒုကနိပါတ် | | | |
| ၇၅ | ၁။ ပဌမဝဂ် | ၁။ ဒုက္ခဝိဟာရသုတ် | ၁၉၄ | အကြင်ရဟန်းသည် မျက်စိ၊ နား၊ လျှာ၊ ကိုယ်စိတ်တို့ကိုပိတ်ဆို့မထား၊ စားဖွယ်ဘောဇဉ်တို့၌ အတိုင်းအရှည်ကိုမသိ၊ ဣန္ဒြေတို့၌ မစောင့်ရှောက်၊ ထိုရဟန်းသည်ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဟူသော ဆင်းရဲကိုရ၏။ |
| ၇၆ | ။ | ၇။ အာတာပီသုတ် | ၁၉၇ | အကြင်ရဟန်းသည် ထိနမိဒ္ဓများ၍ ကိလေသာကိုပူပန်တတ်စေသောလုံ့လမရှိ၊ မကောင်းမှုမှ မထိတ်လန့်၊ ပျင်းရိ၏၊ ဝီရိယယုတ်လျော့၏။ မကောင်းမှုမှမရှက်တတ်၊ အကျင့်၌ မရိုသေ။ ထိုသို့သဘောရှိသော ရဟန်းသည်မြတ်သောအရဟတ္တ |

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ဣတိဝုတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ဖိုလ်ကို တွေ့ထိသိမြင်ခြင်းငှါမထိုက်တန်။ |
| ၇၇ | ၂။ဒုတိယဝဂ် | ၁။ဝိတက္ကသုတ် | ၁၉၉ | ရဟန်းတို့ဆိတ်ငြိမ်ခြင်းလျှင် မွေ့လျော်ရာရှိကုန်သည်။ ဆိတ်ငြိမ်ခြင်း၌မွေ့လျော်ကုန်သည်ဖြစ်သော သင်တို့အား<br>"အကုသိုလ်မည်သည် အဘယ်နည်း၊<br>အဘယ်ကိုမပယ်အပ်သနည်း၊<br>အဘယ်ကိုပယ်စွန့်ရကုန်အံ့နည်း။" ဟု ဤဝိတက်သည် အကြိမ်များစွာ အဆင့်ဆင့်မပြတ်ဖြစ်လတ္တံ့။ |
| ၇၈ | ၁။ပဌမဝဂ် | ၈။ပဋိသလ္လာနသုတ် | ၂၀၅ | ငြိမ်းအေးသောစိတ်၊ ရင့်ကျက်သောပညာ၊ သတိရှိကုန်လျက်သာလျှင် သမထဝိပဿနာ နှစ်ပါးဖြင့် ရှုလေ့ရှိပြီး၊ ကာမတို့၌ ငဲ့ကွက်ခြင်းကင်းကုန်သည်ဖြစ်၍ ခန္ဓာငါးပါး တရားကို အသင့်အားဖြင့်ရှုကုန်၏။<br>မမေ့မလျော့မှုတရား၌မွေ့လျော်ပြီး မေ့လျော့မှုကို ဘေးအန္တရာယ်ဟုရှုသော သူတော်ကောင်းတို့သည် မဆုတ်ယုတ်၊ နိဗ္ဗာန်နှင့်သာလျှင်နီးကြကုန်၏။ |
| ၇၉ | ၃။တိကနိပါတ်<br>၄။စတုတ္ထဝဂ် | ၃။ဒေဝသဒ္ဒသုတ် | ၂၃၀ | နတ်တို့အချင်းချင်းဝမ်းမြောက်ဝမ်းသာပြောဆိုမှုသုံးမျိုး -<br>၁။ ရဟန်းဘောင်သို့ဝင်ရောက်၍ရဟန်းပြုရန်ကြိုးစားအားထုတ်ခြင်းကိုအကြောင်းပြု၍ "ဤရဟန်းသည်မာရ်နှင့်ယှဉ်ပြိုင်၍စစ်တိုက်ရန်ကြိုးစားအားထုတ်၏။" ဟုပြောဆိုကြသည်။<br>၂။ ထိုရဟန်းသည် နိဗ္ဗာန်ရောက်ကြောင်းဗောဓိပက္ခိယတရား(၃၇)ပါးတို့ကိုပွားများအားထုတ်နေခြင်းကို အကြောင်းပြု၍ "ဤရဟန်းသည် မာရ်နှင့်ယှဉ်ပြိုင်၍ စစ်တိုက်နေ၏။" ဟုပြောဆိုကြသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ ဣတိဝုတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ၃။ ထိုရဟန်းသည်ကိလေသာမှလွတ်မြောက်မှုကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုခြင်းကိုအကြောင်း ပြု၍ "ဤရဟန်းသည်စစ်မြေပြင်၌ အောင်နိုင်ကာလွှမ်းမိုးလျက်နေ၏။"ဟု ပြောဆိုကြသည်။ |
| ၈၀ | ၄။စတုက္ကနိပါတ် | ၁၂။သမ္ပန္နသီလသုတ် | ၂၆၀ | ရဟန်းသည် သွားနေစဉ်/ ရပ်နေစဉ်/ထိုင်နေစဉ်/လျောင်းနေစဉ်နီဝရဏငါးပါးတို့ကို ပယ်ပြီး ထက်သန်သော ဝီရိယဖြင့် အားထုတ်ခြင်း၊ မေ့လျော့မှုမရှိ သတိတရားလက်ကိုင်ထားခြင်း၊ ပူပန်မှုမရှိငြိမ်းအေးသော ကိုယ်ဖြင့်စိတ်သည်လည်း တစ်ခုတည်းသောအာရုံ၌သာ ကောင်းစွာတည်ကြည်ခြင်းတို့ ပြည့်စုံလျှင် ထိုရဟန်းကို "အမြဲမပြတ်ထက်သန်သော လုံ့လရှိသူ၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူ" ဟူ၍ခေါ်ဆိုအပ်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝင် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၈၁ | သုတ္တနိပါတ်ပါဠိတော် ၁။ဥရဂဝဂ် | ၂။ဓနိယသုတ် | ၂၆၇ | မြတ်စွာဘုရား၏တရားတော်ကိုနာကြားရပြီး နွားသူဌေး ဓနိယ ဇနီးမောင်နှံ သောတာပန်တည်ကြသော တရားတော်ဖြစ်ပါသည်။ သောတာပန်တည်ပြီးသော ဓနိယဇနီးမောင်နှံတို့ ရဟန်းအဖြစ်ရယူပြီး ဆက်လက်အားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသည်။ မြတ်စွာဘုရားနှင့်ဓနိယ အပြန်အလှန် (၈)ချက်စီ ပြောဆိုဟောပြောကြရာတွင် ပထမအချက်အဖြစ် မြတ်စွာဘုရားဟောတော်မူသောတရားမှာ-ငါသည်အမျက် မထွက်သူ စိတ်၌စူးဝင်တတ်သော ငြောင့်တံသင်းကင်းပြီးသူဖြစ်၏။ ဤမဟီမြစ်ကမ်းနား၌ တညဉ့်သာနေသူဖြစ်၏။ ငါ၏ ခန္ဓာအိမ်ကို ကိလေသာအမိုးဖွင့်လှစ်ထားပြီး၊ မီး (၁၁) ပါးငြိမ်း အေးလေပြီ။ ကိလေသာဟူသောမိုးနတ်မင်း သင်သည်ရွာသွန်း လိုမူရွာသွန်းပါလော့။ |
| ၈၂ | ။ | ၃။ခဂ္ဂဝိသာဏသုတ် | ၂၇၀ | ပစ္စေကဗုဒ္ဓါ (၄၁)ပါးတို့ ကိုယ်တိုင်ပစ္စေကဗောဓိဉာဏ်ရပုံများကိုဖော်ပြထားပါသည်။ပထမပစ္စေကဗုဒ္ဓါ ပစ္စေကဗောဓိဉာဏ် ရပုံမှာ သတ္တဝါအားလုံးတို့၌ ဒဏ်မထားမူ၍ ထိုသတ္တဝါတို့တွင် တစ်စုံတစ်ယောက်ကိုမျှလည်းမညှဉ်းဆဲပဲ ပစ္စေကဗောဓိဉာဏ်ကို ရ၏။<br>ထိုပစ္စေကဗုဒ္ဓါအရှင်သည် သားသမီးကိုလည်းအလိုမရှိ။ အပေါင်းအဖော်ကိုမူကား အဘယ်မှာအလိုရှိပါတော့မည်နည်း။ ထို့အတူ သူတော်ကောင်းသည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
# သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၈၃ | ၁။ဥရဂဝဂ် | ၄။ ကသိဘာရဒွါဇသုတ် | ၂၃၄ | မြတ်စွာဘုရားလယ်ထွန်ပုံ - <br> သဒ္ဓါ-မျိုးစေ့၊ တပ္ပ-မိုး၊ ပညာ-ထမ်းပိုး နှင့် ထွန်တုံး၊ ဟိရိဩတ္တပ္ပ - ထွန်သန်၊ စိတ် - ကြိုး၊ သတိ-ထွန်သွား နှင့် နှင်တံ နွား-ဝီရိယ၊ <br> လယ်ကိုစောင့်ရှောက်သကဲ့သို့မြတ်စွာဘုရား - ၁။ ကိုယ်ကိုစောင့်ရှောက် ၂။ နှုတ်ကိုစောင့်ရှောက် ၃။ အသက်မွေးမှုစင်ကြယ်ရန်စောင့်ရှောက် ၄။ ဘောဇဉ်အတိုင်းအရှည်ကိုစောင့်ရှောက် ၅။ မှန်သောစကားကိုသာဆိုသည်။ |
| ၈၄ | ။ | ၁၀။ အာဠဝကသုတ် | ၂၈၉ | အောင်ခြင်းရှစ်ပါးတွင်ပါဝင်သော အာဠဝကဘီလူးအား မြတ်စွာဘုရားအောင်နိုင်ခြင်းကို ဖော်ပြထားသော တရားတော် ဖြစ်ပါသည်။ အာဠဝက မေးလျှောက်သော အမေးပုစ္ဆာများ အနက် ဒုတိယဂါထာမှာ-"လေးဖြာသံသရာကိုအဘယ်သို့ ကူး မြောက်နိုင်ပါသနည်း၊ ဆင်းရဲခြင်းကိုအဘယ်သို့ လွန်မြောက် နိုင်ပါသနည်း။ ထက်ဝန်းကျင်စင်ကြယ်နိုင်ရန် အဘယ်သို့ ဆောင်ရွက်ရပါသနည်း။" ဖြစ်ပါသည်။ <br> မြတ်စွာဘုရားဟောတော်မူသည်မှာ- <br> အာဠဝက"ယုံကြည်မှု သဒ္ဓါတရားဖြင့်လေးဖြာ သံသရာ ကိုကူးမြောက်နိုင်၏။ မမေ့လျော့မှုဖြင့် သံသရာကိုကူး မြောက်နိုင်၏။ ထက်သန်သောဝီရိယဖြင့်ဆင်းရဲကို လွန် မြောက်နိုင်၏။ ပညာဖြင့် ထက်ဝန်းကျင်စင်ကြယ်နိုင်၏။" |
| ၈၅ | ၂။ စူဠဝဂ် | ၁၁။ ရာဟုလသုတ် | ၃၁၀ | မြတ်ဗုဒ္ဓကအရှင်ရာဟုလာအား မိန့်တော်မူသောဩဝါဒများ- ၁။ သင်သည်ပညာရှိကို မထီမဲ့မြင်မပြုဘဲရှိပါ၏လော၊ ပညာရှိ ပုဂ္ဂိုလ်ကိုသင်သည်ပူဇော်ပါ၏လော။ |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

### သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၈၆ | ၊ | ၁၃။ သမ္မာပရိဗ္ဗာဇနီယသုတ် | ၃၁၃ | ၂။ သင်သည်ကာမဂုဏ်ငါးပါးတို့ကိုစွန့်ပစ်၍ သဒ္ဓါတရားဖြင့် ဆင်းရဲ၏အဆုံးကိုပြုသူဖြစ်ပါလေလော့။<br>၃။ သင်သည်အဆွေခင်ပွန်းကောင်းတို့ကိုဆည်းကပ်ပါလေလော့၊ ဆိတ်ငြိမ်သောကျောင်းသို့လည်းချဉ်းကပ်လေလော့ စားဖွယ်ဘောဇဉ်၌အတိုင်းအရှည်ကိုသိသူဖြစ်ပါလေလော့။<br>၄။ သင်သည်ပစ္စည်းလေးပါးတို့၌ တပ်မက်မှုမပြုပါလေလင့်၊ ဤလောကသို့တစ်ဖန်ပြန်မလာလိုပါလင့်။<br>၅။ သင်သည်ပါတိမောက္ခသီလ၌လည်းကောင်း၊ ဣန္ဒြေငါးပါးတို့၌လည်းကောင်း စောင့်စည်းသူဖြစ်ပါလေလော့။ သံသရာ၌ငြီးငွေ့ဆန့်ကျင်မှုများသူဖြစ်ပါလေလော့။<br>၆။ရာဂနှင့်စပ်ယှဉ်သော လှပတင့်တယ်၏ဟူသော အမှတ်နိမိတ်ကိုရှောင်ကြဉ်ပါလေလော့။<br>၇။ အနိမိတ္တနိမိတ်မှကင်းသော ဝိပဿနာကိုလည်းပွားများပါလေလော့။ မာနာနုသယကိုလည်းပယ်စွန့်ပါလေလော့။<br>ထိုမာနကို ပယ်စွန့်နိုင်ခြင်းကြောင့် သင်သည်ငြိမ်းအေးလျက်နေရလတ္တံ့။<br><br>မဟာသမယအခါတော်နေ့တွင် ရာဂစရိုက်များသူတို့အတွက်မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားတော်ဖြစ်သည်။<br>အဖြေဂါထာ(၁၆)ခုအနက် အမှတ်(၂)အဖြေဂါထာတွင် "ရဟန်း သည်လူ၌ဖြစ်သော ကာမဂုဏ်၊ နတ်၌ဖြစ်သောကာမဂုဏ်တို့၌တပ်မက်မှုရာဂကိုပယ်ဖျောက်ရာ၏။ ထိုရဟန်းသည် သစ္စာတရားကိုဉာဏ်ဖြင့် သိရှိသက်ဝင်လျက် ဘဝသုံးပါးကိုလွန်မြောက်၍ လောကနှင့်မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။" ဟုမိန့်တော်မူပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၈၇ | ၃။မဟာဝဂ် | ၁။ပဗ္ဗဇ္ဇာသုတ် | ၃၂၀ | ဘုရားအလောင်းတော်ရာဇဂြိုလ်မြို့သို့ ဆွမ်းခံကြွတော်မူပြီး ဗိမ္ဗိသာရမင်းနှင့်ဝမ်းမြောက်ဝမ်းသာပြောဆိုမှုများ၊ ကာမတို့၌အပြစ်ကိုမြင်၍ ကာမမှထွက်မြောက်ခြင်းအတွက် တရားအားထုတ်မှုကို သာနှစ်သက်ကြောင်းမိန့်တော်မူသည်များ ပြည့်စုံစွာပါရှိပါသည်။ |
| ၈၈ | ။ | ၂။ပဓာနသုတ် | ၃၂၂ | နိဗ္ဗာန်သို့စေလွှတ်ထားသောစိတ်ဖြင့်နေရဉ္ဇနာမြစ် နား၌ နိဗ္ဗာန်ရောက်ခြင်းငှာအားထုတ်နေသော ဘုရားအလောင်းတော်အား မာရ်နတ်လာရောက်နှောင့်ယှက်ခြင်းနှင့်မာရ်နတ်၏စစ်တပ်ဆယ်ခု (စာပိုဒ် ၄၃၉မှ၄၄၁)အကြောင်း၊ နောက်ဆုံးတွင်မာရ်နတ်လက်လျှော့ထွက်ခွာသွားသည့်အကြောင်းများပါရှိပါသည်။ |
| ၈၉ | ။ | ၆။သဘိယသုတ် | ၃၃၄ | ကဿပဘုရားရှင်သာသနာနောက်ပိုင်း တောင်ထိပ်ပေါ်တွင်တရားကျင့်ကြ၍ ပျံလွန်တော်မူကြသောရဟန်းငါးပါးအနက် ရဟန်းတစ်ပါး သည်ဂေါတမမြတ်စွာဘုရားသာသနာအခါကာလ၌ သဘိယပရိဗိုဇ်အမည်တွင်ပါသည်။<br>တောင်ထိပ်ပေါ်တွင်အတူတကွ တရားကျင့်ကြ၍ အနာဂါမ်ဖြစ်သူ ဗြဟ္မာသည် သဘိယပရိဗိုဇ်ထံလာရောက်၍အမေးပြဿနာတို့ကိုသင်ကြားပေးပါသည်။<br>ထိုအမေးပြဿနာတို့ကို ဖြေဆိုနိုင်သူထံ၌ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကိုကျင့်ရန်မှာကြားပါသည်။<br>သဘိယသည် အမေးပြဿနာတို့ကိုဂိုဏ်းဆရာခြောက်ဦးတို့ကိုမေးမြန်းသော်လည်း အဖြေမရရှိသဖြင့် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးနေသည့်မြတ်စွာဘုရားထံချဉ်းကပ်ပြီးငါးဂါထာဖြင့်အမေးပြဿနာများကို မေးလျှောက်ပါသည်။ မြတ်စွာဘုရားကအဖြေဂါထာနှစ်ဆယ်ဖြင့် ဖြေဆိုမိန့်တော်မူရာ သဘိယပရိဗိုဇ်သည် မြတ်စွာဘုရားဟောတော်မူသောတရား |



www.thitsarparamisociety.com/

# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | တော်ကိုစိတ်တိုင်းကျ ရှင်လန်းတက်ကြွနှစ်သိမ့်ဝမ်းမြောက်ပါသည်။<br>မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ရဟန်းအဖြစ်ကိုတောင်းခံသဖြင့် ရှင်အဖြစ် ရဟန်းအဖြစ်ကိုရရှိပြီး ရဟန်းတရားကျင့်ကြံအားထုတ်ရာ ရဟန္တာအဖြစ်ကိုရရှိပါသည်။ |
| ၉၀ | ၄။အဋ္ဌကဝဂ် | ၁၀။ပုရာဘေဒသုတ် | ၃၈၈ | မဟာသမယအခါတော်နေ့တွင် ပညာစရိုက်ရှိသူတို့အတွက်မြတ်စွာဘုရားဟောကြားတော်မူသည်။<br>အဖြေဂါထာ(၁၃)ခုအနက် အမှတ်(၅)အဖြေဂါထာတွင် " အကြင်ပုဂ္ဂိုလ်သည်သာယာဖွယ်ကာမဂုဏ်တို့၌သာယာမှုမရှိ အလွန်ထောင်လွှားမှုမာနသည်လည်းမယှဉ်၊ ကာယကံစသည်တို့ဖြင့် နူးညံ့သိမ်မွေ့၏ပညာဉာဏ်လည်းရှိ၏။ တပ်မက်ခြင်းကင်းပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်ကိုကိလေသာတို့မှငြိမ်းပြီးသောသူဟူ၍ဆို၏" ဟုမိန့်တော်မူပါသည်။ |
| ၉၁ | ။ | ၁၁။ကလဟဝိဝါဒသုတ် | ၃၉၀ | မဟာသမယအခါတော်နေ့တွင် ဒေါသစရိုက်ရှိသူတို့အတွက် ဟောတော်မူသည်။<br>အဖြေဂါထာ (၉)ခုအနက် အမှတ်(၄) အဖြေဂါထာတွင် "အမျက်ထွက်မှု၊မုသားစကားပြောဆိုမှု၊ သို့လောသို့လော တွေးတောယုံမှားမှုတို့သည် သာယာဖွယ်၊ မသာယာဖွယ် တရားနှစ်ပါးကြောင့်သာလျှင် ဖြစ်ကုန်၏။" ဟုမိန့်တော်မူပါသည်။ |
| ၉၂ | ။ | ၁၂။စူဠဗျူဟသုတ် | ၃၉၂ | မဟာသမယအခါတော်နေ့တွင် ဝိတက်စရိုက်ရှိသူနှင့်ပထမဈာန်ဖြပ္ပာတို့အတွက်ဟောတော်မူသည်။<br>အဖြေဂါထာ(၁၃)ခုအနက် အမှတ်(၉)အဖြေဂါထာတွင် "သူတစ်ပါးပြောစကားကြောင့် အကယ်၍ ပညာမဲ့သူဖြစ်ခဲ့ပါမူ ပြောဆိုသူနှင့်အပြောခံသူနှစ်ဦးစလုံး ပညာမဲ့သူဖြစ်၏။ သို့မဟုတ် မိမိကိုယ်ကို အသိဉာဏ်ရှိသူပညာရှိသူအကယ်၍ |

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

### သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ဖြစ်နိုင်ခဲလှသောင်သာမဏာတို့တွင် တစ်စုံတစ်ယောက်မျှမိုက်မဲသူမရှိနိုင်တော့ပေ ဟုမိန့်တော်မူပါသည်။ |
| ၉၃ | ၄။ အဋ္ဌကဝဂ် | ၁၃။ မဟာဗျူဟသုတ် | ၃၉၄ | မဟာသမယအခါတော်နေ့တွင် မောဟစရိုက်ရှိသူတို့အတွက်ဟောတော်မူသည်။ အဖြေဂါထာ(၁၈)ခုအနက်မှ အမှတ်(၇)ဂါထာတွင် "တောင့်တသူအား တမ်းတမှု'တဏှာ'တို့ဖြစ်သည့် တဏှာ ဒိဋ္ဌိဖြင့် ကြံစည်အပ်သောဝတ္ထုတို့၌ တုန်လှုပ်မှုသည်ဖြစ်၏။ ဤလောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်အား စုတိပဋိသန္ဓေမရှိ။ ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ရာဂစသည်ဖြင့်လည်း တုန်လှုပ်အံ့နည်း။ အဘယ်အရာတို့၌လည်း တမ်းတရာအံ့နည်း" ဟု မိန့်တော်မူပါသည်။ |
| ၉၄ | ။ | ၁၄။ တုဝဋကသုတ် | ၃၉၇ | မဟာသမယအခါတော်နေ့တွင် သဒ္ဓါတရားရှိသူတို့အတွက်ဟောတော်မူသည်။ အဖြေဂါထာ(၁၀)ခုအနက် အမှတ်(၅)ဂါထာတွင် "သမုဒ္ဒရာ၏အောက်အထက်သို့ အလယ်၌ လှိုင်းတံပိုးတို့မဖြစ်သဖြင့်မတုန်မလှုပ်တည်နေသကဲ့သို့ တဏှာကင်းသူသည် လောကဓံ ရှစ်ပါးကြောင့် မတုန်မလှုပ်တည်နေနိုင်၏။ ရဟန်းသည် တစ်စုံတစ်ခုသော အာရုံကြောင့် ရာဂ စသည် ထူပြောများပြားခြင်းကိုမပြုလုပ်ရာ" ဟု မိန့်တော်မူပါသည်။ |
| ၉၅ | ။ | ၁၅။ အတ္တဒဏ္ဍသုတ် | ၄၀၀ | မဟာသမယအခါတော်နေ့မတိုင်မီ ရေလုပွဲတွင် သွေးထွက်သံယိုမဖြစ်ကြစေရန် ကပိလဝတ်နှင့် ကောလိယသာကီဝင်တို့အား ဟောတော်မူသည်။ ဂါထာ(၅)တွင် မိန့်တော်မူသည်မှာ "ရာဂမြားငြောင့်စူးဝင်နေသူသည် အရပ်မျက်နှာအားလုံးတို့ သို့ပြေးသွားရ၏။ ထိုမြားကိုနုတ်ပယ်လိုက်သော် မပြေးသွားရတော့ပေ" |



www.thitsarparamisociety.com/

www.thitsarparami.org/



## အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

### သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၉၆ | ၅။ ပါရာယနဝဂ် | ၁။ ဝတ္ထုဂါထာ | ၄၀၆ | ပါရာယနဝဂ်ပါတရားတော်များကိုမဖတ်ရှုမီ ဤဝတ္ထုဂါထာကိုရှေးဦးစွာဖတ်ရှုသင့်ပါသည်။<br>အသက်(၁၂၀)ရှိပြီဖြစ်သော ဗာဝရီပုဏ္ဏားကြီးသိလိုသည်များကိုမြတ်ဗုဒ္ဓထံမေးမြန်းလျှောက်ထားရန် မသွားရောက်နိုင်ပါ။ ပုဏ္ဏားကြီး၏ ထူးချွန်သောတပည့်ကြီးအဇိတဦးဆောင်သော<br>တပည့်ကြီး(၁၆)ဦးကို မြတ်စွာဘုရားထံမေးလျှောက်ရန်စေလွှတ်ပါသည်။<br>အဇိတအပါအဝင်တပည့်ကြီး(၁၆)ဦးတို့တွင် တပည့်(၁၀၀၀)စီရှိကြပါသည်။ အဇိတမှစ၍ ကျန်(၁၅)ဦးတို့သည်တစ်ဦးချင်းစီမြတ်ဗုဒ္ဓအား သိလိုသည်များကိုမေးလျှောက်သည့်အခါ မြတ်ဗုဒ္ဓကပြန်လည်ဖြေကြားမိန့်တော်မူပါသည်။<br>မြတ်ဗုဒ္ဓသည်မိန့်တော်မူသည်ကို နာကြားရတိုင်းသော မေးမြန်းလျှောက်ထားသူနှင့်တပည့်(၁၀၀၀)တို့သည် ရဟန္တာဖြစ်ကြပါသည်။ပါရာယနဒေသနာသည် (၁၆)ဦးတို့ မေးလျှောက်သော အမေးပုစ္ဆာများကိုမြတ်ဗုဒ္ဓက (၁၆)ကြိမ်တိုင်တိုင် ဖြေကြားမိန့်တော်မူပြီးသော်(၁၅)ဦးနှင့်တကွတပည့်(၁၆၀၀၀)တို့ ရဟန္တာအဖြစ်သို့ရောက်တော်မူကြသော တရားတော်များဖြစ်ပါသည်။ နောက်ဆုံးမေးလျှောက်သူပိင်္ဂိယသည် တရားတော်ကိုနာကြားပြီး အနာဂါမ်တည်ပါသည်။ နောင်တွင်ရဟန္တာအဖြစ်ဆိုက်ရောက်ပါသည်။ |
| ၉၇ | ။ | ၁။ အဇိတမာဏဝပုစ္ဆာ | ၄၁၀ | ရဟန်းသည်ကာမတို့၌ မတပ်မက်မတွယ်တာရားစိတ်ညစ်ညူးနောက်ကျုသူမဖြစ်ရာ တရားအားလုံးတို့၌လိမ္မာသည် သတိရှိသည်ဖြစ်၍ နေထိုင်ရာ၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၉၈ | ၅။ပါရာယနဝဂ် | ၂။တိဿမေတ္တေယျမာဏဝပုစ္ဆာ | ၄၁၁ | အကြင်ရဟန်းသည် ကာမတို့၌အပြစ်ကိုမြင်၍ မင်္ဂအကျင့်မြတ်ကိုကျင့်သုံးသူ၊ တပ်မက်မှုတဏှာကင်းသူ၊ အခါခပ်သိမ်းအောက်မေ့မှုသတိရှိသူ၊ ပညာဖြင့်ဆင်ခြင်၍ ငြိမ်းအေးသူဖြစ်၏။<br>ထိုရဟန်းအားတုန်လှုပ်တတ်သော တဏှာဒိဋ္ဌိတို့မရှိကုန်။ |
| ၉၉ | ။ | ၄။မေတ္တဂူမာဏဝပုစ္ဆာ | ၄၁၃ | ယခုဘဝ၌ပင်ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်ရောက်ကြောင်းတရားကိုဟောမည်။<br>ပစ္စုပ္ပန်အတိတ်၊ အနာဂါတ်ကာလသုံးပါးတို့တွင် နှစ်သက်မှုကိုလည်းကောင်း၊ တဏှာဒိဋ္ဌိဟူသောတည်ရာအိမ်ကိုလည်းကောင်း၊ အဘိသင်္ခါရဝိညာဏ်ကိုလည်းကောင်း နှုတ်ပယ်လေလော့။ |
| ၁၀၀ | ။ | ၅။ဓောတကမာဏဝပုစ္ဆာ | ၄၁၅ | ငါဘုရားထံမှတရားသံကိုကြားနာရ၍ ရင့်ကျက်သောပညာရှိသူသည် အောက်မေ့မှုသတိရှိသည်ဖြစ်၍ ရာဂစသည်ငြိမ်းအေးခြင်းငှာကျင့်ရာ၏။ |
| ၁၀၁ | ။ | ၈။ဟေမကမာဏဝပုစ္ဆာ | ၄၁၉ | အောက်မေ့မှုသတိရှိသူတို့သည် နိဗ္ဗာန်ကိုသိသောကြောင့် တရားကိုမြင်ပြီးသူ၊ ကိလေသာမီးငြိမ်းအေးပြီးသူတို့ဖြစ်၏။<br>ထိုသူတို့သည် အခါခပ်သိမ်းကိလေသာမှငြိမ်းကုန်သည်ဖြစ်၍ လောက၌ကပ်ငြိမှုတဏှာကိုလွန်မြောက်ကုန်၏။ |
| ၁၀၂ | ။ | ၁၁။ဇတုကဏ္ဏိမာဏဝပုစ္ဆာ | ၄၂၁ | ကာမမှထွက်မြောက်ရာနိဗ္ဗာန်ကို ဘေးကင်းရာဟုရှုမြင်၍ ကာမတို့၌မက်မောမှုကိုပယ်ဖျောက်လော့။ တဏှာဒိဋ္ဌိဖြင့်စွဲယူသောပယ်စွန့်သင့်ပယ်စွန့်ထိုက်သော ရာဂစသော ကြောင့်ကြမှုသည်သင့်အားမဖြစ်ပါစေလင့်။ |
| ၁၀၃ | ။ | ၁၃။ဥဒယမာဏဝပုစ္ဆာ | ၄၂၂ | လောကသည်နှစ်သက်မှုတဏှာလျှင် နှောင်ကြိုးသံယောဇဉ်ရှိ၏။ထိုလောကကိုသုံးသပ်ခြင်းကား ကြံစည်မှုဝိတက်ဖြစ်၏။ တပ်မက်မှုတဏှာကိုပယ်ခြင်းဖြင့် နိဗ္ဗာန်ဟုဆိုအပ်၏။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁၀၄ | ၅။ပါရာယနဝဂ် | ၁၅။ မောဃရာဇမာဏဝ | ၄၂၄ | အခါခပ်သိမ်းအောက်မေ့မှုသတိရှိလျက် မိမိကိုယ်ကို စွဲလမ်းမှု အတ္တာနုဒိဋ္ဌိကိုနုတ်ပယ်၍ လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုမြင်ဆင်ခြင်လော့။<br>ဤသို့ရှုသည်ဖြစ်သော်သေမင်းကိုလွန်မြောက်နိုင်၏။<br>ဤသို့လောကကို ရှုသောသူကိုသေမင်းသည်မမြင်နိုင်။ |
| ၁၀၅ | ။ | ၁၆။ ပိင်္ဂိယမာဏဝပုစ္ဆာ | ၄၂၅ | တဏှာသည်နှိပ်စက်ဖျက်ဆီးသောကြောင့် ပူပန်ခြင်းရှိသော အိုခြင်းဖြင့်နှိပ်စက်ခံရသော သတ္တဝါတို့ကို သင်တွေ့မြင်နေရ၏။ ပိင်္ဂိယ၊ ထို့ကြောင့် သင်သည် မမေ့မလျော့မှု၍ ဘဝသစ်၌ တစ်ဖန်မဖြစ်ခြင်းငှာ တဏှာကိုစွန့်ပယ်လေလော့။ |
| ၁၀၆ | ။ | ပါရာယနတ္ထုတိဂါထာတော် | ၄၂၅ | ဤတရားတော်တို့သည် နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်စေတတ်ကုန်၏။ ထို့ကြောင့် ဤတရားဒေသနာတော်၏ အမည်သည် ပါရာယန မည်သည်ဖြစ်၏။ |
| ၁၀၇ | ။ | ပါရာယနာနုဂီတိဂါထာ | ၄၂၆ | မြတ်စွာဘုရား၏တရားတော်ကို နာကြားရ၍ ပိင်္ဂိယသည် အနာဂါမ်တည်ပြီးနောက် ၎င်း၏ဦးရီးတော်ဖြစ်သော ဗာဝရီပုဏ္ဏားကြီးထံ ပြန်လည်ကြွရောက်၍ မြတ်ဗုဒ္ဓ၏တရားဒေသနာများကို ပြန်လည်ရှင်းလင်းဟောကြားတော်မူပါသည်။<br>"အကြင်မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်အပ်သော အခါမလင့်အကျိုးပေး၍ တပ်မက်မှုတဏှာ၏ကုန်ရာဖြစ်သော၊ ဘေးရန်မရှိသောတရားကို အကျွန်ုပ်အားဟောတော်မူ၏။ ယင်းနိဗ္ဗာန်တရားအားတစ်စုံတစ်ခုသော နှိုင်းယှဉ်စရာ ဥပမာမရှိ" အပါအဝင်(၁၅)ဂါထာဖြင့်ပြန်လည်ရှင်းလင်းဟောကြားပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## သုတ္တနိပါတ်ပါဠိတော်

| စဉ် | ဝဂ် | သုတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ဗာဝရီပုဏ္ဏားကြီးအား အရှင်ပိင်္ဂိယရှင်းလင်းဟောကြားပြီးသည့်အခါ မြတ်စွာဘုရားသည်သိတင်းသုံးတော်မူရာကျောင်းတိုက်မှရောင်ခြည်တော်လွှတ်၍ အရှင်ပိင်္ဂိယအား တရားဟောတော်မူပါသည်။ (ဂါထာ-၁၆)<br>မြတ်စွာဘုရား၏တရားတော်ကိုနာကြားပြီးလျှင် အရှင်ပိင်္ဂိယသည် ရဟန္တာအဖြစ်သို့ရောက်ရှိတော်မူသည်။<br>ဗာဝရီပုဏ္ဏားကြီးသည်လည်း အရှင်ပိင်္ဂိယ ရှင်းလင်းဟောကြားတော်မူသော တရားအလုံးစုံကိုနာကြားပြီး အနာဂါမ်အဖြစ်သို့ ရောက်ရှိပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/

# ခုဒ္ဒက နိကာယ်ဝင်
# အဘိဓမ္မာပိဋကတ်
# ပုဂ္ဂလပညတ်ပါဠိတော်
# (မြန်မာပြန်)



www.thitsarparamisociety.com/

www.thitsarparami.org/

# မာတိကာ


| စဉ် | သုတ်အမည် | စာမျက်နှာ |
|---|---|---|
| | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | |
| ၁။ | မာတိကာ ဧကကဥဒ္ဒေသ ... ... ... | ၂၁၅ |
| ၂။ | မာတိကာ ဒုကဥဒ္ဒေသ ... ... ... | ၂၁၅ |
| ၃။ | မာတိကာ တိကဥဒ္ဒေသ ... ... ... | ၂၁၆ |
| ၄။ | မာတိကာ စတုက္ကဥဒ္ဒေသ ... ... ... | ၂၁၆ |
| ၅။ | မာတိကာ ပဥ္စကဥဒ္ဒေသ ... ... ... | ၂၁၇ |
| ၆။ | မာတိကာ ဆက္ကဥဒ္ဒေသ ... ... ... | ၂၁၇ |
| ၇။ | မာတိကာ သတ္တကဥဒ္ဒေသ ... ... ... | ၂၁၇ |
| ၈။ | မာတိကာ အဋ္ဌကဥဒ္ဒေသ ... ... ... | ၂၁၈ |
| ၉။ | မာတိကာ နဝကဥဒ္ဒေသ ... ... ... | ၂၁၈ |
| ၁၀။ | မာတိကာ ဒသကဥဒ္ဒေသ ... ... ... | ၂၁၈ |
| ၁၁။ | နိဒ္ဒေသ ၁ - ဧကကပုဂ္ဂလပညတ် ... ... ... | ၂၁၈ |
| ၁၂။ | နိဒ္ဒေသ ၂ - ဒုကပုဂ္ဂလပညတ် ... ... ... | ၂၁၉ |
| ၁၃။ | နိဒ္ဒေသ ၃ - တိကပုဂ္ဂလပညတ် ... ... ... | ၂၁၉ |
| ၁၄။ | နိဒ္ဒေသ ၄ - စတုက္ကပုဂ္ဂလပညတ် ... ... ... | ၂၂၀ |
| ၁၅။ | နိဒ္ဒေသ ၅ - ပဥ္စကပုဂ္ဂလပညတ် ... ... ... | ၂၂၂ |
| ၁၆။ | နိဒ္ဒေသ ၇ - သတ္တကပုဂ္ဂလပညတ် ... ... ... | ၂၂၃ |
| ၁၇။ | နိဒ္ဒေသ ၉ - နဝကပုဂ္ဂလပညတ် ... ... ... | ၂၂၄ |


www.thitsarparamisociety.com/

# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁ | မာတိကာ | ၁။ ဧကကဥဒ္ဒေသ | ၂ | စာပိုဒ် ၇ - ပုဂ္ဂိုလ်တို့ကို ပုဂ္ဂိုလ်ဟူသောပညတ်ခြင်း (၅၄)မျိုး တို့ကိုပြည့်စုံစွာဖော်ပြပါရှိပါသည်။<br>အမှတ်စဉ် ၂၈ - အလုံးစုံသောတရားကိုအမှန်ကိုယ်တိုင် သိမြင်သော " သမ္မာသမ္ဗုဒ္ဓ ပုဂ္ဂိုလ်၊"<br>စဉ် ၂၉ - သစ္စာလေးပါးတရားကို အသီးအခြား သိမြင်သော"ပစ္စေကသမ္ဗုဒ္ဓ ပုဂ္ဂိုလ်၊"<br>စဉ် ၃၄ - သဒ္ဓါကိုအမှူးထား၍ လွတ်မြောက်သော "သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၊"<br>စဉ် ၃၅ - ပညာတရားဖြင့်အောက်မေ့တတ်သော "ဓမ္မာနုသာရီ ပုဂ္ဂိုလ်၊"<br>စဉ် ၃၆ - သဒ္ဓါဖြင့်အောက်မေ့တတ်သော "သဒ္ဓါနုသာရီပုဂ္ဂိုလ်"<br>စဉ် ၄၇ - သောတာပန်ပုဂ္ဂိုလ်<br>စဉ် ၄၉ - သကဒါဂါမ်ပုဂ္ဂိုလ်<br>စဉ် ၅၁ - အနာဂါမ်ပုဂ္ဂိုလ်<br>စဉ် ၅၃ - ရဟန္တာပုဂ္ဂိုလ် |
| ၂။ | ။ | ၂။ ဒုကဥဒ္ဒေသ | ၄ | စာပိုဒ် ၈ - နှစ်မျိုးသော ပုဂ္ဂိုလ်တို့ကို(၂၆)မျိုးဖြင့် ဖော်ပြပါရှိပါသည်။<br>အမှတ်စဉ် ၇ - ကုန်ခြေတို့၌ မလုံခြုံသောတံခါးရှိသော ပုဂ္ဂိုလ်နှင့်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသောပုဂ္ဂိုလ်။<br>အမှတ်စဉ် ၁၈ - ထင်သောသတိရှိသောပုဂ္ဂိုလ်နှင့် ပညာ အဆင်အခြင်ရှိသောပုဂ္ဂိုလ်၊<br>စဉ် ၁၉ - သီလအကျင့်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်နှင့် အယူနှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ |

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၃။ | မာတိကာ | ၃။တိကဥဒ္ဒေသ | ၅ | စာပိုဒ် ၉ - သုံးမျိုးသောပုဂ္ဂိုလ်တို့ကို (၁၇)မျိုးဖြင့် ဖော်ပြပါရှိပါသည်။<br>အမှတ်စဉ် ၄ - မစင်နှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပန်းနှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပျားနှင့်တူသော စကားရှိသောပုဂ္ဂိုလ်။<br>အမှတ်စဉ် ၆ - ပညာမျက်စိမရှိ'ကန်း'သောပုဂ္ဂိုလ်၊ ပညာမျက်စိတဖက်သာအမြင်ရှိသောပုဂ္ဂိုလ်၊ ပညာမျက်စိနှစ်ဖက်အမြင်ရှိသော ပုဂ္ဂိုလ်။<br>အမှတ်စဉ် ၇ - မှောက်၍ထားသောအိုးနှင့်တူသောပညာရှိသောပုဂ္ဂိုလ်၊ ခါးပိုက်၌ထည့်ထားသည့် ခဲဖွယ်ဝတ္ထု ရှိသောသူနှင့်တူသော ပညာရှိသောပုဂ္ဂိုလ်၊ ကျယ်ပြန့်သောပညာရှိသောပုဂ္ဂိုလ်။<br>အမှတ်စဉ် ၁၆ - ဆရာတို့သည်သုံးမျိုးတို့တည်း။<br>အမှတ်စဉ် ၁၇ - ထိုမှတပါးဆရာတို့သည်သုံးမျိုးတို့တည်း။ |
| ၄ | ။ | ၄။စတုက္ကဥဒ္ဒေသ | ၆ | စာပိုဒ် ၁၀ - လေးမျိုးသောပုဂ္ဂိုလ်တို့ကိုအမျိုး(၃၀)ဖြင့် ဖော်ပြပါရှိပါသည်။<br>အမှတ်စဉ် ၁ - သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်၊ သူတော်ကောင်းမဟုတ်သောပုဂ္ဂိုလ်အောက် သာလွန်၍ သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်၊ သူတော်ကောင်းပုဂ္ဂိုလ်၊ သူတော်ကောင်းထက် သာလွန်၍သူတော်ကောင်း ဖြစ်သော ပုဂ္ဂိုလ်။<br>အမှတ်စဉ် ၂၅ - မိမိကိုယ်ကိုပူပန်စေသူ၊ သူတစ်ပါးကိုပူပန်စေသူ၊ မိမိကိုယ်ကို ပူပန်စေပြီး သူတစ်ပါး |



www.thitsarparamisociety.com/

# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ကိုလည်းပူပန်စေသူ၊ မိမိကိုယ်ကို မပူပန်စေ သူတစ်ပါးကိုလည်း မပူပန်စေသူ။<br>အမှတ်စဉ် ၃၀ - မတုန်လှုပ်သော သောတာပန်၊ ပဒုမ္မာကြာနှင့်တူသော သကဒါဂါမ်၊ ပုဏ္ဍရိတ်ကြာ နှင့်တူသောအနာဂါမ်၊ အလွန်သိမ်မွေ့သော ရဟန္တာ။ |
| ၅ | မာတိကာ | ပဉ္စကဥဒ္ဒေသ | ၉ | စာပိုဒ် ၁၁ - ငါးမျိုးသောပုဂ္ဂိုလ်တို့ကို(၁၄)မျိုးဖြင့် ဖော်ပြပါရှိပါသည်။<br>အမှတ်စဉ် ၂ - ပေးပြီးမထေမဲ့မြင်ပြုသောပုဂ္ဂိုလ်။ ပေါင်းသင်း ဆက်ဆံသဖြင့်မထေမဲ့မြင်ပြုသော ပုဂ္ဂိုလ်။ လက်ဦးစကားကို အကြောင်းရင်းထားသောပုဂ္ဂိုလ်။<br>ထိုင်းအမိုက်မဲသောပုဂ္ဂိုလ်။ |
| ၆ | ။ | ဆက္ကဥဒ္ဒေသ | ၁၁ | စာပိုဒ် ၁၂ - ခြောက်မျိုးသောပုဂ္ဂိုလ်တို့ကိုဖော်ပြထားပါသည်၊ |
| ၇ | ။ | သတ္တကဥဒ္ဒေသ | ၁၂ | စာပိုဒ် ၁၃ - (၇)မျိုးသောပုဂ္ဂိုလ်တို့ကိုဖော်ပြထားပါသည်။<br>အမှတ်စဉ် ၁ - တစ်ကြိမ်နစ်သော်နစ်သည်သာဖြစ်သူ။<br>ပေါ်ပြီးမှနစ်သူ။<br>ပေါ်၍တည်သူ။<br>ပေါ်၍တူရှုကြည့်၊ တစ်စောင်းကြည့်သူ။<br>ပေါ်၍ကူးသူ။<br>ပေါ်၍ထောက်ရာမှီရာသို့ရောက်သူ။<br>ပေါ်၍ ကူးမြောက်လျက် ကမ်းတစ်ဖက်သို့ ရောက်သူ။ |

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|---|
| ၈ | မာတိကာ | ၈။အဋ္ဌကဥဒ္ဒေသ | ၁၂ | စာပိုဒ် ၁၄ | - (၈)မျိုးသောပုဂ္ဂိုလ်<br>မဂ်လေးပါး၊ ဖိုလ်လေးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များ။ |
| ၉ | မာတိကာ | ၉။နဝကဥဒ္ဒေသ | ၁၂ | စာပိုဒ် ၁၅ | - ကိုးမျိုးသောပုဂ္ဂိုလ်။<br>- သဗ္ဗညုဘုရား၊<br>- ပစ္စေကဗုဒ္ဓါ၊<br>- လွတ်မြောက်သူ၊<br>- ပညာဖြင့်လွတ်မြောက်သူ<br>- ဈာန်၊ မဂ်၊ ဖိုလ်ချမ်းသာကိုကိုယ်တိုင် တွေ့ထိ ခံစား၍နိဗ္ဗာန်ကိုမျက်မှောက်ပြုသူ။<br>- သိမြင်ခြင်းအဆုံးသို့ရောက်သူ၊<br>- သဒ္ဓါကိုအမှူးထား၍လွတ်မြောက်သူ၊<br>- ပညာတရားဖြင့်အဆုံးရောက်သူ၊<br>- သဒ္ဓါတရားဖြင့်အဆုံးရောက်သူ။ |
| ၁၀ | ။ | ၁၀။ဒသကဥဒ္ဒေသ | ၁၃ | စာပုဒ် ၁၆ | - ဆယ်မျိုးသောပုဂ္ဂိုလ် ကာမဘုံ၌ပြီးဆုံးခြင်းသို့ ရောက်သူ(၅)ယောက်<br>- ကာမဘုံ၌ဖြစ်ခြင်းကိုပယ်၍ သုဒ္ဓါဝါသဘုံ၌ပြီးဆုံးခြင်းသို့ ရောက်သူ(၅)ယောက်။ |
| ၁၁ | နိဒ္ဒေသ | ၁။ဧကကပုဂ္ဂလ ပညတ် | ၁၇<br>၁၈<br><br>၁၉ | စာပိုဒ် ၂၂<br>စာပိုဒ် ၂၅<br>စာပိုဒ် ၂၈<br>စာပိုဒ် ၂၉<br>စာပိုဒ် ၃၀ | - သမ္မာသမ္ဗုဒ္ဓ ကိုအကျယ်ရှင်းပြပါသည်။<br>- ပညာဝိမုတ္တ ကိုအကျယ်ရှင်းပြပါသည်။<br>- သဒ္ဓါဝိမုတ္တ ကိုအကျယ်ရှင်းပြပါသည်။<br>- ဓမ္မာနုသာရီ ကိုအကျယ်ရှင်းပြပါသည်။<br>- သဒ္ဓါနုသာရီ ကိုအကျယ်ရှင်းပြပါသည်။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ
## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | ၂၁ | စာပိုဒ် ၄၁ - သောတာပန် ကိုအကျယ်ရှင်းပြပါသည်။ |
| | | | | စာပိုဒ် ၄၂ - သကဒါဂါမ် ကိုအကျယ်ရှင်းပြပါသည်။ |
| | | | | စာပိုဒ် ၄၃ - အနာဂါမ် ကိုအကျယ်ရှင်းပြပါသည်။ |
| | | | ၂၂ | စာပိုဒ် ၄၄ - ရဟန္တာ ကိုအကျယ်ရှင်းပြပါသည်။ |
| ၁၂ | နိဒ္ဒေသ | ၂။ဒုကပုဂ္ဂလပညတ် | ၂၄ | စာပိုဒ် ၅၃ - ဣန္ဒြေတို့၌မလုံခြုံသော တံခါးရှိသောပုဂ္ဂိုလ်ဟူသည်မှာ မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော် ယောကျ်ား၊ မိန်းမစသော အမှတ်နိမိတ်ကို စွဲယူနေလေ့ရှိ၏။ စက္ခုန္ဒြေကိုမစောင့်ရှောက်သဖြင့် မက်မောခြင်းနှလုံးမသာခြင်းစသောယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ထို ဣန္ဒြေကို စောင့်စည်းခြင်းငှာမကျင့်၊ မစောင့်ရှောက်သဖြင့် စောင့်စည်းခြင်းသို့မရောက် . |
| ၁၃ | ။ | ၃။တိကပုဂ္ဂလပညတ် | ၃၅ | စာပိုဒ် ၉၈ - မစင်နှင့်တူသောစကားရှိသောပုဂ္ဂိုလ်- မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း၊ အနည်းငယ်သော လာဘ်ကြောင့်သိလျက်နှင့် ချွတ်ယွင်းသောစကားကိုပြောဆိုခြင်း။ |
| | | | | စာပိုဒ် ၉၉ - ပန်းနှင့်တူသောစကားရှိသောပုဂ္ဂိုလ်- မဟုတ်မမှန်သောစကားကိုရှောင်ကြဉ်ခြင်း၊ အနည်းငယ်သော လာဘ်ကြောင့်သိလျက်နှင့်ချွတ်ယွင်းသော စကားကိုမဆို။ |
| | | | | စာပိုဒ် ၁၀၀ - ပျားနှင့်တူသောစကားရှိသောပုဂ္ဂိုလ်၊ အပြစ်ကင်း၊ နားချမ်းသာ၊ နှစ်လိုဖွယ်ဖြစ်၊ နှလုံးသို့ သက်ဝင်၊ မြို့ကြီးသူတို့၏ စကား၊ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | လူအများ နှစ်သက်၊ မြတ်နိုးသောစကားကို ပြောဆိုသူ။ |
| | | | ၃၇ | စာပိုဒ် ၁၀၄ - ပညာမျက်စိအမြင်မရှိ 'ကန်း'သော 'အန္ဓ' ပုဂ္ဂိုလ်၊ စည်းစိမ်ဥစ္စာရခြင်း၊ တိုးပွားခြင်း၊ ကုသိုလ်၊ အကုသိုလ်တရား၊ အယုတ်အမြတ်၊ အမည်းအဖြူတရား တို့ကိုသိသော ပညာမျက်စိမရှိသူ။ |
| | | | | စာပိုဒ် ၁၀၅ - ပညာမျက်စိတဖက်သာရှိသူ၊ စည်းစိမ်ဥစ္စာရခြင်း၊ တိုးပွားခြင်း၊ ပညာမျက်စိသာရှိပြီး ကုသိုလ် အကုသိုလ်စသည့် တရားတို့ကို သိသော ပညာမျက်စိမရှိသူ။ |
| | | | | စာပိုဒ် ၁၀၆ - ပညာမျက်စိနှစ်ဖက်အမြင်ရှိသူ၊ စည်းစိမ်ဥစ္စာ၊ ကုသိုလ် အကုသိုလ်အစ ရှိသည့် တရားတို့ကိုသိသော ပညာမျက်စိရှိသူ။ |
| | | | ၃၇ | စာပိုဒ် ၁၀၇ - မှောက်ချထားသော အိုးနှင့်တူသော ပညာရှိတရားနာရန် သွားရောက်သော်လည်း တရားတော်၏ အစကိုလည်းကောင်း၊ အလယ်ကိုလည်းကောင်း၊ အဆုံးကိုလည်းကောင်း၊ နှလုံးမသွင်း၊ ထိုတရားနာရာမှ ထသွားသော်လည်း ထိုတရားတို့ကို နှလုံးမသွင်းသူ။ |
| | | | ၃၈ | စာပိုဒ် ၁၀၈ - ခါးပိုက်၌ ထည့်ထားသည့် အရာဝတ္ထုရှိသောသူနှင့်တူသောပညာရှိ။ တရားနာရန် သွားရောက်ပြီး တရားတော်ကို ထိုင်နေလျက် နာကြားစဉ် နှလုံးသွင်း၏။ ထိုနေရာမှ ထသွားသည်ရှိသော် ထိုတရား |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | စကားတို့ကို နှလုံးမသွင်းသူ။ |
| | | | | စာပိုဒ် ၁၀၉ - ကျယ်ပြန့်သောပညာရှိသူ၊ တရားနာရန် သွားရောက်ပြီး တရားတော်ကို ထိုင်နေလျက် နာကြားစဉ် နှလုံးသွင်း၏၊ နေရာမှ ထသွားသည်ရှိသော်လည်း တရားတော်ကို နှလုံးသွင်း၏။ |
| ၁၄။ | နိဒ္ဒေသ | ၄-စတုက္ကပုဂ္ဂလပညတ် | ၄၇ | စာပိုဒ် ၁၃၂ - သူတော်ကောင်း မဟုတ်သော ပုဂ္ဂိုလ်ကို အကျယ်ရှင်းပြပါသည်။ |
| | | | | စာပိုဒ် ၁၃၃ - သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်အောက် သာလွန်၍ သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်ကို အကျယ်ရှင်းပြသည်။ |
| | | | | စာပိုဒ် ၁၃၄ - သူတော်ကောင်းပုဂ္ဂိုလ်ကို အကျယ်ရှင်းပြပါသည်။ |
| | | | | စာပိုဒ် ၁၃၅ - သူတော်ကောင်း ပုဂ္ဂိုလ်ထက် သာလွန်၍ သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်ကို အကျယ်ရှင်းပြပါသည်။ |
| | | | ၆၉ | စာပိုဒ် ၁၇၇ - မိမိကိုယ်ကိုလည်း မပူပန်မဆင်းရဲစေ၊ သူတစ်ပါးကိုလည်း မပူပန်မဆင်းရဲစေသူ။ တရားတော်ကိုနာကြားရ၍ မြတ်သောအကျင့်ကို ပြည့်စုံစင်ကြယ်စွာ ကျင့်ခြင်း ၄ပါး ရဟန်းဘောင်သို့ဝင်ရောက် ရဟန်းပြု၏၊ |
| | | | ၇၀ | စာပိုဒ် ၁၇၈ - ရဟန်းတို့၏သိက္ခာ အသက်မွေးခြင်းသို့ရောက်သည်ဖြစ်၍ အသက်သတ်ခြင်းမှ |



www.thitsarparamisociety.com/

# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | ရှောင်ကြဉ်၏၊ တုတ်လက်နက်ကို ချထားပြီးဖြစ်၏။ ရှက်ခြင်း၊ သနားခြင်းနှင့်အတူ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏။ |
| | | | ၃၁ | စာပိုဒ် ၁၈၀ - ထိုရဟန်းသည် ရောင့်ရဲ၏။ မြတ်သောသီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ အပြစ်မရှိသောချမ်းသာကို ခံစားရ၏။ |
| | | | | စာပိုဒ် ၁၈၁ - ထိုရဟန်းသည် ဣန္ဒြိယသံဝရသီလဖြင့် ဣန္ဒြေ (၆)ပါးတို့ကို စောင့်စည်းသဖြင့် ကိလေသာနှင့် မရောသောချမ်းသာကို ခံစားရ၏။ |
| | | | ၃၄ | စာပိုဒ် ၁၈၅ - ထိုရဟန်း၏စိတ်သည် တည်ကြည် စင်ကြယ် ဖြူစင်နူးညံ့သဖြင့် အာသဝေါတရားတို့ကို ကုန်စေသော "အာသဝက္ခယ" ဉာဏ်အလို့ငှာရှေးရှု၏။ သစ္စာလေးပါးတို့ကို အမှန်အတိုင်း သိသဖြင့် လွတ်မြောက်လေတော့၏။ ကိလေသာငြိမ်း၍ ချမ်းသာကိုခံစားလျက် မြင့်မြတ် သောကိုယ်ဖြင့်နေ၏။ |
| ၁၅။ | နိဒ္ဒေသ | ၅-ပဉ္စကပုဂ္ဂလပညတ် | ၃၉ | စာပိုဒ် ၁၉၂ - (၁) ပေးပြီးမှ မထေမဲ့မြင်ပြုသောပုဂ္ဂိုလ်၊ ပစ္စည်းလေးပါးကို လှူပြီးမှ "ငါသည်ပေး၏၊ ဤရဟန်းသည် ခံယူ၏" အကြံဖြစ်ပြီး မထီမဲ့မြင်ပြုသူ၊<br>(၄) လျပ်ပေါ်သောပုဂ္ဂိုလ်၊ နည်းသော ယုံကြည်ခြင်း၊ ဆည်းကပ်ခြင်း၊ ချစ်ခင်ခြင်းနှင့် ကြည်ညိုခြင်းရှိသူ၊ |

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (၅) ထိုင်းအ၊ မိုက်မဲသောသူ ၊ ကုသိုလ်၊ အကု-သိုလ်၊ အပြစ်ရှိ၊ အပြစ်မဲ့၊ အယုတ် အမြတ်၊ အမည်းအဖြူ တရားတို့ကို မသိသူ။ |
| ၁၆၊ | နိဒ္ဒေသ | ၇–သတ္တကပုဂ္ဂလပညတ် | ၈၆ | စာပိုဒ်၂၀၃ - (၁) တစ်ကြိမ် နစ်သော် နစ်သည်သာဖြစ်သူ။<br>မည်းညစ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူ။<br>(၂) ပေါ်ပြီးမှနစ်သူ။<br>ကုသိုလ်တရားတို့၌ သဒ္ဓါ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဝီရိယနှင့် ပညာတရားတို့ကို ကောင်းသည်ဟုအယူကြောင့် 'ပေါ်'၏။<br>သို့သော် သဒ္ဓါအစရှိသည့် တရားငါးပါးတို့ မတည်၊ မတိုးပွား၊ ဆုတ်ယုတ်သဖြင့် 'ပေါ်ပြီးမှနစ်သူ' ဖြစ်၏။<br>(၃) ပေါ်၍တည်သူ။<br>ကုသိုလ်တရားတို့၌ သဒ္ဓါအစရှိသည့် တရားငါးပါးသည် မဆုတ်ယုတ်၊ မတိုးပွားသော်လည်း တည်နေသဖြင့် 'ပေါ်၍တည်သူ' ဖြစ်၏။<br>(၄) ပေါ်၍တူရူကြည့်၊ တစောင်းကြည့်သူ၊<br>ကုသိုလ်တရားတို့၌ သဒ္ဓါအစရှိသည့် တရားငါးပါးကို ကောင်းမြတ်လှ၏ဟု အယူရှိသောကြောင့် သံယောဇဉ်သုံးပါး အကြွင်းမဲ့ကုန်ခြင်းကြောင့် သောတာပန်ဖြစ်သူ။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | မာတိကာ/နိဒ္ဒေသ | ဥဒ္ဒေသ/ပုဂ္ဂလပညတ် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (၅) ပေါ်၍ကူးမြောက်သူ။<br>ကုသိုလ်တရားတို့၌ တရားငါးပါးတို့ကို ကောင်းမြတ်လှ၏ဟု အယူရှိသောကြောင့် သံယောဇဉ်သုံးပါးအပြင် ရာဂ၊ ဒေါသ၊ မောဟတို့ ခေါင်းပါးခြင်းကြောင့် သကဒါဂါမ်ဖြစ်သူ။<br>(၆) ပေါ်၍ထောက်ရာမှီရာသို့ရောက်သူ။<br>ကုသိုလ်တရားတို့၌ တရားငါးပါးတို့ကို ကောင်းမြတ်လှ၏ဟု အယူရှိသောကြောင့် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ အကြွင်းမဲ့ ကုန်ခြင်းကြောင့်အနာဂါမ်ဖြစ်သူ။<br>(၇) ပေါ်၍ကူးမြောက်လျက် ကမ်း တဖက်သို့ရောက်သူ။<br>ကုသိုလ်တရားတို့၌ တရားငါးပါးတို့ကို ကောင်းမြတ်လှ၏ဟု အယူရှိသောကြောင့် အာသဝေါတရားတို့ကုန်ခြင်းကြောင့် လွတ်မြောက်သောအရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုသူ။ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ရောက်သူ။ |
| ၁၇။ | နိဒ္ဒေသ | ၉-နဝကပုဂ္ဂလပညတ် | ၈၈ | စာပိုဒ်-၂၀၈ - (၁) သဗ္ဗညုဘုရား။<br>သစ္စာလေးပါးတရားတော်ကို ကိုယ်တိုင်ထိုးထွင်း၍ သိခြင်း၊ အလုံးစုံသောတရားတို့ကို သိခြင်း။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | | | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (၂) ပစ္စေကဗုဒ္ဓါ၊<br>သစ္စာလေးပါးတရားတော်ကို ကိုယ်တိုင် ထိုးထွင်း၍ သိခြင်း၊ အလုံးစုံသောတရားတို့ကို သိခြင်းသို့မရောက်။<br><br>(၃) လွတ်မြောက်သူ၊<br>သမာပတ်ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိပြီးပညာဖြင့် သိမြင်၍အာသဝေါ တရားတို့ ကုန်ခန်းလွတ်မြောက်သောသူ၊<br><br>(၄) ပညာဖြင့်လွတ်မြောက်သူ၊<br>သမာပတ်ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေသော်လည်း ပညာဖြင့် အာသဝေါတရားတို့ ကုန်ခန်း၊ ပညာဖြင့် လွတ်မြောက်သူ။<br><br>(၅) ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင် တွေ့ထိခံစား၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုသူ။<br>(ကာယသက္ခိပုဂ္ဂိုလ်) သမာပတ်ရှစ်ပါးတို့ကို တွေ့ထိ၍နေပြီး ပညာဖြင့်လည်း သိမြင်၍ အချို့သောအာသဝေါတရားတို့ကုန်ခန်းသူ။<br>(၆) သိမြင်ခြင်းအဆုံးသို့ ရောက်သူ။<br>(ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်) သစ္စာလေးပါးတို့ကို ပညာဖြင့် ကောင်းစွာမြင်ပြီး ကောင်းစွာကျင့်သူ၊ ထိုသူသည်ပညာဖြင့်လည်း သိမြင်၍ အချို့သောအာသဝေါတရားတို့ကုန်ခန်းသူ။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ

## ၁၄။ ပုဂ္ဂလပညတ်ပါဠိတော်

| စဉ် | | | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| | | | | (၇) သဒ္ဓါကိုအမှူးထား၍ လွတ်မြောက်သူ။ (သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်)<br>သစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာသိ၏၊ ကောင်းစွာမြင်အပ်ပြီး ကောင်းစွာကျင့်အပ်၏၊<br>ပညာဖြင့်လည်းသိမြင်၍ အချို့သော အာသဝေါ တရားတို့ ကုန်ခန်းသူ။<br><br>(၈) ပညာတရားဖြင့်အစဉ်ရောက်သူ။ (ဓမ္မာနုသာရီပုဂ္ဂိုလ်)<br>သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာကျင့်သူအား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညာဖြင့် ဦးဆောင်သော၊ ပညာပြဋ္ဌာန်းသော အရိယမဂ်ကို ပွားများသူ။<br><br>(၉) သဒ္ဓါတရားဖြင့် အစဉ်ရောက်သူ (သဒ္ဓါနုသာရီပုဂ္ဂိုလ်)<br>သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာကျင့်သူအား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓါဖြင့် ဦးဆောင်သော သဒ္ဓါပြဋ္ဌာန်းသော အရိယာမဂ်ကို ပွားများသူ။ |



www.thitsarparamisociety.com/

www.thitsarparami.org/

❀ သတ္တဝါမှန်သမျှ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ ❀

# ဆင်းရဲငြိမ်းရန် (နိဗ္ဗာန်ကို မျက်မှောက်ပြုရန်)အကျင့်လမ်းစဉ်များ


| စဉ် | သုတ်အမည် | ပါဠိတော်(မြန်မာပြန်) | စာမျက်နှာ |
|---|---|---|---|
| ၁။ | သာမညဖလသုတ် | သီလက္ခန္ဓဝဂ် | ၄၉ |
| ၂။ | မဟာလိသုတ် | သီလက္ခန္ဓဝဂ် | ၁၅၉ |
| ၃။ | မဟာသီဟနာဒသုတ် | သီလက္ခန္ဓဝဂ် | ၁၇၁ |
| ၄။ | ပေါဋ္ဌပါဒသုတ် | သီလက္ခန္ဓဝဂ် | ၁၈၇ |
| ၅။ | ကေဝဋ္ဋသုတ် | သီလက္ခန္ဓဝဂ် | ၂၃၄ |
| ၆။ | သက္ကပဉှသုတ် | သဠာယတနဝဂ္ဂသံယုတ် | ၃၁၄ |
| ၇။ | စူဠဟတ္ထိပဒေါပမသုတ် | မူလပဏ္ဏာသ | ၂၄၀ |
| ၈။ | စူဠသစ္စကသုတ် | မူလပဏ္ဏာသ | ၂၉၇ |
| ၉။ | စူဠတဏှာသင်္ခယသုတ် | မူလပဏ္ဏာသ | ၃၂၅ |
| ၁၀။ | မဟာတဏှာသင်္ခယသုတ် | မူလပဏ္ဏာသ | ၃၃၀ |
| ၁၁။ | မဟာအဿပုရသုတ် | မူလပဏ္ဏာသ | ၃၄၉ |
| ၁၂။ | စူဠအဿပုရသုတ် | မူလပဏ္ဏာသ | ၃၆၀ |
| ၁၃။ | ကန္ဒရကသုတ် | မဇ္ဈိမပဏ္ဏာသ | ၁ |
| ၁၄။ | သေခသုတ် | မဇ္ဈိမပဏ္ဏာသ | ၁၈ |
| ၁၅။ | ကီဋာဂိရိသုတ် | မဇ္ဈိမပဏ္ဏာသ | ၁၄၇ |
| ၁၆။ | အရိယဝံသသုတ် | အင်္ဂုတ္တိုလ်(စတုက္ကနိပါတ်) | ၃၅၀ |
| ၁၇။ | ဒေဝဒဟသုတ် | ဥပရိပဏ္ဏာသ | ၁ |
| ၁၈။ | အာနေဉ္ဇသပ္ပါယသုတ် | ဥပရိပဏ္ဏာသ | ၅၁ |
| ၁၉။ | ဂဏကမောဂ္ဂလ္လာနသုတ် | ဥပရိပဏ္ဏာသ | ၅၆ |




www.thitsarparamisociety.com/

www.thitsarparami.org/

# နောက်ဆက်တွဲတရားဒေသနာများ (၂)

| စဉ် | ပါဠိတော်(မြန်) | သုတ်အမည် | စာမျက်နှာ | အကျဉ်းချုပ်အကြောင်းအရာ |
|---|---|---|---|---|
| ၁။ | မဟာဝဂ္ဂ(ဝိနည်း) | မဟာခန္ဓက | ၁ | ဘုရားဖြစ်တော်မူသည်မှ အဂ္ဂသာဝက (၂)ပါး သောတာပန်တည်တော်မူခြင်း စသည်တို့ပါဝင်သည်။ |
| ၂။ | အင်္ဂုတ္တိုလ် (စတုက္ကနိပါတ်) | မဟာပဒေသ | ၅၀၁ | တရားဒေသနာများကို စိစစ်ရန် မှတ်ကျောက်တရားတော် |
| ၃။ | မူလပဏ္ဏာသ | အလဂဒ္ဒူပမသုတ် | ၁၈၅ | တရားကိုကောင်းစွာသင်ယူခြင်း<br>တရားတော်ကို သင်ယူပြီးလျှင် အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်၏။<br>တရားတော်တို့သည် ဉာဏ်၌ ထင်လာကုန်၏။<br>မဂ်ဖိုလ်၏ အကျိုးငှာ တရားကို သင်ယူခြင်းဖြစ်၏၊<br>ထို့ကြောင့် တရားတော်ကို ကောင်းစွာသင်ယူခြင်းဖြင့် မဂ်ဖိုလ်၏ အကျိုးကို ခံစားရ၏။<br><br>တရားတော်ကို မကောင်းသဖြင့် သင်ယူခြင်း<br>တရားတော်ကို သင်ယူသော်လည်း အနက်အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်း မဆင်ခြင်။<br>တရားတော်တို့သည် ဉာဏ်၌ ထင်လာခြင်းမရှိ။<br>မဂ်ဖိုလ်၏ အကျိုးငှာ သင်ယူခြင်းမဟုတ်သဖြင့် တရားတော်၏ မဂ်ဖိုလ်အကျိုးကို မခံစားရပါ။ |



www.thitsarparamisociety.com/

www.thitsarparami.org/



# ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး ငါ . . . ဘာလုပ်မလဲ

"ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး ငါဘာလုပ်မလဲ" ဆိုရာတွင် . . .

ထက်သန်သည့် သဒ္ဓါတရားနှင့် ပြည့်စုံ၍ စာဖတ်အားရှိသော ဗုဒ္ဓဘာသာဝင် သူတော်စင်များ၊ တရားနှင့် မွေ့လျော်၊ တရားနှင့် ပျော်ပိုက်ကြရန် ပိဋကတ်ပါဠိတော် မြန်မာပြန်များကို ဖတ်ရှုလေ့လာ လိုက်နာနိုင်ရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမည်။

အဆိုပါ ရည်မှန်းချက် အောင်မြင်ဖြစ်ထွန်းရန်

၁။ ပိဋကတ်ပါဠိတော် မြန်မာပြန်ကျမ်းများ၏ မိတ်ဆက်စာတမ်းနှင့် ပိဋကတ်သုံးပုံ အထူးဖတ်ရှုမှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ (ပါဠိတော်မြန်မာပြန် ပထမအသုတ် ၉ အုပ် +) စာအုပ်ငယ်ကိုလည်း ၂၆-၁၁-၂၀၁၉ ရက်မှ စ၍ ပြုစုဖြန့်ဝေနေပါသည်။

၂။ တစ်ချိန်တည်းမှာပင် ဆရာတော် ဘဒ္ဒန္တသာသနဝရ၏ စာမျက်နှာ (၁၂၁၀) ရှိ 'ပိဋကတ် မြန်မာပြန် လမ်းညွှန် (အကြောင်းအရာ အက္ခရာစဉ်' စာအုပ်ကို အသုံးပြုပြီး ပိဋကတ် မြန်မာပြန်များကို လွယ်လင့်တကူ ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း ဓမ္မမိတ်ဆွေ သူတော်စင်များကို အသိပေးတိုက်တွန်းအားပေးမှု လုပ်ငန်းကိုလည်း ပူးတွဲဆောင်ရွက်နေပါသည်။

ပိဋကတ်စာပေများကို လေ့လာဖတ်ရှု လိုက်နာနိုင်ရေးသည် 'ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး'အတွက် သော့ချက်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ပိဋကတ် မြန်မာပြန်များ လေ့လာဖတ်ရှုမှု ဗုဒ္ဓဘာသာဝင်များအကြား စိမ့်ဝင်ပျံ့နှံ့စေလိုသည့် စေတနာဖြစ်ပေါ်လာရခြင်းအကြောင်းကို ဆက်လက်တင်ပြပါမည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာများ (သုတ်၊ ဝိနည်း၊ အဘိဓမ္မာ)တွင် မိမိတို့ လိုလားတောင့်တသော ပန်းတိုင်အသီးသီးသို့ နည်းစနစ်ကျနစွာ လျှောက်လှမ်းစေနိုင်သည့် ရှင်းလင်းတိကျသည့် မြတ်ဗုဒ္ဓ၏ ဩဝါဒလမ်းညွှန် လုပ်ငန်းစဉ်အားလုံး ပါရှိနေပါသည်။ သာသနာအတွက် အလွန်ပင် အားတက်စရာ ကောင်းလှ ပါသည်။

ပရိယတ္တိစာသင်တိုက်များတွင် မြတ်ဗုဒ္ဓဟောတော်မူသည့် ပါဠိတော် ပိဋကတ်စာပေများကို သင်ကြားပို့ချ သင်ယူနေကြသည်မှာ ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေးအတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံး လုပ်ငန်းစဉ်ကြီးများ ဖြစ်ပေသည်။

ပရိယတ္တိစာသင်တိုက်များတွင် ပါဠိတော်များကို သင်ယူနိုင်စွမ်းရှိသော သံဃာတော်အရှင်သူမြတ်များမှာ အဓိက အများစုဖြစ်ပြီး သီလရှင် ဆရာကြီး၊ ဆရာလေးများလည်း ပါဝင်သင်ယူနေကြပါသည်။ သို့သော် သံဃာတော်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများနှင့် နှိုင်းယှဉ်လျှင် ပါဠိတော်များကို သင်ယူနိုင်စွမ်းရှိသော လူပုဂ္ဂိုလ်ဦးရေမှာ နည်းပါးလှပါသည်။



www.thitsarparamisociety.com/

www.thitsarparami.org/

## သူတော်ကောင်းမာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်ရမည်

သံဃာတော်အရှင်သူမြတ်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများက ပါဠိတော်များကို သင်ယူတတ်မြောက်ခြင်းဖြင့် ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေးကို အသီးသီး ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါသည်။ ထိုနည်းတူ လူပုဂ္ဂိုလ်အများစုကလည်း ပိဋကတ်စာပေများကို (ပိဋကတ်မြန်မာပြန်များကို) ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှု သိရှိနားလည်ခြင်းဖြင့် ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး လုပ်ငန်းကို မိမိကိုယ်တိုင် ကြိုးပမ်း ဆောင်ရွက်နိုင်ပါမည်။ တစ်ချိန်တည်းတွင်ပင် မိမိတို့၏ ခမ္ပမိတ်ဆွေများကိုလည်း ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး လုပ်ငန်းစဉ်တွင် ပါဝင်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ပါမည်။

လက်ရှိအခြေအနေတွင် ဗုဒ္ဓဘာသာဝင် အများစုသည် ဗုဒ္ဓမြတ်စွာ၊ ဗုဒ္ဓမြတ်စွာ၏ တရားတော်များနှင့် သားတော်များ ဖြစ်ကြသည့် သံဃာတော် အရှင်သူမြတ်များကို သဒ္ဓါတရားဖြင့် ယုံကြည်ကိုးကွယ်ကြသော်လည်း ဗုဒ္ဓမြတ်စွာ (၄၅) ဝါ ကာလပတ်လုံး စ၊ လယ်၊ ဆုံး ကောင်းမွန်ပြည့်စုံစွာ ဟောကြားတော်မူသော ပိဋကတ်စာပေများမှာ မိမိတို့နှင့် အလှမ်းကွာဝေးသည်ဟု မှတ်ထင်တတ်ကြပါသည်။

ထိုသို့ အလှမ်းကွာဝေးနေသည်ဟု မှတ်ထင်ကြရာတွင် ဖြစ်နိုင်ခြေရှိသည့် အကြောင်းအရာအချို့မှာ-

၁။ ပိဋကတ်ပါဠိတော် ဆိုသည်မှာ သံဃာတော် အရှင်သူမြတ်များနှင့်သာ သက်ဆိုင်သည်ဟု ယခင်က မှတ်ယူကြခြင်း၊

၂။ သာသနာနှစ် ၂၅၀၀ တွင် ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာ၏ နောက်ပိုင်း ၁၉၅၉ ခုနှစ်မှ စ၍ ပိဋကတ်ပါဠိတော်များကို အများလေ့လာဖတ်ရှုနိုင်ရန် ပိဋကတ် မြန်မာပြန်များ စုံလင်စွာ ထွက်ရှိလာပြီးသော်လည်း စာအုပ်အရေအတွက် များပြားခြင်း၊ ထူထဲသော စာအုပ်ဟု ထင်မှတ်ခြင်းကြောင့် လေ့လာဖတ်ရှုသူဦးရေ နည်းပါးခြင်း၊

၃။ ပိဋကတ် မြန်မာပြန်များ စာအုပ်အရေအတွက် များပြားခြင်း၊ စာအုပ်ထူကြီးများ ဖြစ်သောကြောင့် အများစု ဗုဒ္ဓဘာသာဝင်များသည် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဆရာတော်များ ဟောတော်မူသည့် တရားဒေသနာတော်များနှင့်မျှသာ ကျေနပ်တင်းတိမ်ကြခြင်း၊

၄။ မြတ်ဗုဒ္ဓ (၄၅) ဝါ ကာလပတ်လုံး မဟာကရုဏာတော်ဖြင့် မနားမနေ ဟောတော်မူခဲ့သော တရားအလုံးစုံ ပိဋကတ်သုံးပုံကို (မြတ်ဗုဒ္ဓဟောတော်မူသော မူရင်းတရားတော်များကို) ဘုရားသာသနာနှင့် ကြုံကြိုက်ခိုက် အားပါးတရ အားရကျေနပ်စွာ ဖတ်ရှုလေ့လာ ကျင့်သုံးနိုင်မည်ဖြစ်သည့် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည်ကို မသိရှိနိုင်ကြသေးခြင်း။

သို့သော် နည်းပညာများ တစ်ဟုန်ထိုး ဖြစ်ထွန်းလာသည်နှင့်အမျှ မြတ်ဗုဒ္ဓ၏ 'ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး'သည်လည်း တိုးတက်ဖြစ်ထွန်းလာနိုင်သည့် အခြေအနေကောင်းများကို ယခုပင် တွေ့မြင်နေရပါပြီ။

၁။ မြတ်ဗုဒ္ဓ၏ ပိဋကတ်ပါဠိတော်များကို ပိဋကတ်မြန်မာပြန်များအဖြစ် ကွန်ပျူတာ၊ ဖုန်းတွင် ကျယ်ကျယ်ပြန့်ပြန့် လွယ်လင့်တကူ ရှာဖွေ ဖတ်ရှုနိုင်ခြင်း။ (Myanmar Tripitaka, Dhamma Thitsar, Dhamma Download) တွင် ဖတ်ရှုနိုင်ပါသည်။



www.thitsarparamisociety.com/

www.thitsarparami.org/



၂။ Online မှတဆင့် ဖတ်ရှုရသည်ကို အားရမှုမရှိသူများအတွက် ပိဋကတ်မြန်မာပြန် ကျမ်းများကို ပိဋကတ်စာအုပ်ဆိုင်များတွင် သင့်တင့်သည့် ဈေးနှုန်းများဖြင့် လွယ်လင့်တကူ ဝယ်ယူဖတ်ရှုနိုင်ခြင်း။

၃။ ပိဋကတ်မြန်မာပြန် တရားဒေသနာများကို မည်သို့ စတင်ဖတ်ရှုရမည်နည်းဟု အကြံအိုက်စရာ၊ တွေးတောပူပင်စရာ မလိုအောင်ပင် Facebook စာမျက်နှာများတွင် သံယာတော် အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များ တင်ထားကြသော ဖတ်ရှုလေ့လာသင့်သည့် တရားဒေသနာတော်များကို ရှာဖွေရယူနိုင်ခြင်း။

၄။ ဆရာတော်ဘဒ္ဒန္တသာသနဝရ၏ 'ပိဋကတ်မြန်မာပြန်လမ်းညွှန် (အကြောင်းအရာ အက္ခရာစဉ်)' စာအုပ်ကို အသုံးပြုပြီး မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားဒေသနာများတွင် မိမိတို့ သိရှိလိုသည့် အကြောင်းအရာ တစ်ခုချင်းစီကို ပိဋကတ်မြန်မာပြန် စာအုပ်များမှ လွယ်လင့်တကူ ရှာဖွေဖတ်ရှုနိုင်ခြင်း။

၅။ ယခင်က အလှမ်းကွာဝေးခဲ့သည့် မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များကို အထက်ပါ အခြေအနေကောင်းများကြောင့် ယခုအခါ သဒ္ဓါတရားထက်သန်ပြီး စာဖတ်အားရှိသည့် ဗုဒ္ဓဘာသာဝင်အများစုအတွက် ပိုင်ပိုင်နိုင်နိုင် လေ့လာရယူနိုင်သည့် အခွင့်အလမ်းများ အပြည့်အဝရှိနေခြင်း။

မြတ်ဗုဒ္ဓ ဟောတော်မူသည့် မူရင်းဒေသနာတော်များကို (မြန်မာဘာသာဖြင့် ပိဋကတ်မြန်မာပြန်များကို) ချဉ်းကပ်လေ့လာ ဖတ်ရှုရာတွင် ဖော်ပြခဲ့သော အခြေအနေကောင်းများ အမှတ်စဉ် (၄) 'ပိဋကတ် မြန်မာပြန် လမ်းညွှန်' စာအုပ်တွင် အက္ခရာအစဉ်အလိုက် အကြောင်းအရာများမှာ အောက်ဖော်ပြပါ ပိဋကတ်တော်များမှ အပ ကျန်ပိဋကတ်ပါဠိတော်များအားလုံး (၃၅) အုပ်ကို ကိုယ်စားပြုပါသည်။

အကြောင်းအရာ အက္ခရာစဉ်တွင် မဖော်ပြထားသော ပါဠိတော်များမှာ -

(၁) ဓာတုကထာ၊ (၂) ယမိုက်၊ (၃) ပဋ္ဌာန်း၊ (၄) ဇာတက၊ (၅) နေတ္တိ၊ (၆) ပေဋကောပဒေသ တရားတော်များ ဖြစ်ပါသည်။

လမ်းညွှန်စာအုပ်တွင် အက္ခရာအစဉ်အလိုက် အကြောင်းအရာများကို စာမျက်နှာ (၁၂၁၀)ဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။

စာတစ်မျက်နှာမှာ အကြောင်းအရာ (၁၅) ခုခန့် ပါဝင်သဖြင့် အကြောင်းအရာပေါင်း (၁၈၀၀၀) ကျော် ပါရှိပါမည်။

အကြောင်းအရာပေါင်း (၁၈၀၀၀) အနက် မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါး၊ ဣန္ဒြေငါးပါး စသည်ဖြင့် ပါရှိရာ ရရှိနိုင်သည့် အချက်အလက် စုစုပေါင်းမှာ ခမ္မက္ခန္ဓာ (၈၄၀၀၀) ခန့်ကိုပင် ကိုယ်စားပြုနိုင်သည်ဟု မှတ်ယူဖွယ် ရှိပါသည်။

လမ်းညွှန်စာအုပ်ထဲမှ မိမိနှစ်သက်ရာ အကြောင်းအရာကို လွယ်လင့်တကူ ရှာဖွေနိုင်ပုံကို နမူနာ (၇) ခုဖြင့် တင်ပြပါမည်။



www.thitsarparamisociety.com/

www.thitsarparami.org/

## ❀ သူတော်ကောင်းခေတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်ရမည် ❀

၁။ 'နိဗ္ဗာန်ရကြောင်းတရား' (၆) ပါးကို အင်္ဂုတ္တိုရ် ဒုတိယတွဲ စာမျက်နှာ ၄၇၈၊ သိတိဘာဝသုတ် စာပိုဒ် (၈၅) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

၂။ 'ရဟန္တာဖြစ်ကြောင်းတရား' (၆) ပါးကို အင်္ဂုတ္တိုရ် ဒုတိယတွဲ စာမျက်နှာ ၄၇၇၊ အဂ္ဂဓမ္မသုတ် စာပိုဒ် (၈၃) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

၃။ 'ရဟန္တာ ဖြစ်၊ မဖြစ် စီစစ်နည်း' ကို ဥပရိပဏ္ဏာသ စာမျက်နှာ ၈၃၊ ဆဗ္ဗိသောဓနသုတ် စာပိုဒ် (၉၈) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

၄။ 'သောတာပန်ဟု ဝန်ခံနိုင်ကြောင်း အင်္ဂါ ၁၀ ပါး' ကို အင်္ဂုတ္တိုရ် တတိယတွဲ စာမျက်နှာ ၃၉၇၊ ဘယသုတ် စာပိုဒ် (၉၂) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

၅။ 'ကောင်းမှုကြီး ၅ မျိုး၏ ကောင်းကျိုးများမှာ သမုဒ္ဒရာရေပမာ များပြားလှပုံ' ကို အင်္ဂုတ္တိုရ် ဒုတိယတွဲ စာမျက်နှာ ၅၅၊ ပုညာဘိသန္ဒသုတ် စာပိုဒ် (၄၅) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

၆။ 'ကောင်းကင်ပမာ မေတ္တာထားနည်း' ကို မူလပဏ္ဏာသ စာမျက်နှာ ၁၈၃၊ ကကစူပမသုတ် စာပိုဒ် (၂၂၉) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

၇။ 'ကောင်းစွာလိုအပ်သော စကား၏အင်္ဂါ ၄ ပါး' ကို ခုဒ္ဒကပါဌ/သုတ္တနိပါတ် စာမျက်နှာ ၃၂၄၊ သုဘာသိတသုတ် စာပိုဒ် (၄၅၃) တွင် ပါရှိကြောင်း ညွှန်ပြပါသည်။

အထက်ဖော်ပြပါ (၇) ခုသော အကြောင်းအရာများကို နမူနာအဖြစ်သာ တင်ပြပါသည်။ လမ်းညွှန်စာအုပ်တွင် အကြောင်းအရာပေါင်း (၁၈၀၀၀) ကျော်ကို လွယ်ကူစွာ ဖတ်ရှုနိုင်ရန် ညွှန်ပြထားသဖြင့် ဗုဒ္ဓ၏ ဓမ္မရတနာသိုက်ကို လမ်းညွှန်စာအုပ်တည်းဟူသော သော့ဖြင့် ဓမ္မရတနာများကို အချိန်အခါမရွေး ဖွင့်လှစ်ရယူနိုင်ကြပါပြီ။

'ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး'အတွက် အဓိက အရေးအကြီးဆုံးသည် မြတ်ဗုဒ္ဓတရားဒေသနာများ တည်တံ့ပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာဝင် အများစုအကြား အတိုင်းအတာတစ်ခုအထိ ဗုဒ္ဓစာပေ ကျယ်ပြန့်စွာ ရောက်ရှိစေရန် မိမိတတ်အားသမျှ ကြိုးပမ်းဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ဆက်လက်ကြိုးပမ်း အားထုတ်သွားပါမည်။

၁၉၉၄ ခုနှစ်ကပင် မိမိသည် ပိဋကတ် မြန်မာပြန်စာအုပ် အုပ်ရေ (၂၉) အုပ်ကို ကမ္ဘာအေးမှ ဝယ်ယူရရှိခဲ့သော်လည်း လူ့ဘဝတွင် အနည်းအကျဉ်းသာ ဖတ်ရှုဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် သာသနာ့ဘောင်သို့ ရောက်ရှိသည့်အခါမှသာ အုပ်ရေ (၂၉) အုပ်အနက် တစ်ဝက်ခန့်ကို ရဟန်းဘဝနှင့်အတူ ယူဆောင်လာ၍ စိတ်ပါဝင်စားစွာ စတင်ဖတ်ရှုဖြစ်ပါသည်။

ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဟောကြားတော်မူသော တရားတော်များကို VCD, Memory ဖြင့် ရှိသေစွာ မှတ်သားနာယူပါသည်။ နာယူသော တရားတော်တွင် ဆရာတော် သံဃာတော်တို့ ညွှန်ပြသော တရားအမည်အတိုင်း သက်ဆိုင်ရာ ပိဋကတ် မြန်မာပြန်များရှိ မြတ်စွာဘုရား၏ မူရင်းဒေသနာ တရားတော် များကို ရှာဖွေဖတ်ရှု သိရှိလိုက်ရသော အရသာသည် လွန်စွာ လွန်စွာပင် တစ်မူထူးခြား မွန်မြတ်လှပါသည်။



www.thitsarparamisociety.com/

www.thitsarparami.org/



"မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဤကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ၊ ဤသို့ ဤပုံ၊ ဤတရားတော်များကို ဤစကားလုံးတော်များအတိုင်း မိမိတို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးငှာလည်းကောင်း၊ တရားဒေသနာတော်များကို အမှန်အတိုင်း သိစေလို၍လည်းကောင်း ဟောတော်မူခဲ့ပါပေကတား"ဟု သိရှိရသဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿ ဖြစ်ခဲ့ရပါသည်။

မြတ်ဗုဒ္ဓ၏ တရားအရသာများ ရရှိရန် ၂၀၀၉ ခုနှစ်ခန့်က စတင်၍ နီးစပ်ရာ ဒါယကာ၊ ဒါယိကာမများကို ပိဋကတ် မြန်မာပြန်များ ဖတ်ရှုရန် တိုက်တွန်းဖြစ်သော်လည်း အများစုက တရားစာအုပ်များနှင့် အလှမ်းဝေးနေဆဲပင် ဖြစ်ပါသည်။

ပိဋကတ်ပါဠိတော်နှင့် ပိဋကတ်ပါဠိတော် မြန်မာပြန်များကို သံဃာတော် အရှင်သူမြတ်များနှင့် သက်ဆိုင်ရာ ကျောင်းတိုက်များသို့ လှူဒါန်းရန် စိတ်အားထက်သန်သော်လည်း မိမိတို့ကိုယ်တိုင် မိမိအကျိုးငှာ အကျိုးရှိစွာ ဖတ်ရှုလေ့လာနိုင်ကြရန်ကိုမူ ထပ်မံကြိုးစား အားထုတ်ရပါဦးမည်။

ထိုသို့သော အခြေအနေသည် မိမိ စတင်တိုက်တွန်းခဲ့သည့် ၂၀၀၉ ခုနှစ်မှ (၁၀) နှစ်အကြာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့မှ စပြီး ယခင်ကဲ့သို့ အလှမ်းမဝေးတော့ပါ။ တကယ့်ကို နီးလာပါပြီ။ မိမိတို့ လက်တစ်ကမ်းမှာပင် လှမ်းယူရရှိနိုင်ခဲ့သည့် အခြေအနေသို့ ရောက်ရှိလာပါသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် ကံကောင်းထောက်မစွာ အကြောင်းတိုက်ဆိုင်လာသောကြောင့် ပိဋကတ် မြန်မာပြန် လမ်းညွှန် (အကြောင်းအရာ အက္ခရာစဉ်) စာအုပ်ကို တန်ဖိုးရှိစွာ အကျိုးရှိစွာ အသုံးပြုရန် စတင်ရရှိပါသည်။

မြတ်ဗုဒ္ဓ (၄၅) ဝါ ကာလပတ်လုံး မနေမနား ဟောကြားတော်မူခဲ့သော အလုံးစုံသော တရားတော်များတွင် (ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း၊ ဇာတက၊ နေတ္တိ၊ ပေဋကောပဒေသမပါ) မိမိနှစ်သက်ရာ အကြောင်းအရာကို လွယ်ကူစွာ ရှာဖွေဖတ်ရှုလိုက်နာနိုင်ရန် အက္ခရာစဉ်ဖြင့် အကြောင်းအရာပေါင်း (၁၈၀၀၀) ခန့်ကို လမ်းညွှန်ပြပေးထားပါသည်။

ပါဠိတော်များကို ဖတ်နိုင်စွမ်းမရှိသော ရှင်ရဟန်းများ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ လူပုဂ္ဂိုလ်များနှင့် ပါဠိတော်မြန်မာပြန်များကို လွယ်လင့်တကူ ချဉ်းကပ်ပြီး ဖတ်ရှုလေ့လာရန် အခြေအနေမရှိသေးသည့် လူပုဂ္ဂိုလ်များအတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသည့် လမ်းညွှန်စာအုပ် ဖြစ်ပါသည်။

မိမိနှင့် နီးစပ်ရာ လူပုဂ္ဂိုလ်များအား လမ်းညွှန်စာအုပ်ကို အသုံးပြုပြီး ပိဋကတ် မူရင်းစာပေများကို ဖတ်ရှုနိုင်ပြီဖြစ်ကြောင်းနှင့် ဖတ်ရှုကြပါရန် ၄-၈-၂၀၁၉ ရက်နေ့ နောက်ပိုင်းမှစ၍ အနီးကပ် တိုက်တွန်းနှိုးဆော်အားပေးမှုပြုခဲ့ပါသည်။

မိမိသည် ၂၀၂၀ ပြည့်နှစ်၊ မေလတွင် သက်တော် (၇၅) နှစ် ပြည့်ပါမည်။ မိမိနှင့် သက်တူ၊ ရွယ်တူ အသက် (၇၅) နှစ် ဝန်းကျင်ရှိ ပုဂ္ဂိုလ်များက စာဖတ်အား နည်းပါးသွားပြီဟု ဆိုပါသည်။ မိမိ၏ လူ့ဘဝကျင်လည်ခဲ့စဉ်က ဆုံခဲ့ကြသော တပည့်ဒါယကာ၊ ဒါယိကာမများကလည်း အသက် (၆၀) နှစ် (၆၅) နှစ် ဝန်းကျင် ရှိသူများဖြစ်၍ နှစ်ဦး၊ သုံးဦးမှ လွဲပြီး ထိုနည်းတူပင် ဆိုကြပါသည်။



www.thitsarparamisociety.com/

www.thitsarparami.org/



သို့သော် ဝမ်းမြောက်ကြည်နူးစရာ တစ်ခုမှာ အသက် (၈၂) နှစ် ရှိပြီဖြစ်သော ဒါယကာကြီး တစ်ဦးက ပိဋကတ် လမ်းညွှန်စာအုပ် အကူအညီဖြင့် ပိဋကတ် မြန်မာပြန်များကို ဝမ်းမြောက်ဝမ်းသာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့မှ စတင်ဖတ်ရှုနေပါသည်။

ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေးအတွက် လူငယ်များ၏ အားမာန်ကို ရယူရန် လူငယ်များရှိရာ တက္ကသိုလ် အသိုင်းအဝိုင်းရှိ ဗုဒ္ဓဘာသာအသင်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး စတင်ကြိုးပမ်း ဆောင်ရွက်ပါသည်။

ရန်ကုန်တက္ကသိုလ်သည် မိမိထက် (၂၅) နှစ် စော၍ ၁၉၂၀ ပြည့်နှစ်တွင် မွေးဖွားလာပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော် ဆင်နွှဲရန် ဆောင်ရွက်နေကြပါပြီ။ ရာပြည့်ပွဲတော်တွင် ကျောင်းသူ၊ ကျောင်းသားများအတွက် ကျင်းပပေးမည့် ပြိုင်ပွဲစုံ ရှိနိုင်ပါသည်။

ဘာသာရေးနှင့် စပ်လျဉ်းသော ပြိုင်ပွဲတစ်ခု လမ်းညွှန်စာအုပ်ကို အသုံးပြုပြီး ဆောင်ရွက်လျှင် ဖြစ်နိုင်ခြေရှိသည်။ ပါမောက္ခချုပ်မှ ဦးဆောင်၍ ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ပါမောက္ခ ဆရာ၊ ဆရာမတို့ လက်တွဲပြီး ဆောင်ရွက်ကြလျှင် အောင်မြင်မည်။ ဗုဒ္ဓဘာသာအသင်းဝင် ကျောင်းသား၊ ကျောင်းသူများနှင့် အခြား စိတ်ပါဝင်စားသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ "Online ပိဋကတ် မြန်မာပြန် ရေးသားဖြေဆိုမည့် " ပြိုင်ပွဲကို ကျင်းပသွားရန် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ၃-၁-၂၀၂၀ ရက်နေ့တွင် စတင်ညှိနှိုင်း ခဲ့ပါသည်။

"Online ပိဋကတ် မြန်မာပြန် Open Book System" ပြိုင်ပွဲ ကျင်းပဖြစ်ပါက လမ်းညွှန်စာအုပ်ပါ အကြောင်းအရာအလိုက် အက္ခရာစဉ် (၁၀) မျက်နှာစီကို မေးခွန်းအဖြစ် အသုံးပြုပါမည်။

ဖြေဆိုသူ ရရှိကြမည့် (၁၀) မျက်နှာတွင် ပါဝင်သည့် အကြောင်းအရာအလိုက် တရားတော်များကို သက်ဆိုင်ရာ Online မြန်မာပြန် ကျမ်းများထဲမှ ရှာဖွေပြီး အဖြေလွှာပေါ်တွင် ပြည့်ပြည့်စုံစုံ လက်ရေးကောင်းမွန်စွာဖြင့် သတ်မှတ်ချိန်အတွင်း ရေးသားဖော်ပြရန် ဖြစ်သည်။

သတ်မှတ်သည့် အချိန်အတွင်း ပိုမိုရေးသားနိုင်ခြင်း၊ လက်ရေးကောင်းမွန်ခြင်းနှင့် သပ်ရပ်စွာ ရေးသားနိုင်ခြင်း စသည့် စာမေးပွဲဆိုင်ရာ လိုအပ်သည့် အချက်အလက် စံနှုန်းများနှင့်အညီ ဆုရရှိသူများကို ရာပြည့်ပွဲတော် စံနှုန်းအတိုင်း ဆုချီးမြှင့်ကြပါမည်။

Online ပြိုင်ပွဲ ကျင်းပဖြစ်လျှင် ဖြေဆိုသူများ ကြိုတင်သိရှိ လေ့ကျင့်နိုင်ရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ တစ်ဖက်တွင်လည်း မော်လမြိုင်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် လမ်းညွှန်စာအုပ်များကို လှူဒါန်းပြီး ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများ၊ ရုံးသူ၊ ရုံးသားများ လမ်းညွှန်စာအုပ် အကူအညီဖြင့် ပိဋကတ်မြန်မာပြန်များ ဖတ်ရှုကြရန် ညှိနှိုင်းတိုက်တွန်း အားပေးခဲ့ပါသည်။

ပညာတတ် ကျောင်းသူ၊ ကျောင်းသား၊ လူငယ်၊ လူရွယ်၊ ပညာတတ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား မိဘများ အသိုင်းအဝိုင်းမှတစ်ဆင့် ပိဋကတ်စာပေ ပိဋကတ်မြန်မာပြန် ဖတ်ရှုလေ့လာမှုများကို ဤသို့ စတင် ဆောင်ရွက်ကြပါလျှင် နီးစပ်ရာ ဗုဒ္ဓဘာသာဝင် ခမ္မမိတ်ဆွေများအကြား မကြာမီ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိ ကျင့်သုံးလာမည်ဟု ယုံကြည်ပါသည်။



www.thitsarparamisociety.com/

www.thitsarparami.org/

## ❀ သတ္တဝါမှန်သမျှ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ ❀

ပိဋကတ် မြန်မာပြန် လမ်းညွှန်စာအုပ်၏ အကူအညီဖြင့် ပိဋကတ်မြန်မာပြန် စာအုပ်များတွင် ပါရှိသော ဖတ်ရှုလိုသည့် အကြောင်းအရာများကို လွယ်လင့်တကူ ရှာဖွေဖတ်ရှု သိရှိလာကြပြီးလျှင် နောက်တစ်ဆင့်တက်၍ သုတ္တန်တစ်ခုလုံး၊ တရားတစ်ပုဒ်လုံးကို ဖတ်ရှုလိုသည့် ဆန္ဒပြည့်ဝရန်လည်း ဆောင်ရွက်ထားပါသည်။

ပိဋကတ် မြန်မာပြန် စာအုပ်များထဲမှ "အထူးဖတ်ရှု မှတ်သားဖွယ်ရာ သုတ္တန်များနှင့် တရားတော်များ" အမည်ဖြင့် စာအုပ်ငယ် တစ်အုပ်ကို ဓမ္မဒါနအဖြစ် အခမဲ့ ပြုစုထုတ်ဝေ ဖြန့်ချိနေပါသည်။ ပထမအသုတ်အဖြစ် ပိဋကတ် မြန်မာပြန်စာအုပ် (၉) အုပ်တွင် ပါရှိသော အထူးဖတ်ရှုမှတ်သားဖွယ် တရားတော်များ၏ အကျဉ်းချုပ် အကြောင်းအရာ၊ စာအုပ်အမည်၊ သုတ္တန်အမည်နှင့် စာမျက်နှာတို့ကို ဖော်ပြထားပါသည်။

မိမိ ဖတ်ရှုလိုသည့် အကျဉ်းချုပ်အကြောင်းအရာနှင့် ယှဉ်တွဲဖော်ပြထားသော စာအုပ်နှင့် စာမျက်နှာအရ သုတ္တန်ပါ တရားတော်များကို လွယ်ကူစွာ ရှာဖွေတွေ့ရှိ ဖတ်ရှုနိုင်ပါသည်။

ပထမအသုတ် ပိဋကတ် မြန်မာပြန် (၉) အုပ်မှာ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်နှင့် သံယုတ္တနိကာယ်တို့မှ (၃) အုပ်စီ၊ ပေါင်း (၉) အုပ် ဖြစ်ပါသည်။ သုတ်ပေါင်း (၁၆၀) ကို ဖော်ပြထားပါသည်။

အင်္ဂုတ္တရနိကာယ်မှ (၃) အုပ်၊ ခုဒ္ဒကနိကာယ်မှ ပုဂ္ဂလပညတ် မြန်မာပြန်နှင့် ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ် မြန်မာပြန်များကို ယခုနှစ် ဝါမဝင်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

(စာအုပ်ငယ်ကို အခမဲ့ အလှူခံလိုသူများ ဖုန်း ၀၉-၇၇၃၆၄၈၅၉၅ ကို ဆက်သွယ်ကြပါ။)

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ၊ ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မများကို သိရှိလိုက်နာ ကျင့်သုံးခြင်းဖြင့် ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရရှိနိုင်ရေး လုပ်ငန်းစဉ်များတွင် ရှိသမျှ ခွန်အားနှင့် သဒ္ဓါစွမ်းအားကို အသုံးချပြီး ဆောင်ရွက်နေမည်သာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။


- မြတ်ဗုဒ္ဓ၏ ဓမ္မရောင်ခြည် ကမ္ဘာပေါ်တွင် ပိုမိုထွန်းလင်း တောက်ပပါစေ။
- ကမ္ဘာသူ ကမ္ဘာသား အားလုံး သိမ္မဝိဇ္ဇာ အလင်းရောင်နှင့် ပြည့်စုံနိုင်ကြပါစေ။
- သတ္တဝါမှန်သမျှ တရားတွေ့ ချမ်းမြေ့သာယာ ရှိပါစေ။

အရှင်နေမိန္ဒ
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်။



www.thitsarparamisociety.com/

www.thitsarparami.org/



အရှင်နေမိန္ဒ

www.thitsarparamisociety.com/

❀ သတ္တဝါမှန်သမျှ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ ❀

## အလှူရှင်စာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | အရှင်ကောဏ္ဍည၊ သုခဇေယျကျောင်းတိုက်၊ ညောင်တုန်းမြို့နယ်။ | ၁၀၀၀၀ |
| ၂။ | အရှင်နေမိန္ဒ | ၁၀၀၀၀၀ |
| ၃။ | အရှင်ခေမာသီရိ၊ ဆည်ရွာကျောင်းတိုက်၊ ပျော်ဘွယ်မြို့။ | ၁၀၀၀၀၀ |
| ၄။ | ဦးမြင့်သန်းနှင့် ဒေါက်တာတင်တင်လတ်၊ သား မောင်ဇော်လင်းထွန်း မိသားစု ရန်ကင်းမြို့နယ်။ | ၃၀၀၀၀၀ |
| ၅။ | ဒေါက်တာဗညားအောင်မိုးနှင့် ဇနီး မိသီတာစိုး၊ နေပြည်တော်။ | ၁၀၀၀၀၀ |
| ၆။ | ဦးလှစိုးနှင့် ဇနီးဒေါ်ခင်မျိုးသူမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၇။ | နိုင်ဝင်းတည် နှင့်ဇနီးဒေါ်နုနု မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၈။ | (Dr. ဦးကိုလေး)နှင့်ဇနီး ဒေါ်အုန်းရီ မိသားစု၊ ကမာဝက်မြို့၊ မွန်ပြည်နယ်။ | ၁၀၀၀၀၀ |
| ၉။ | နိုင်ကျော်ထွန်း နှင့် ဇနီး ဒေါ်ယုမိသားစု၊ ကမာဝက်မြို့၊ မွန်ပြည်နယ်။ | ၁၀၀၀၀၀ |
| ၁၀။ | ဒေါ်အေးချစ်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၁။ | (ဦးသန်းနှင့် ဒေါ်ခင်မိ) မိခင်နှင့် ဖခင်တို့အား ရည်စူး၍ ဒေါ်ညွန့်ညွန့်သန်း (B.Com., CPA, RA) (N Nyunt Than & Group Audit)နှင့် ဦးမောင်မောင်သန်း မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၂။ | ဦးသာရှိန် နှင့် ဇနီးဒေါ်မြသိ မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၃။ | ဦးကျော်သူရ နှင့်ဇနီး ဒေါ်ချိုချိုသိန်း၊ သမီး ယွန်းမိမိကျော်၊ သား မောင်အဲမွန်ဒရာ မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၄။ | နိုင်အုန်းမြိုင်နှင့် ဇနီး ဒေါ်အိမ်မှီ မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၅။ | ဦးနေလင်းအောင် နှင့် ဒေါ်ယုယုဌေး၊ သား မောင်ကောင်းဇေယျလင်း မိသားစု ချမ်းမြေ့သာကုမ္ပဏီ၊ မရမ်းကုန်းမြို့နယ်။ | ၁၀၀၀၀၀ |
| ၁၆။ | ဦးလှရီ နှင့် ဒေါ်စန်းရီ၊ သား ကိုမိုးမင်းလတ် မိသားစု၊ ပဲခူးမြို့။ | ၁၀၀၀၀၀ |

❀သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်ရမည် ❀

အလှူရှင်စာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁၇။ | နိုင်ရွှေအိုးနှင့် ဒေါ်ဖွားမေအား ရည်စူး၍ သားသမီးများ၊ သံဖြူဇရပ်မြို့ | ၁၃၀၀၀၀ |
| ၁၈။ | နိုင်သာဇံအားရည်စူး၍ဒေါ်ခင်အေး၊ ဒေါ်မွေးတင်၊ သံဖြူဇရပ်မြို့ | ၁၀၀၀၀၀ |
| ၁၉။ | ဦးချစ်ကိုနှင့် (ဒေါ်မြင့်မြင့်သန်း) မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀၀ |
| ၂၀။ | (ဦးထိန်လင်းဦး) နှင့် ဇနီး ဒေါ်ကြူကြူမွေး၊ ရန်ကုန်မြို့။ | ၅၀၀၀၀ |
| ၂၁။ | ဒေါ်သန်းသန်းဝင်း မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀၀ |
| ၂၂။ | ဦးသူရနှင့် ဇနီး ဒေါ်ဆွေဆွေတင်၊ ရန်ကုန်မြို့။ | ၅၀၀၀၀ |
| ၂၃။ | ဦးအောင်ကြီးနှင့် ဇနီး ဒေါ်ယဉ်မျိုးအေး၊ ရန်ကုန်မြို့။ | ၅၀၀၀၀ |
| ၂၄။ | ဒေါ်နီနီ၊ ရန်ကုန်မြို့။ | ၃၀၀၀၀ |
| ၂၅။ | ဒေါ်ခင်စန်းရီ မိသားစု၊ ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၂၆။ | ဒေါ်သီတာအေး၊ ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၂၇။ | ဒေါ်စန်းရီ၊ မလှိုင်မြို့။ | ၁၀၀၀၀ |
| ၂၈။ | ဒေါ်သန်းသန်းနု၊ ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၂၉။ | ဒေါ်မိမိခိုင်၊ ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၃၀။ | ဒေါ်အေးအေးမြင့်၊ ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၃၁။ | ဒေါ်ခင်သန်းဝင်း၊ ဝမ်းဘဲအင်းရွာ၊ ပဲခူးမြို့နယ်။ | ၁၀၀၀၀ |
| ၃၂။ | ဒေါ်ငွေငွေဝင်း၊ ဝမ်းဘဲအင်းရွာ၊ ပဲခူးမြို့နယ် | ၁၀၀၀၀ |
| ၃၃။ | ဒေါ်ဆွေဆွေဝင်း၊ တောင်ကြီးမြို့။ | ၁၀၀၀၀ |
| ၃၄။ | ဒေါ်အေးကြည်၊ သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၃၅။ | ဒေါ်မြဝင်း၊ သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၃၆။ | ဒေါ်ဇာဇာဦး၊ သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၃၇။ | ဒေါ်ခင်မြတ်ညို၊ သံဖြူဇရပ်မြို့ | ၅၀၀၀ |
| ၃၈။ | ဒေါ်နှင်းမို့မို့၊ သံဖြူဇရပ်မြို့ | ၅၀၀၀ |